ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာအနိုပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနိုပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်၊ သောကြာနေ့။ Friday, 1 October 2021 ၁၀၅၁၃

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီမှ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊
ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်
၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်
(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်)

Coronavirus Disease 2019 (COVID-19) ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးထားသည့်ကိစ္စရပ်များမပါ) အား ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# အောက်တိုဘာလ ကျောင်းပိတ်ရက်ရှည်ကာလအလွန်တွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်လျက်ရှိ

## စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ အားလုံးကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပြည့်အဝထိုးနှံပေးသွားရန်လို

**နေပြည်တော် စက်တင်ဘာ ၃၀**

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ အလယ်တန်း၊ အထက်တန်း အသက်(၁၂)နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူများအား ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါကာကွယ်ဆေးထိုးနှံပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာအစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်သက်သက်ခိုင်၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ◆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ အလယ်တန်း၊ အထက်တန်း အသက်(၁၂)နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူများအား ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ယနေ့ ဖတ်စရာ

နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း — စာမျက်နှာ ၈

ဘာသာရေးကို နိုင်ငံရေးလက်နက်အဖြစ် အသုံးမချပါနဲ့ — စာမျက်နှာ ၆

လက်ဆင့်ကမ်းစွမ်းရည် — စာမျက်နှာ ၁၉

ကြေးမုံ

# မိမိတို့အကျိုးစီးပွား၊ နိုင်ငံအကျိုးစီးပွားအလေးထား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁) တွင် “ဆီဝယ်ယူတင်သွင်းမှုပမာဏအရ ပြည်တွင်းထွက် စားသုံးဆီမပါ အရွယ် ရောက်သူတစ်ဦးအနေဖြင့် တစ်နှစ် ဆီစားသုံးမှုမှာ ၁၀ ပိဿာကျော်ခန့်ရှိသည်ကို တွက်ချက်မှုများအရသိရသဖြင့် တစ်ဦးချင်းဆီစားသုံးမှုကို လျှော့ချကြရန်လိုပြီး ကျန်းမာရေးနှင့်လျော်ညီသည့် ဆီစားသုံးမှုများ ရှိရန်လိုကြောင်း၊ ပြည်တွင်း၌ ဆီဖူလုံစွာထုတ်လုပ်နိုင်ပြီး ဆီစားသုံးမှုများကို လျှော့ချနိုင်မည်ဆိုပါက ပြည်ပမှ စားသုံးဆီတင်သွင်းမှုကို လျှော့ချနိုင်ပြီး နိုင်ငံ၏နိုင်ငံခြားငွေသုံးစွဲမှုများကို လျှော့ချ နိုင်မည်ဖြစ်ကြောင်း၊ ဆီစားသုံးမှု လျှော့ချနိုင်ရေးအတွက် ပြည်သူများအား အသိ ပညာပေးသည့်လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများက ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်လိုကြောင်း” ပြောကြားခဲ့သည်။

နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ပြည်ပပို့ကုန်တိုးတက်ရရှိရေးကို နိုင်ငံတိုင်း က ကြိုးစားနေကြသည်။ မြန်မာနိုင်ငံတွင် ပြည်ပမှသွင်းကုန်များကို အသေးအဖွဲမှအစ မှီခိုအားထားနေရသဖြင့် ကုန်သွယ်မှုလိုငွေ အစဉ်ပြလျက်ရှိသည်။ လိုငွေပြရခြင်း အကြောင်းမှာ ပြည်ပမှစားအုန်းဆီနှင့် ဘိလပ်မြေကို အများဆုံးပိုမိုတင်သွင်းခဲ့ ကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် စားသုံးဆီနှင့် ဘိလပ်မြေကို ထုတ်လုပ်နိုင်ပါ သော်လည်း ပြည်ပမှနှစ်စဉ်တင်သွင်းနေရခြင်းမှာ မေးခွန်းထုတ်စရာဖြစ်သည်။ ကုန်သွယ်မှုပိုငွေပြနိုင်ရန်အတွက် အဆိုပါကုန်ပစ္စည်းနှစ်မျိုး သုံးစွဲမှု၊ ထုတ်လုပ်မှုနှင့် ပတ်သက်၍ နိုင်ငံအကျိုးစီးပွားအတွက် ဆင်ခြင်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်ဝန်ကြီး ချုပ်က လမ်းညွှန်အသိပေးစကားပြောကြားခဲ့သည်။

စားအုန်းဆီသည် ကျန်းမာရေးနှင့်ညီညွတ်မှု အားနည်းမှန်းသိသော်လည်း တွက်ခြေကိုက်မှုတစ်ခုတည်းကို ရှေးရှု၍ ပြည်ပမှ နှစ်စဉ်ပိုမိုတင်သွင်းနေမှုကြောင့် နိုင်ငံခြားငွေ ပိုမိုကုန်ကျပြီး ပြည်သူများ၏ကျန်းမာရေးကို ထိခိုက်မှုဖြစ်စေလျက် ရှိသည်။ ထို့ကြောင့် နိုင်ငံခြားငွေ အပိုမကုန်ကျရေး၊ ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်ရေးအတွက် နိုင်ငံသားအားလုံးက အမျိုးသားရေးအသိဖြင့် ဝိုင်းဝန်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဘိလပ်မြေနှင့် ပတ်သက်၍လည်း ပြည်တွင်း၌ ဘိလပ်မြေထုတ်လုပ်နိုင်ပြီး ပြည်တွင်းထုတ်ဘိလပ်မြေသည် အဆင့်အတန်းမီ သဖြင့် ထုတ်လုပ်မှုတိုးတက်အောင်ဆောင်ရွက်ပြီး သုံးစွဲကြရန်လိုအပ်သည်။ မြန်မာ နိုင်ငံမှထုတ်လုပ်သော မြင်းခေါင်းတံဆိပ်ဘိလပ်မြေသည် လူကြိုက်များသည်။ ပြည်တွင်းထုတ်ကုန် ပြည်တွင်း၌ သုံးစွဲနိုင်ရန်အတွက် ထုတ်လုပ်မှုကိုမြှင့်တင်နိုင် ပြီး သုံးစွဲသူနှင့် ကုန်သည်များမှာ အဓိကကျသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးနှင့်ပတ်သက်၍ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှ ၂၀၂၁ ခုနှစ် ဇူလိုင်လအထိ ဘတ်ဂျက်ကာလ ၁၀ လအတွင်း ပို့ကုန် ၁၁ ဒသမ ၈၉၂ ဘီလီယံရှိပြီး သွင်းကုန်မှာ ၁၂ ဒသမ ၂၆၀ ဘီလီယံရှိကြောင်း သိရသည်။ စုစုပေါင်းကုန်သွယ်မှုတန်ဖိုးသည် ၂၁ ဒသမ ၁၅၃ ဘီလီယံရှိပြီး ကုန်သွယ်မှုလိုငွေ ၃၆၈ သန်းခန့်ရှိသည်။ ပြီးခဲ့သည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်နှင့်နှိုင်းယှဉ်လျှင် ကုန်သွယ်မှု ၂၂ ဒသမ ၃၈ ရာခိုင်နှုန်း ကျဆင်းသွားသည်။ ကုန်သွယ်မှုလိုငွေပြရခြင်း သည် အထက်ပါကုန်ပစ္စည်းနှစ်မျိုးကို ပိုမိုတင်သွင်းခဲ့သောကြောင့်ဖြစ်ပြီး အခြား ပြည်ပအဓိကပို့ကုန်များဖြစ်သော ဆန်စပါး၊ ငါး၊ ပုစွန် စသည့်ရေထွက်ပစ္စည်းများ တင်ပို့မှုမှာ လျော့နည်းကျဆင်းသွားသောကြောင့်လည်း ပါဝင်သည်။ ယနေ့ကာလ တွင် ငွေကြေးဂယက်ရိုက်ခတ်မှုကြောင့် နိုင်ငံခြားငွေဈေးနှုန်းများ အဆမတန် မြင့်မားနေရာ ပြည်ပမှ စားအုန်းဆီတင်သွင်းမှုကိုလျှော့ချပြီး ပြည်တွင်းစားသုံးဆီ များ ပိုမိုထုတ်လုပ်ကြရန်လိုအပ်သည်။ အချို့နိုင်ငံများတွင် ဆီမစားသောနိုင်ငံများ၊ ဆီလျှော့စားသောနိုင်ငံများလည်းရှိရာ မိမိတို့ကျန်းမာရေးနှင့် ထွက်ငွေလျှော့ချ ရေးအတွက် အတုယူစရာဖြစ်သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ပမှ စားအုန်းဆီတန်ချိန် ၇၆၈၀၀၀ ကျော်၊ ၂၀၁၈ ခုနှစ် မီနီဘတ်ဂျက်တွင် တန်ချိန် ၃၇၀၀၀၀ ကျော်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တွင် တန်ချိန် ၈၅၅၀၀၀ ကျော်၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တန်ချိန် ၈၈၈၀၀၀ ကျော်နှင့် ယခုဘဏ္ဍာနှစ် စက်တင်ဘာလ ၁၇ ရက်အထိ တန်ချိန် ၇၉၀၀၀၀ ခန့် နှစ်စဉ်တင်သွင်းခဲ့သည်။ ပြည်သူများအနေဖြင့် ကျန်းမာရေးကို သတိမမူ၊ ဈေး သက်သာပြီး တွက်ခြေကိုက်မှုကိုသာ ဦးစားပေးခဲ့ကြသဖြင့် စားအုန်းဆီကို တစ်နှစ် ထက်တစ်နှစ် ပိုမိုတင်သွင်းလာသည်ကိုတွေ့ရှိရာ ပြည်သူများ၏ ကျန်းမာရေးနှင့် နိုင်ငံခြားငွေ ပိုမိုကုန်ကျမှုအတွက် စိုးရိမ်ဖွယ်ရာဖြစ်သည်။ ဆီစားသုံးမှုကို မလျှော့ နိုင်သော မြန်မာနိုင်ငံတွင် စားအုန်းဆီအသုံးပြုမှုကို သတိပြုပြီး စနစ်တကျခြိုးခြံ ချွေတာ သုံးစွဲကြရန်လိုအပ်သည်။ မိမိတို့ဆန္ဒထက် နိုင်ငံ့အကျိုးစီးပွား၊ မိမိတို့အကျိုး စီးပွားကို အလေးထားရန် တိုက်တွန်းအပ်ပါကြောင်း။ ။




## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၃၀**

တနင်္သာရီတိုင်းဒေသကြီး ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

## မအူပင်မြို့၌ လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့ ဆိုင်းဘုတ်စိုက်ထူ

**မအူပင် စက်တင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် တလုပ်လပ် အနောက်ကျေးရွာအုပ်စု မြို့ရောင်လမ်းရှိ မြို့နယ်လဝက ရုံးရှေ့၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ပန်းခင်းစီမံချက်အား အများပြည်သူများသိရှိစေရန် ဆိုင်းဘုတ်စိုက်ထူခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကျင်းပကြောင်း သိရသည်။

အောင်ခိုင်၊ အောင်မြင့်မြတ် (မအူပင်)



## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃၀ - ၉ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၈၀၀ | ၂,၆၃၁ | ၂၃,၁၅၂,၈၀၀ |
| MTSH | ၃,၂၀၀ | ၃,၂၀၀ | ၄၆ | ၁၄၇,၂၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၅ | ၄၀,၀၀၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၀ | ၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၁၂၀ | ၃၂၄,၀၀၀ |
| EFR | ၂,၉၅၀ | ၂,၉၅၀ | ၇၄ | ၂၁၆,၅၅၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၆ | ၃၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၃၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၉၂၇.၁ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၃၆.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၉၈.၁၁ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၆.၉၆၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၀.၁၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၉၅၉ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၈၈.၅ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၄၁၅.၈ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၇၂၁.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၂.၇၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယု၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံ၏ဂုဏ်သိက္ခာနှင့်အညီ ဆောင်ရွက်

**မိမိတို့နိုင်ငံသည် အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ သို့သော်လည်း နိုင်ငံတကာနှင့် ဆက်ဆံရာတွင် နိုင်ငံ၏ဂုဏ်သိက္ခာနှင့်အညီ ဆောင်ရွက်နေခြင်းကို အချို့သောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများက မျက်ကွယ်ပြု၍ဆောင်ရွက်နေကြကြောင်း၊ ပြည်ပနိုင်ငံများနှင့် နယ်နိမိတ်ထိစပ်နေသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများအနေဖြင့် နယ်စပ်ဒေသဆက်ဆံရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ဂုဏ်သိက္ခာကို ထိန်းသိမ်းပြီး နိုင်ငံတကာ ကတိကဝတ်၊ သဘောတူညီချက်များနှင့်အညီ ပြောဆိုပြုမူဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နိုင်ငံ၏ ဂုဏ်သိက္ခာကို ထိခိုက်စေမည့် ကိစ္စရပ်များကို ရှောင်ရှားကြရန် လိုအပ်ကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

◆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် မကြာမီ ဖွင့်လှစ်မည့် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆောင်ရွက်သင့်သည့်အချက်များ၊ ကာကွယ်ဆေးအား ရရှိသည့်ဆေးအရေအတွက်များအလိုက် ထိုးနှံပေးနိုင်မည့် အခြေအနေများနှင့် မြန်မြန်ဆန်ဆန် ကာကွယ်ဆေးထိုးနှံနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့်အချက်များ ဆွေးနွေးနိုင်ရန် ယခုအစည်းအဝေး ကျင်းပခြင်းဖြစ်ကြောင်း၊ ကိုဗစ်-၁၉ တတိယလှိုင်းကာလအတွင်း ယမန်နေ့ ကမ္ဘာတစ်ဝန်း ထပ်မံကူးစက်မှုအနေဖြင့် လေးသိန်းကျော်ရှိခဲ့ပြီး သေဆုံးမှု ၈၈၀၀ ခန့် ရှိခဲ့ကြောင်း၊ သို့ဖြစ်၍ လက်ရှိကာလအထိ တစ်ကမ္ဘာလုံး ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု စက်တင်ဘာ ၃၀ ရက်အထိ ၂၃၄ သန်းကျော်ရှိပြီး ၄ ဒသမ ၇ သန်းကျော် သေဆုံးခဲ့သည်ကိုတွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံတွင် ယမန်နေ့အထိ စာရင်းများအရ ပိုးကူးစက်ပြန့်ပွားမှုအနေဖြင့် ၈ ဒသမ ၃ ရာခိုင်နှုန်းအထိ ကူးစက်မှုရှိနေသေးကြောင်း၊ ကိုဗစ်-၁၉ ရောဂါ၊ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ရည်မှန်းချက်နှင့် နိုင်ငံတကာစံနှုန်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO ၏ သတ်မှတ်ချက်များအရ ရောဂါကူးစက်မှုနှုန်း ငါးရာခိုင်နှုန်းအောက်မှ လုံးဝကူးစက်မှုမရှိတော့သည့်အထိ ကျဆင်းရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအကုန်တွင် မြန်မာနိုင်ငံအတွင်းရှိ အသက် ၁၈ နှစ်အထက် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးနှံပြီးဖြစ်အောင် ရည်မှန်းချက်ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း။

> ✻ **ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ကူးစက်ပြန့်ပွားမှုသည် တစ်ကမ္ဘာလုံး အတိုင်းအတာနှင့် ဖြစ်ပွားခဲ့ပြီး မိမိတို့နိုင်ငံကိုပါ ကူးစက်မှုများပြားလာသည့်အတွက် စာသင်ကျောင်းများကို ပြန်လည်၍ ယာယီပိတ်ခဲ့ရ**
>
> ✻ **ယခုအခါ ရောဂါပိုး ကူးစက်ပြန့်ပွားမှုနှုန်းသည် ယခင်ကလောက် မပြင်းထန်တော့ဘဲ ပိုးကူးစက်မှုရာခိုင်နှုန်းသည် နေ့စဉ် စစ်ဆေးသည့်ပမာဏ၏ ၈ ရာခိုင်နှုန်းနှင့် ၇ ရာခိုင်နှုန်းခန့်အထိ ကျဆင်းလာသည့်အတွက် ကျောင်းသား ကျောင်းသူများ၏ စာသင်နှစ် တစ်နှစ် နှစ်နာမှုမရှိစေရေး အမြန်ဆုံး ကျောင်းပြန်လည် တက်ရောက်နိုင်ရန် စဉ်းစားဆောင်ရွက်လျက်ရှိ**

မိမိတို့ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီကလည်း ချမှတ်ထားသည့် ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များနှင့် ပေါင်းစပ်ပြီး ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီဥက္ကဋ္ဌက မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများ၏ ပညာသင်ယူခွင့် တစ်နှစ် ဆုံးရှုံးမှုမရှိစေရေးအတွက် စာသင်ကျောင်းများကို ပြန်လည်ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ သို့ရာတွင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ကူးစက်ပြန့်ပွားမှုသည် တစ်ကမ္ဘာလုံးအတိုင်းအတာနှင့် ဖြစ်ပွားခဲ့ပြီး မိမိတို့နိုင်ငံကိုပါ ကူးစက်မှုများပြားလာသည့်အတွက် စာသင်ကျောင်းများကို ပြန်လည်၍ ယာယီပိတ်ခဲ့ရပါကြောင်း၊ ယခုအခါ ရောဂါပိုးကူးစက်ပြန့်ပွားမှုနှုန်းသည် ယခင်ကလောက် မပြင်းထန်တော့ဘဲ ပိုးကူးစက်မှုရာခိုင်နှုန်းသည် နေ့စဉ် စစ်ဆေးသည့် ပမာဏ၏ ၈ ရာခိုင်နှုန်းနှင့် ၇ ရာခိုင်နှုန်းခန့်အထိ ကျဆင်းလာသည့်အတွက် ကျောင်းသား ကျောင်းသူများ၏ စာသင်နှစ် တစ်နှစ် နှစ်နာမှုမရှိစေရေး အမြန်ဆုံး ကျောင်းပြန်လည် တက်ရောက်နိုင်ရန် စဉ်းစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမခံရစေရန်နှင့် ကျန်းကျန်းမာမာဖြင့် စာပေသင်ကြားနိုင်ရန် ရည်ရွယ်၍ အောက်တိုဘာလ ကျောင်းပိတ်ရက်ရှည်ကာလအလွန်တွင် ပြန်လည်ဖွင့်လှစ်နိုင်အောင် ဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအားလုံးကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပြည့်အဝထိုးနှံပေးသွားရန် လိုကြောင်း၊ ကာကွယ်ဆေး ထိုးနှံပြီးစီးမှသာလျှင် ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် ဆရာ ဆရာမများ အပြန်အလှန် ယုံကြည်စိတ်ချစွာဖြင့် ပညာသင်ကြားနိုင်မည်ဖြစ်ပါကြောင်း။

> ✻ **၂၀၂၁ ခုနှစ် ဒီဇင်ဘာလအကုန်တွင် မြန်မာနိုင်ငံအတွင်းရှိ အသက် ၁၈ နှစ်အထက် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကို ကာကွယ်ဆေး ထိုးနှံပြီးဖြစ်အောင် ရည်မှန်းချက်ချမှတ်ဆောင်ရွက်လျက်ရှိ**
>
> ✻ **ကာကွယ်ဆေး ထိုးနှံပြီးစီးမှသာလျှင် ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် ဆရာ ဆရာမများ အပြန်အလှန် ယုံကြည်စိတ်ချစွာဖြင့် ပညာသင်ကြားနိုင်မည်**
>
> ✻ **ကာကွယ်ဆေး ထိုးနှံမှုလုပ်ငန်းများ အမြန်ဆုံး ပြီးမြောက်အောင်မြင်ရေးနှင့် စာရင်းဇယားများ မှန်ကန်စေရေးတို့အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက် ဆွေးနွေးပေးသွားရန် လိုအပ်**

## ပူပန်စိုးရိမ်မှုမရှိဘဲ ထိုးနှံနိုင်မည်

ကာကွယ်ဆေးထိုးနှံမှု လုပ်ငန်းများ အမြန်ဆုံး ပြီးမြောက်အောင်မြင်ရေးနှင့် စာရင်းဇယားများ မှန်ကန်စေရေးတို့အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ဆွေးနွေးပေးသွားရန်လိုအပ်ကြောင်း၊ ကိုဗစ်ရောဂါ ကူးစက်ပြန့်ပွားမှု ပြီးဆုံးမည့်ကာလကို တိတိကျကျ သတ်မှတ်၍မရကြောင်း၊ ၎င်းအပြင် ကာကွယ်ဆေးထိုးနှံမှုနှင့် ပတ်သက်၍လည်း ခြောက်လတစ်ကြိမ် ထပ်မံထိုးနှံရန်လိုအပ်သည်ဟု အကြံပြုချက်များလည်း ရှိနေပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အစိုးရအဖွဲ့အနေဖြင့် ကာကွယ်ဆေး စဉ်ဆက်မပြတ်ရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကာကွယ်ဆေးများ စဉ်ဆက်မပြတ်ရရှိနေစေရေးအတွက် မိမိနိုင်ငံတွင် ကာကွယ်ဆေးအား Ready to Fill စနစ်ဖြင့် ထုတ်လုပ်နိုင်အောင် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ယခုနှစ်မကုန်မီ ထုတ်လုပ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ကာကွယ်ဆေးထိုးနှံမှုအား ခြောက်လတစ်ကြိမ် ပူပန်စိုးရိမ်မှုမရှိဘဲ ထိုးနှံနိုင်မည်ဖြစ်ပြီး ကူးစက်မှုကိုလည်း အတိုင်းအတာ တစ်ခုအထိ ကာကွယ်သွားနိုင်မည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ညှိနှိုင်းတိုင်ပင်မှုများ ဆောင်ရွက်ရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကြက်ခြေနီအဖွဲ့များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများ၊ အမျိုးသမီးရေးရာအဖွဲ့များ စသည့်တို့မှလည်း ပါဝင်ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ်များအလိုက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဖွဲ့စည်းပေးမည့် အဖွဲ့များအပြင် ကျောင်းဆရာ ဆရာမများ ပူးပေါင်း၍ ဆောင်ရွက်ပါက သွက်လက်မြန်ဆန်စွာဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အစိုးရအဖွဲ့အသီးသီးကလည်း လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်နှင့် ပူးပေါင်းချိတ်ဆက်၍ လျင်မြန်စွာ ထိုးနှံနိုင်ရေး ဆောင်ရွက်ပေးသွားရန် လိုအပ်ပါကြောင်း၊ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို မြန်မြန်ဆန်ဆန်၊ လုံလုံခြုံခြုံပြီးမြောက်စေရေးနှင့် စနစ်တကျ စာရင်းဇယား ပြုစုနိုင်ရေးတို့အတွက် ဝိုင်းဝန်းဆွေးနွေး ဆောင်ရွက်ပေးကြရန်လိုကြောင်း ပြောကြားသည်။

## ဖြည့်စွက်ဆွေးနွေး

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကာကွယ်ဆေးထိုးနှံရာတွင် ကူညီဆောင်ရွက်ပေးမည့် စီမံချက်ကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက တစ်နိုင်ငံလုံးရှိ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံမှု၊ ကျောင်းတက်ရောက်မှုကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက Sinovac ကာကွယ်ဆေး ထိုးနှံပေးမည့် စီမံချက်ကိုလည်းကောင်း ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက ကဏ္ဍအလိုက် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများက တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအတွင်းရှိ ကျောင်းအပ်နှံခဲ့သည့် အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူအင်အားနှင့် တက်ရောက်ခဲ့သည့် အင်အားများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်က ပညာရေးဝန်ကြီးဌာနရှိ စာရင်းဇယားအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စာရင်းဇယားများ ကိုက်ညှိဆောင်ရွက်၍ ကျောင်းမဖွင့်လှစ်မီကာလအတွင်း ကာကွယ်ဆေးထိုးနှံနိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သို့မှသာ ကျောင်းများ ပြန်လည်ဖွင့်လှစ်စဉ်တွင် ကျောင်းသား ကျောင်းသူများအား **စာမျက်နှာ ၄ သို့ »»»**

»» စာမျက်နှာ ၃ မှ

ကူးစက်ပြန့်ပွားမှု ထိန်းချုပ်တားဆီးနိုင်မည်ဖြစ်၍ အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်လည်း လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရန်လိုကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသည့် ကျောင်းသား၊ ကျောင်းသူများအား စာရင်းရေးသွင်းရာတွင် အခက်အခဲနှင့် မှားယွင်းမှုမရှိစေရေး သက်ဆိုင်ရာဌာနများအလိုက် ပေါင်းစပ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအား ကာကွယ်ဆေးထိုးနှံပေးရာတွင် လိုက်နာရမည့် အချက်များအား မိဘများပါ သိရှိစေရန်အတွက် ကြိုတင်လှုံ့ဆော်ခြင်း၊ ဆေးထိုးသည့်နေရာများတွင် အသိပေးချက်များ ဖော်ပြခြင်းတို့ကို လုပ်ဆောင်သွားရန်လိုအပ်ကြောင်း ဖြည့်စွက်ပြောကြားသည်။

### ပြုစုတင်ပြ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ကျောင်းသား၊ ကျောင်းသူများ၏ ရှိရင်းအင်အား၊ ကျောင်းအပ်နှံသည့်အင်အားနှင့် ကျောင်းတက်ရောက်ခဲ့သည့် စာရင်းဇယားများကို ပညာရေးဝန်ကြီးဌာနနှင့် ပြန်လည်တိုက်ဆိုင်စစ်ဆေး၍ နောက်ဆုံးအချက်အလက်များကိုစိစစ်၍ ပြုစုတင်ပြရန်လိုကြောင်း၊ စာရင်းဇယားများပြုစုရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စာရင်းချုပ်သာမကဘဲ မြို့နယ်များအတွင်းရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ပုဂ္ဂလိကကျောင်းများစသည့် ကျောင်းများအလိုက် စာရင်းများခွဲခြား၍ တင်ပြရန်လိုကြောင်း၊ ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း လုံခြုံရေးနှင့်ပတ်သက်၍ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပေါင်းစပ်ပြီး စနစ်တကျ ဖွဲ့စည်းဆောင်ရွက်ရန်လိုကြောင်း၊ ကာကွယ်ဆေးထိုးစင်တာများကို မြို့နယ်များအလိုက်ခွဲခြား၍ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ အလွယ်တကူ လာရောက်နိုင်သည့် ဆုံချက်ဗဟိုနေရာများတွင် ရွေးချယ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကာကွယ်ဆေးထိုးနှံပေးမည့် စီမံချက်များအား ထိရောက်စွာပြုစု၍ ပြန်လည်တင်ပြသွားရန် လိုအပ်ကြောင်း၊ ယခု ကျောင်းသား၊ ကျောင်းသူများအား ကာကွယ်ဆေးထိုးနှံပေးမှုကို တိကျစွာပြုစု၍ မှတ်တမ်းရေးသွင်းထားရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် ကာကွယ်ဆေးရရှိမှုအပေါ်မူတည်၍ ဆေးထိုးနှံပြီးစီးမှု၊ ကာကွယ်ဆေးကျန်ရှိမှု၊ ဆက်လက်ထိုးနှံမှုစသည်တို့ကို ကြည့်ရှုသုံးသပ်၍ ဆေးလက်ကျန်မရှိစေဘဲ အလေအလွင့်မရှိအောင်စီမံ၍ ကာကွယ်ဆေးထိုးနှံခြင်းကို ပြီးစီးအောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

**✻ ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်း ဒယ်လ်တာပိုး ကူးစက်ပြန့်ပွားမှုတွင် နိုင်ငံအချို့ရှိ ကလေးသူငယ်အချို့ကို ကူးစက်ပြန့်ပွားမှုဖြစ်ပေါ်ခဲ့ပြီး တရုတ်နိုင်ငံထုတ်** Sinovac **ကာကွယ်ဆေးကို ထိုးနှံထားခြင်းဖြင့် ကလေးသူငယ်များအား ဘေးထွက်ဆိုးကျိုးနည်းပါးစွာဖြင့် ကာကွယ်ဆေးထိုးနှံနိုင်ခြင်း၊ ရောဂါအား ပြင်းထန်စွာခံစားရမှုကို ထိထိရောက်ရောက် လျှော့ကျနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရှိ**

**✻ ယခုအခါ အဆိုပါ** Sinovac **ကာကွယ်ဆေးကို ကလေးငယ်နှင့် လူငယ်များအား ထိုးနှံပေးလျက်ရှိ**

ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်း ဒယ်လ်တာပိုး ကူးစက်ပြန့်ပွားမှုတွင် နိုင်ငံအချို့ရှိ ကလေးသူငယ်အချို့ကို ကူးစက်ပြန့်ပွားမှုဖြစ်ပေါ်ခဲ့ပြီး တရုတ်နိုင်ငံထုတ် Sinovac ကာကွယ်ဆေးကို ထိုးနှံထားခြင်းဖြင့် ကလေးသူငယ်များအား ဘေးထွက်ဆိုးကျိုးနည်းပါးစွာဖြင့် ကာကွယ်ဆေးထိုးနှံနိုင်ခြင်း၊ ရောဂါအား ပြင်းထန်စွာခံစားရမှုကို ထိထိရောက်ရောက် လျှော့ကျနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရှိကြောင်း၊ ယခုအခါ အဆိုပါ Sinovac ကာကွယ်ဆေးကို ကလေးငယ်နှင့် လူငယ်များအား ထိုးနှံပေးလျက်ရှိရာ တရုတ်နိုင်ငံ၌ အသက်(၃)နှစ်မှ (၁၇)နှစ်ကြား ၆၃ သန်းအား လည်းကောင်း၊ ချီလီနိုင်ငံ၌ အသက်(၁၂)နှစ်မှ (၁၇)နှစ်ကြားရှိ တစ်သန်းတစ်သိန်းကျော်အား လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ၌ အသက် (၆)နှစ်မှ (၁၇)နှစ်ကြား သုံးသိန်းငါးသောင်းကျော်အား လည်းကောင်း ထိုးနှံခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုကိစ္စများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ စွမ်းရည်မြှင့်တင်ရေးကဏ္ဍတွင် ငွေကြေး၊ နည်းပညာနှင့် လေ့ကျင့်ရေးဆိုင်ရာ ထောက်ပံ့အကူအညီပေးရေး ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၃၀**

အာဆီယံ၏ နိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း(APSC)မဏ္ဍိုင်မှ (၁၅)ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေး (15th AMMTC)၏ ဆက်စပ်အစည်းအဝေးများကို ဘရူနိုင်းဒါရုဆလမ်နိုင်ငံက အိမ်ရှင်အဖြစ် ဦးဆောင်၍ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ဆက်လက်ကျင်းပသည်။




အခမ်းအနားသို့ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် ဆွေးနွေးဖက် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့မှ AMMTC ခေါင်းဆောင်/ဝန်ကြီးအဆင့်များနှင့် အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်နှင့် ရုံးအဖွဲ့များ တက်ရောက်သည်။ မြန်မာနိုင်ငံမှ AMMTC ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်ဦးဆောင်၍ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများက နေပြည်တော်ရှိ အစည်းအဝေးခန်းမမှ ပါဝင်တက်ရောက်သည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

အစည်းအဝေးများတွင် သမားရိုးကျမဟုတ်သော လုံခြုံရေးကိစ္စရပ်များနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးတွင် အစွန်းရောက်မှုများနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများ တိုက်ဖျက်ရေး၊ ဆွေးနွေးဖက်နိုင်ငံများမှ စွမ်းရည်မြှင့်တင်ရေးကဏ္ဍတွင် ငွေကြေး၊ နည်းပညာနှင့် လေ့ကျင့်ရေးဆိုင်ရာ ထောက်ပံ့အကူအညီပေးရေး အစီအစဉ်များ၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးတွင် ဖြစ်နိုင်ခြေရှိသော လုပ်ငန်းနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

8th AMMTC + China ညှိနှိုင်းဆွေးနွေးမှုအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးရာဝန်ကြီးဌာန အမြဲတမ်းဒုတိယဝန်ကြီး Mr. Du Hangwei (မစ္စတာတုဟန်းဝေ)တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့သည်။ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က ဒေသတွင်း သမားရိုးကျမဟုတ်သည့် လုံခြုံရေးကိစ္စရပ်များကို အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံရှိ တရားဥပဒေစိုးမိုးရေး အာဏာပိုင်အဖွဲ့အစည်းများအကြား ထိရောက်လျင်မြန်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့် Focal Point တစ်ခု ထူထောင်ရေးနှင့်ပတ်သက်၍ ဆက်လက်ဆွေးနွေးအကောင်အထည်ဖော်ရေး၊ ငွေကြေးခဝါချမှုနှင့် တရားမဝင် ငွေကြေးစီးဆင်းမှုများ တိုက်ဖျက်ရေး၊ တရားမဝင် မူးယစ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်မှုသည် အာဆီယံဒေသအပေါ် ထိခိုက်မှုရှိသည့်အတွက် နယ်စပ်ဒေသစီမံခန့်ခွဲရေး ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ အကြမ်းဖက်မှု၊ လူကုန်ကူးမှု၊ တောရိုင်းတိရစ္ဆာန် တရားမဝင်ကုန်ကူးမှုနှင့် ဆိုက်ဘာမှုခင်းများသည် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အပေါ် များစွာ ထိခိုက်မှုများဖြစ်ပေါ်နေ၍ တားဆီးနှိမ်နင်းရေးတွင် လုပ်ငန်းစွမ်းရည်မြင့်မားစေရေး၊ တရားစီရင်ရေးဆိုင်ရာကဏ္ဍတွင် အပြန်အလှန် အကူအညီပေးရေး၊ မှုခင်းသတင်းအချက်အလက် ဖလှယ်ရေးတို့တွင် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

### ပိုမိုတိုးမြှင့်ဆောင်ရွက်ရန်လို

11th AMMTC + 3 (တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံများ) အစည်းအဝေးတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် နိုင်ငံတော်လုံခြုံရေးဗဟိုကော်မတီဥက္ကဋ္ဌ Dato Paduka Seri Haji Awang Halbi bin Haji Mohd Yussof က သဘာပတိအဖြစ် ဆောင်ရွက်သည်။ ယင်းအစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က ယခုအခါတွင် Telecom Fraud နှင့် Online Gambling တို့သည် နိုင်ငံတစ်နိုင်ငံထက်ပို၍ ဖြန့်ကြက်လာနေသည်ကို သတိပြုတွေ့ရှိရကြောင်း၊ နိုင်ငံဖြတ်ကျော်မှုခင်းသဘောသဘာဝရှိလာသော Telecom Fraud၊ Online Gambling တို့နှင့် ပတ်သက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် + ၃ နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နိုင်ငံခြားသား အကြမ်းဖက် တိုက်ခိုက်ရေးသမားများအပါအဝင် အကြမ်းဖက်သမားများ၏ လှုပ်ရှားသွားလာမှုကို ကြိုတင်သိရှိဟန့်တားနိုင်ရေးအတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် (၂၃၉၆)ပါ တိုက်တွန်းပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်သဖြင့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံများအနေဖြင့် ကူညီပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း၊ ၂၀၂၂ ခုနှစ်အတွင်း လူပုဂ္ဂိုလ်ကိုယ်တိုင် တက်ရောက်သည့်စနစ်ဖြင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် 12th AJCTD ၌ ဆွေးနွေးမှုများ ပြုလုပ်နိုင်လိမ့်မည်ဟု မျှော်မှန်းထားကြောင်း၊ အာဆီယံ + ၃ လုပ်ငန်းနယ်ပယ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး စီမံချက်များ အောင်မြင်အောင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

### ဆွေးနွေးအတည်ပြု

15th AMMTC နှင့် ဆွေးနွေးဖက်နိုင်ငံများ၏ ညှိနှိုင်းအစည်းအဝေးများတွင် 8th AMMTC + China၊ 6th AMMTC + Japan၊ 2nd AMMTC + Korea နှင့် 11th AMMTC + 3 (China, Japan, Korea)တို့၏ ဝန်ကြီးအဆင့် အစည်းအဝေးပူးတွဲကြေညာချက်များကို အတည်ပြုခြင်း၊ နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးနယ်ပယ်တွင် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့၏ အကူအညီပေးရေးနှင့် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအမံများ၊ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးအတည်ပြုခြင်းတို့ ဆောင်ရွက်သည်။

ထို့နောက် အိမ်ရှင်ဘရူနိုင်းဒါရုဆလမ်နိုင်ငံ AMMTC ခေါင်းဆောင် ကာကွယ်ရေးဝန်ကြီးနှင့် နိုင်ငံတော်လုံခြုံရေးဗဟိုကော်မတီဥက္ကဋ္ဌ Dato Paduka Seri Haji Awang Halbi bin Haji Mohd Yussof နှင့် ၂၀၂၂ ခုနှစ်တွင် အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အိမ်ရှင်အဖြစ်တာဝန်ယူကျင်းပမည့်ကမ္ဘောဒီးယားနိုင်ငံ AMMTC ခေါင်းဆောင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီး Samdech Krolahom Sar Kheng (ဆမ်ဒက်ကရိုလာဟွန်ဆာကျန်)တို့က အမှာစကားများပြောကြား၍ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အမှုသည်များအကြား အချင်းချင်းသဘောတူညီချက်ဖြင့် အငြင်းပွားမှုများကို တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် အကောင်အထည်ဖော်ဆောင်ရွက်၊ ၂၀၂၂ ခုနှစ်တွင် နိုင်ငံတစ်ဝန်းရှိ တရားရုံးများ၌ ကျင့်သုံးဆောင်ရွက်နိုင်ရေး ဆောင်ရွက်လျက်ရှိ




**နေပြည်တော် စက်တင်ဘာ ၃၀**

ရုရှားဖယ်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ်မှ ကြီးမှူး၍ (၁၁)ကြိမ်မြောက် အာရှ-ပစိဖိတ် ဆိုင်ရာ နိုင်ငံတကာဥပဒေဖိုရမ် (The 11th International Legal Forum of the Asia–Pacific Region) ကို ယနေ့မွန်းလွဲပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပါဝင်တက်ရောက်သည်။

ဦးစွာ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ရုရှားဖယ်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ်တရားသူကြီးချုပ် H.E. Mr. Vyacheslav Lebedev က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် တက်ရောက်လာကြသည့် အာရှနှင့် ပစိဖိတ်ဒေသနိုင်ငံများမှ တရားသူကြီးချုပ်များ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ အမှာစကားပြောကြားခဲ့သည်။

**အကျိုးသက်ရောက်မှုရှိ**

ဆက်လက်၍ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ‘အာရှနှင့် ပစိဖိတ်ဒေသတွင်း စီးပွားရေးအငြင်းပွားမှုများ ဖြေရှင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ(Economic Dispute Resolution Procedures in Asia–Pacific)’ ခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် တရားစီရင်ရေးကဏ္ဍသည် စီးပွားရေးဆောင်ရွက်ချက်များအပေါ် များစွာ အကျိုးသက်ရောက်မှုရှိပါကြောင်း၊ မြန်မာနိုင်ငံ တရားစီရင်ရေးကဏ္ဍအနေဖြင့် တိုးတက်လာသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ ကုန်သွယ်မှုအခြေအနေများနှင့် လိုက်လျောညီထွေစွာ အငြင်းပွားမှုများကို တရားစီရင်ရေးအရ ဖြေရှင်းခြင်းနှင့် တရားစီရင်ရေးမဟုတ်သည့် အခြားနည်းလမ်းများဖြင့် ဖြေရှင်းခြင်း (Alternative Dispute Resolution) တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေအရ ပြည်တွင်း ပြည်ပ ကုမ္ပဏီများအနေဖြင့် ယင်းတို့အကြား အငြင်းပွားမှုများကို အနုညာတစီရင်ဆုံးဖြတ်ခြင်းဖြင့် ဖြေရှင်းနိုင်ပြီး ပြည်တွင်းပြည်ပ အနုညာတဆုံးဖြတ်ချက်များကို စီရင်ပိုင်ခွင့်ရှိသော တရားရုံးများတွင် အတည်ပြုနိုင်ပြီဖြစ်ပါကြောင်း၊ ဒေသတွင်း တရားစီရင်ရေးအဖွဲ့အစည်းများနှင့် အပြန်အလှန်အကျိုး ဖြစ်ထွန်းစေမည့် နည်းလမ်းများကို ရှာဖွေဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနှင့် စင်ကာပူနိုင်ငံ တရားရေးကဏ္ဍများအကြား ငွေကြေးဆိုင်ရာစီရင်ချက်များနှင့်ပတ်သက်၍ လမ်းညွှန်မှု စာချွန်လွှာ (MoG)ကို လက်မှတ်ရေးထိုးခဲ့ပါကြောင်း။

ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ မှုခင်းကိစ္စရပ်များနှင့်ပတ်သက်၍လည်း အထူးတရားရုံးများကို ဆောင်ရွက်ရန် လေ့လာလျက်ရှိပြီး ယင်းမှုခင်းများနှင့်ပတ်သက်၍ နိုင်ငံတကာကျင့်သုံးမှုများကို တရားသူကြီးများအနေဖြင့် လေ့လာနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးကိစ္စရပ်များကို ဥပဒေရှုထောင့်မှ လေ့လာခြင်းစာအုပ် (Case Study Book on International Transaction) ကို ထုတ်ဝေထားပါကြောင်း၊ လက်ရှိတွင် ကူးသန်းရောင်းဝယ် ဆိုင်ရာမှုခင်းများကို တရားရုံးများတွင် စီရင်ပိုင်ခွင့်အလိုက် စစ်ဆေးစီရင်လျက်ရှိပြီး အမှုစီရင်ဆုံးဖြတ်ချက်များကို တရားရုံးအသုံးပြုသူများနှင့် အများပြည်သူ လေ့လာနိုင်ရန် စီစဉ်ထားပါကြောင်း၊ အမှုသည်များအကြား အချင်းချင်းသဘောတူညီချက်ဖြင့် အငြင်းပွားမှုများကို အချိန်ကုန်ငွေကုန်သက်သာစွာ ဖြေရှင်းနိုင်ရေးအတွက် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် (Court–Led Mediation) ကို ၂၀၁၉ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သည့် ရလဒ်ကောင်းများရရှိခဲ့သဖြင့် ၂၀၂၂ ခုနှစ်တွင် နိုင်ငံတစ်ဝန်းရှိ တရားရုံးများ၌ ကျင့်သုံးဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်သည့်ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် နိုင်ငံတကာနှင့် ဒေသတွင်း တရားစီရင်ရေးအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိရာ နားလည်မှုစာချွန်လွှာများရေးထိုးခြင်း၊ ညီလာခံများ၊ နှီးနှောဖလှယ်ပွဲများ၊ ဆွေးနွေးပွဲများနှင့် သင်တန်းများတွင် ပါဝင်တက်ရောက် ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း ဆွေးနွေးပြောကြားသည်။

ဖိုရမ်သို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ဆက်လက်တင်သွင်း



**နေပြည်တော် စက်တင်ဘာ ၃၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ဆိပ်ကမ်းများနှင့် ချင်းရွှေဟော်၊ ကန်ပိုက်တီးနှင့် မြဝတီကုန်သွယ်ရေးစခန်း သုံးခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ သုံးခုမှ ယာဉ်စီးရေ ငါးစီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ် တစ်စီးဖြင့် တန် ၂၀၊ အောက်ဆီဂျင် (ဓာတ်ငွေ့) Bowser ယာဉ် တစ်စီးဖြင့် တန် ၂၀၊ အောက်ဆီဂျင်(အိုးခွံ) ၁၃၄၀၊ အောက်ဆီဂျင်ထုတ်စက် သုံးခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၁၉၉ ခု၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၂၀၀၀၀၊ လက်အိတ်သုည ဒသမ ၁၇ တန်နှင့် နှာခေါင်းစည်း တစ်တန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင် (အရည်) Bowser ယာဉ်တစ်စီးမှာ ရန်ကုန်မြို့နှင့် အောက်ဆီဂျင်(ဓာတ်ငွေ့) Bowser ယာဉ် တစ်စီးမှာ ပြည်မြို့သို့ဖြစ်ပြီး အောက်ဆီဂျင်ထုတ်စက်သုံးခုမှာ ရန်ကုန်မြို့သို့ဖြစ်ကြောင်း သိရသည်။

ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို ပြည်ပမှ တင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်သက်ဆိုင်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**




# “အဉ္ဇလီအငြိမ့်” ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် စက်တင်ဘာ ၃၀**

အများပြည်သူ ပျော်ရွှင်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တင်ဆက်လျက်ရှိရာ “အဉ္ဇလီအငြိမ့်” ဖျော်ဖြေပွဲကို အောက်တိုဘာ ၂ ရက် (စနေနေ့)ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းဖျော်ဖြေမှုကို စောမင်းနောင်ကစီစဉ်ပြီး စတားဗိုလ်လှိုင်း (မြန်မာ့အသံ ဆိုင်းဝိုင်းကြီး)၏ တီးခတ်မှုနှင့်အတူ ခေါင်းဆောင်မင်းသမီး မီမီခိုင်၊ ရှေ့ထွက်မင်းသမီး ယဉ်ယဉ်ဝေ၊ လူရွှင်တော်များဖြစ်ကြသည့် စောမင်းနောင်၊ ဇော်မင်းထွန်း ၊ လင်းဇော်နိုင် ၊ ဇင်ဝိုင်း၊ ကျော်မင်းစိုးနှင့် ကျော်သူရတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို အောက်တိုဘာ ၆ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲပိုင်း National News အစီအစဉ်အပြီးတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘာသာရေးကို နိုင်ငံရေးလက်နက်အဖြစ် အသုံးမချပါနဲ့

## ပြည်ထောင်စုသားတစ်ဦး

တစ်နေ့က တာမွေဈေးပေါက်ဝတွင် လူလတ်ပိုင်းအရွယ် အမျိုးသမီးတစ်ဦး တစ်ကိုယ်တည်း ဟောပြောနေသည်ကို တွေ့ခဲ့ရသည်။ ရုပ်အသွင်က တိုင်းရင်းသူ သွင်ပြင်လက္ခဏာ။ လူ့သဘာဝအရ နားစွင့်ကြည့်မိတော့ သူဟောပြောနေသည့်အကြောင်းအရာက ခရစ်ယာန်ဘာသာရေးတရားတော်များ။

စိတ်အလျဉ်က ရန်ကုန်ဘူတာကြီး စကြံခုံးကျော်တံတားပေါ်တွင် အမြဲမြင်တွေ့နေကျ ခရစ်ယာန်ဘာသာရေးအဖွဲ့ကို သတိရသွားမိသည်။ ထိုအဖွဲ့တွင် နိုင်ငံခြားသား သုံး၊ လေးဦးခန့်နှင့် မြန်မာတိုင်းရင်းသား အဖွဲ့ဝင်အချို့ ပါဝင်ကြသည်။ နိုင်ငံခြားသားများက မြန်မာဝတ်စုံများနှင့်၊ အမျိုးသားတို့က မြန်မာပုဆိုးလုံချည်၊ အမျိုးသမီးတို့က မြန်မာထဘီတို့ ဝတ်ဆင်ထားကြသည်။ အများစုမှာ အသက်အရွယ်အားဖြင့် ငယ်ရွယ်နုပျိုကြပါသည်။

သူတို့သည် လမ်းသွားလမ်းလာများကို အပြုံးချိုချိုဖြင့် နှုတ်ဆက်ရင်း ခရစ်ယာန်ဘာသာရေး ဓမ္မစာစောင်များကို လေ့လာဖတ်ရှုကြဖို့ ဖိတ်ခေါ်သည်။ ပြီးတော့ ဝေငှသည်။ သူတို့ဘာသာပြုအဖွဲ့ကို မြင်ပါများတော့ ကျွန်တော့်စိတ်တွင် မှတ်မှတ်ထင်ထင်ဖြစ်လာခဲ့ရသည်။ ယခု မြို့ပတ်ရထားအစား YBS ဘတ်စ်ကားကိုသာ အစီးများလာ၍ သူတို့သာသနာပြုအဖွဲ့နှင့် မဆုံဖြစ်တော့။

### ကိုးကွယ်ယုံကြည်ရာ ဘာသာများ

ကမ္ဘာပေါ်တွင် လူအများစုကိုးကွယ်ယုံကြည်ရာ ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာကြီးလေးခုအပြင် ဂျူးဘာသာ၊ ဂျိန်းဘာသာ၊ ကွန်ဖြူးရှပ်ဘာသာ၊ ရှင်တိုဘာသာ၊ တာအိုဘာသာ၊ ဆစ်ခ်ဘာသာနှင့် ဇိုရိုအက်စတာဘာသာတို့ ရှိကြသည်။

ကွန်ဖြူးရှပ်ဘာသာနှင့် တာအိုဘာသာတို့မှာ တရုတ်ပြည်ရှိ ဘာသာများဖြစ်၍ ရှင်တိုဘာသာမှာ ဂျပန်နိုင်ငံရှိဘာသာဖြစ်သည်။ ဂျိန်းဘာသာမှာ အိန္ဒိယနိုင်ငံတွင် ပေါ်ထွန်းခဲ့ပြီး ဇိုရိုအက်စတာဘာသာသည် ပါးရှားပြည်၌ ခရစ်မပေါ်မီ နှစ်ပေါင်း ၈၀၀ ခန့်တွင် ပေါ်ပေါက်ခဲ့သည်။ ဂျူးဘာသာကား ခရစ်ယာန်ဘာသာနှင့် အစ္စလာမ်ဘာသာတို့ မပေါ်ပေါက်မီအချိန်ကပင် ရှိနေပြီးသောဘာ သာတရားဖြစ်သည်။

မှတ်သားဖွယ်ရာကောင်းသော အချက်ကား ဤထင်ရှားသောဘာသာကြီးအားလုံးတို့သည် အာရှတိုက်တွင် စတင်ပေါ်ပေါက်လာခဲ့ကြသော ဘာသာများဖြစ်ကြသည်။ အချို့ဘာသာတို့မှာ မိမိတို့ပေါ်ထွန်းရာ အရပ်ဒေသ၌ ဆိတ်သုဉ်းသွားခဲ့ပြီးနောက် အခြားအရပ်ဒေသများတွင် စည်ပင်ကြီးပွားလျက်ရှိကြသည်။

ဘာသာတရားတိုင်းတွင် သဘာဝထက်လွန်ကဲသော အံ့ဖွယ်ရာများနှင့် ပြည့်ဝနေသည်။ သိပ္ပံနည်းဖြင့် သက်သေပြ၍မရနိုင်။ သို့တစေ ဘာသာတရားအားလုံး၏ အနှစ်သာရမှာ လူ့ဘောင်လူ့လောကကြီး ငြိမ်းချမ်းသာယာဝပြောစေရန်၊ လူသားအချင်းချင်း မေတ္တာတရားများ မျှဝေနိုင်ရန်၊ ဘာသာတရား၏ အဆုံးအမကို ကိုယ်စီကိုယ်စီ လိုက်နာကျင့်ကြံ ကြိုးကုတ်အားထုတ်ပြီး ပစ္စုပ္ပန်၊ တမလွန်ဘဝ အကျိုးစီးပွားဖြစ်ထွန်းစေရန်၊ ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်စေရန်တို့အတွက်သာဖြစ်လေသည်။

### ဟိန္ဒူဘာသာ

လူအများစု ကိုးကွယ်ယုံကြည်ရာ ဘာသာကြီးလေးခုအနက် ဟိန္ဒူဘာသာသည် ရှေးအကျဆုံးဖြစ်လေသည်။ အချိန်ကာလအတိအကျကိုပင် ပြောရန်မလွယ်ကူပေ။ ဟိန္ဒူဘာသာရေးကျမ်းများကို ရာစုနှစ်ပေါင်းများစွာအတွင်းက ရေးသားခဲ့ကြခြင်းဖြစ်ပေသည်။

ဟိန္ဒူဘာသာကို လေ့လာဆည်းပူးရန်

**နိုင်ငံတော်အေးချမ်းသာယာရေးကို မလိုလားသူ ပြည်ဖျက်အဖွဲ့အစည်းများနှင့် ပြည်ပနိုင်ငံအချို့သည် ရှေးအတီအတေကကတည်းက ဘာသာတရားအသီးသီး၏ မွန်မြတ်သည့်အဆုံးအမအောက်တွင် ညီရင်းအစ်ကိုမောင်ရင်းနှမစိတ်ဓာတ် အစဉ်အလာကောင်းတို့နှင့် ချစ်ကြည်ရင်းနှီးစွာ အတူယှဉ်တွဲနေထိုင်ခဲ့ကြသော ဘာသာရေးအသင်းအဖွဲ့များနှင့် ဘာသာဝင်များအချင်းချင်းအကြား အထင်မှား၊ အမြင်မှားဖြင့် စိတ်ဝမ်းကွဲမှုများဖြစ်ပေါ်လာစေရန် ဘာသာရေးကို နိုင်ငံရေးလက်နက်အဖြစ်အသုံးချ၍ သွေးထိုးလှုံ့ဆော်လျက်ရှိ**

ကျမ်းဂန်များစွာရှိလေသည်။ ၎င်းတို့မှာ ဝေဒကျမ်းများ၊ ပူရာဏကျမ်းများ၊ ဥပါနိသျှဒ်ကျမ်းများ၊ သျှတ္တရကျမ်း၊ ဘာဂဝတ်ဂီတကျမ်း၊ ပိဋကကျမ်းများ၊ သိကုဂုရယ်လ်ကျမ်း၊ ဂုဂုဂရန့်ဆဟိကျမ်းတို့ဖြစ်ကြသည်။

ဝေဒကျမ်းများသည် သံသရာမှ လွတ်မြောက်နိုင်သည့် နည်းလမ်းကောင်းများကို ညွှန်ပြပေးသည်။ ဝေဒကျမ်းများကို လေ့လာလိုသူသည် ပရမတ္ထသဘောအရ မြဲသောအရာနှင့် မမြဲသောအရာများကို ခွဲခြားသိမြင်တတ်ရပေမည်။ လောကီလောကုတ္တရာ သာယာမှုကို ခံစားလိုခြင်းမှ ရှောင်ရှားနိုင်ရန်လည်း လိုသည်။ စိတ်ကိုတည်ငြိမ်အောင် စွမ်းဆောင်နိုင်မှု၊ ကိုယ်ကိုချုပ်တည်းထားနိုင်မှု၊ အရာရာကိုစွန့်ပစ်နိုင်မှု၊ သည်းခံနိုင်မှု၊ သမာဓိခိုင်မြဲမှုများရှိရမည့်အပြင် ကျမ်းဂန်များကို မမိုတ်မသုန်ယုံကြည်မှုလည်း ရှိရမည်ဖြစ်သည်။ မကောင်းမှုကို ပြုလုပ်ခဲ့ကြသူများသည် မိမိတို့ပြုလုပ်ခဲ့သော ဒုစရိုက်အကျိုးကို ခံစားရမည့်အပြင် ငရဲပြည်ခုနစ်ထပ်ရှိကြောင်းကိုလည်း ပူရာဏကျမ်းများတွင် ဖော်ပြထားရှိသည်။

### ကံ၊ ကံ၏အကျိုးကို ယုံကြည်

ဗုဒ္ဓဘာသာဝင်တို့ကား ကံ၊ ကံ၏ အကျိုးကို ယုံကြည်ကြသည်။ (၃၁)ဘုံရှိသည့်အနက် ကောင်းမှုကံပြုသူသည် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်နှင့် မကောင်းမှုကံပြုသူသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံတို့တွင် ကံအားလျော်စွာ ကျင်လည်ကြရသည်ဟု ယုံကြည်သက်ဝင်ကြသည်။

ထို့ကြောင့် သုဂတိဘုံ၌ ကျင်လည်နိုင်ရန် ပေးကမ်းစွန့်ကြဲခြင်းတည်းဟူသော ဒါန၊ သူတစ်ပါး၏အသက်ကို သတ်ခြင်းမှရှောင်ကြဉ်ခြင်း၊ သူတစ်ပါး၏ ပစ္စည်းကို မတရားရယူခြင်းမှရှောင်ကြဉ်ခြင်း၊ သူတစ်ပါး၏ ဇနီးသားမယားအိမ်ရာကို ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊ သေရည်သေရက်တို့ကို သောက်စားခြင်းတို့မှ ရှောင်ကြဉ်ခြင်း ငါးပါးသီလ၊ ထိုမှတစ်ဆင့်တက်၍ ရှစ်ပါးသီလ၊ ကိုးပါးသီလတို့ကို ဆောက်တည်ကျင့်သုံးကြ၏။ မေတ္တာဘာဝနာစျာန်သမာဓိတရားများကို အားထုတ်ကြ၏။ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို ဆည်းကပ်ပူဇော်ကြ၏။ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရေးအလို့ငှာ မြတ်စွာဘုရားရှင် ဟောဖော်ညွှန်ပြခဲ့သည့် သစ္စာလေးပါးတရားတော်နှင့်အညီ သိ၊ ပယ်၊ ဆိုက်၊ ပွား ကိစ္စရပ်များအရ ဒုက္ခ၏ ချုပ်ရာငြိမ်းရာ နိဗ္ဗာန်သို့ မျက်မှောက်ပြု ဆိုက်ရောက်နိုင်ရန် မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်ကို ပွားများအားထုတ်ကြလေသည်။

### ဘုရားသခင်ကပေးသောဆု

ခရစ်ယာန် ဘာသာဝင်တို့ကမူ ကောင်းကင်ဘုံသို့ ရောက်ရှိခြင်းမည်သည်ကား မသေသော၊ ထာဝရတည်မြဲသောအသက်ကို ရခြင်းမည်၏။ ကောင်းကင်ဘုံသည် လူသားတို့အား ဘုရားသခင်ကပေးသော ဆုများအနက် အကြီးဆုံး၊ အမြင့်မြတ်ဆုံးဖြစ်၏။ လူသားတို့၏ အန္တိမပန်းတိုင်လည်းဖြစ်၏။ ထာဝရပျော်ရွှင်ချမ်းမြေ့မှုကို ရနိုင်သောနေရာဖြစ်၏။ ကောင်းကင်ဘုံတွင် ဖခမည်းတော် ထာဝရဘုရားသခင်စံပယ်လျက်ရှိသည်။ သားတော် ယေရှုခရစ်သည် ထိုဘုံမှနေ၍ လူသားများထံသို့ ဆင်းသက်လာခဲ့ခြင်းဖြစ်သည်။ အစဉ်ထာဝရတည်မြဲလျက်ရှိသော ယင်းဘုရားသခင် နိုင်ငံတော်သို့ တက်ရောက်ခွင့်ရရှိရေးသည် ခရစ်ယာန်ဘာသာဝင်တို့၏ ရည်မှန်းချက်ဖြစ်သည်။

ခရစ်တော်သည် လူသားများ ကောင်းကင်ဘုံသို့ ရောက်ရှိနိုင်ရေးအတွက် လူ့လောကသို့ လာရောက်ခဲ့ခြင်းဖြစ်သည်။ လူ့လောကတွင် အပြစ်လုံးဝမရှိသောသူတို့ ကွယ်လွန်သောအခါ ကောင်းကင်ဘုံသို့ သွားရောက်ကြရသည်။ ကောင်းကင်ဘုံ၌ ဘဝ၏မျှော်လင့်ချက်များလည်း ကုန်ဆုံးသွားကြပြီဖြစ်သည်။ အစဉ်ဆက်လက်ရှိနေသေးသည်ကား မေတ္တာတရားသာဖြစ်သည်။ ထာဝရပျော်ရွှင်ချမ်းမြေ့မှုသည် မည်သည့်အခါမျှ ပျောက်ပျက်ခြင်းမရှိတော့ဟု ခရစ်ယာန်ဘာသာဝင်တို့သည် ယုံကြည်ကြလေသည်။

### ယုံကြည်ချက် ငါးချက်

အစ္စလာမ်ဟူသောစကားမှာ အာရဗီဘာသာစကားဖြစ်ပြီး “နာခံခြင်း”ဟု အဓိပ္ပာယ်ရ၏။ အလ္လာဟ်အရှင်၏ အမိန့်တော်များကို နာခံခြင်းဟု အဓိပ္ပာယ်ပြန်ဆိုနိုင်မည်ဖြစ်သည်။ အလ္လာဟ်အရှင်၏အမိန့်တော်များကို နာခံသောလူသားတို့ကို မွတ်စလင်ဟုခေါ်သည်။

အစ္စလာမ်ဘာသာတွင် အခြေခံယုံကြည်ချက် ငါးချက်ရှိသည့်အနက် တစ်ချက်မှာ အချိန်မှန်မှန် ဝတ်ပြုကိုးကွယ်ခြင်းဖြစ်သည်။ ဝတ်ပြုခြင်းသည်လည်း ငါးမျိုးရှိပြန်သည်။ အလ္လာဟ်အရှင်မှတစ်ပါး အခြားကိုးကွယ်ထိုက်သောဘုရားမရှိဟု ရွတ်ဆိုကာ နှုတ်အားဖြင့် ဝတ်ပြုခြင်း၊ ဆင်းရဲသားများအား ပေးကမ်းထောက်ပံ့၍ ပစ္စည်းအားဖြင့် ဝတ်ပြုခြင်း၊ ရာမ်ဇန်လတွင် အစာရှောင်ကာ သန့်စင်သောဝတ်ပြုခြင်း၊ ကိုယ်အားဖြင့် ဝတ်ပြုခြင်းနှင့် ပစ္စည်းအားဖြင့် ဝတ်ပြုခြင်းနှစ်မျိုးကို ပေါင်းစပ်ထားသော မက္ကာမြို့သို့ ဟာဂျ်သွား၍ပြုခြင်းဟူ၍ ငါးမျိုးရှိလေသည်။

အစ္စလာမ်ဘာသာတွင် အစာရှောင်ကြဉ်ရသောအကျင့်၏ ရည်ရွယ်ချက်မှာ လူသားတို့သည် မကောင်းမှုများကို ကြံ့ကြံ့ခံနိုင်ရန်ဖြစ်၏။ ထို့ကြောင့် အစာရှောင်ခြင်းသည် အစားအစာစားသောက်ခြင်းမှ ရှောင်ကြဉ်ရခြင်းသက်သက်သာမကဘဲ မကောင်းမှုဟူသမျှကို ရှောင်ကြဉ်နိုင်ရန်အတွက်ဖြစ်သည်ဟုဆိုသည်။

### ချစ်ခင်စည်းလုံးစွာနေထိုင်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ကိုးကွယ်ရာဘာသာပေါင်းစုံနှင့် ဖွဲ့စည်းထားသော ပြည်ထောင်စုနိုင်ငံဖြစ်သည်။ လူဦးရေအများဆုံးကိုးကွယ်ရာ ဗုဒ္ဓဘာသာနှင့်အတူ ဟိန္ဒူ၊ ခရစ်ယာန်၊ မွတ်စလင်နှင့် အခြားဘာသာဝင်များသည် ရှေးနှစ်ပေါင်းများစွာကတည်းက အချင်းချင်း ချစ်ခင်စည်းလုံးစွာနေထိုင်ခဲ့ကြသည်။

မှတ်မိပါသေးသည်။ ကျွန်တော်တို့ငယ်စဉ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က ရပ်ကွက်အတွင်းရှိ ကရင်တိုင်းရင်းသား ခရစ်ယာန်မိသားစုဝင်များသည် တစ်ညတွင် ရပ်ကွက်အတွင်း ပိတ်ကားထောင်၍ ရုပ်ရှင်ပြသခဲ့လေသည်။ တစ်ရပ်ကွက်လုံး ဖျာများ၊ အခင်းများခင်း၍ ကြည့်ရှုအားပေးကြသည်။ မူလတန်းအရွယ်ရှိ ကျွန်တော်တို့ကလေးများကား ရှေ့ဆုံးက။ သို့ရာတွင် ရုပ်ရှင်ဟူ၍သာ ရှေ့ဆုံးက ကြည့်ရှုအားပေးရခြင်းဖြစ်သော်လည်း ဘာဇာတ်ကား၊ ဘာဇာတ်လမ်းဟူ၍ တိတိကျကျမသိ။ အချိန်တန်လို့ ဇာတ်ကားပြတော့ နိုင်ငံခြားဇာတ်ကားဖြစ်နေသည်။ ဇာတ်လမ်းကား ယေရှုခရစ်တော်ဇာတ်လမ်း။ ကျွန်တော်တို့မှာ ဗုဒ္ဓဘာသာဝင်များဖြစ်သော်ငြား ခရစ်တော်က တန်ခိုးများပြသည်ကို သဘောတွေ့ကျခဲ့ပါသည်။

အချိန်တန် လူလားမြောက်၍ လူငယ်ဘဝ ရောက်လာတော့လည်း အချစ်ဆုံးသူငယ်ချင်းများထဲတွင် အစ္စလာမ်ဘာသာဝင်သူငယ်ချင်းတစ်ဦးနှင့် ခရစ်ယာန်ဘာသာဝင် သူငယ်ချင်းတစ်ဦးပါသည်။ နှစ်ဦးစလုံး အလွန်ရိုးသားကြသည်။ ခရစ္စမတ်နေ့နှင့် အစ်နေ့ရောက်တိုင်း သူတို့အိမ်သွားပြီး ကျွန်တော် မုန့်များစားလေ့ရှိသည်။

လူလတ်ပိုင်းကျော်အရွယ်ရောက်မှ အစ္စလာမ်ဘာသာဝင် သူငယ်ချင်းနှင့် ကန်တော်ကလေးဘက်တွင် ပြန်တွေ့သည်။ ငယ်သူငယ်ချင်းနှစ်ယောက် လက်ဖက်ရည်သွားသောက်ရင်း စကားများ ပြောမကုန်နိုင်ဖြစ်ရသည်။ ကျွန်တော်တို့ ငယ်သူငယ်ချင်းများသည် ငယ်စဉ်ကတည်းက ကိုယ်ယုံကြည်ရာဘာသာတရားနှင့်ပတ်သက်၍ တစ်ခါမျှ ငြင်းခုံပြောဆိုခဲ့ခြင်းမရှိကြ။ ပြောရမည့်အရာလည်းမဟုတ်။ ကျွန်တော်တို့ နှလုံးသားထဲတွင် ရှေ့တန်းက နေရာယူနေသည်က သံယောဇဉ်နှင့် ချစ်ခြင်းတရားသာဖြစ်ပေသည်။

စာမျက်နှာ ၇ သို့ ✳

# သတင်းမီဒီယာသမားများ မီဒီယာကျင့်ဝတ်နှင့်အညီ ပါတီစွဲ၊ ဝါဒစွဲမရှိဘဲ အဖြူရောင်သက်သက်ဆောင်ရွက် သတင်းမီဒီယာများ၏ အခက်အခဲများကို ဥပဒေနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးသွားမည်

**နေပြည်တော် စက်တင်ဘာ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် သတင်းစာရှင်းလင်းပွဲ အမှတ်စဉ်(၉/၂၀၂၁)သို့ တက်ရောက်လာကြသည့် ပြည်တွင်း/ ပြည်ပ သတင်းမီဒီယာများအား ယနေ့ နံနက် ၁၁ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

**ဆွေးနွေးပြောကြား**

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ Myanmar National Post ၊ Tomorrow ၊ Silent Talk ၊ လူထုရင်ဖွင့်သံ၊ Power ၊ VOA ၊ Fuji Television ၊ Asahi Shimbun၊ AFP၊ Myanmar Public Press၊ မြန်မာသံတော်ဆင့်၊ တဲ့ပြောသတင်းမီဒီယာ၊ MNSP ၊ Sky Net ၊ Myanmar Hard Talk ၊ သူရိယနေဝင်း၊ စံတော်ချိန်၊ New History For People ၊ Voice of Myanmar၊ 97 Media ၊ Eleven Media ၊ One News Agency ၊ Myanmar Nation ၊ Golden Hand ၊ Who News ၊ Up to Date ၊ ပြည်ထောင်စုနေ့စဉ်၊ Xinhua တို့မှ သတင်းမီဒီယာသမားများ တက်ရောက်ကြသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် နိုင်ငံတော်၏ လက်ရှိအခြေအနေ၊ ပကတိအနေအထား၊ မီဒီယာများ၏ အခန်းကဏ္ဍ၊ နိုင်ငံတော်နှင့် ပြည်သူအတွက် သတင်းမှန်ပြန်ကြားရေး လုပ်ဆောင်ပေးနိုင်မည့် အခြေအနေ၊ နိုင်ငံတော်ဝန်ကြီးချုပ်က သတင်းမီဒီယာများအား စတုတ္ထမဏ္ဍိုင်အဖြစ် အလေးအနက်ထားမှု၊ နိုင်ငံပိုင်မီဒီယာ၊ ပုဂ္ဂလိကမီဒီယာများ အနေဖြင့် နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် လုပ်ကိုင်ဆောင်ရွက်ပေးနိုင်မှု၊ ပြည်သူအားလုံးလိုလားသည့် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးနိုင်မည့်အခြေအနေ၊ သတင်းမီဒီယာဥပဒေပြဋ္ဌာန်းချက်နှင့်အညီ သတင်းမီဒီယာသမားများ၏ ရပိုင်ခွင့်များ၊ သတင်းမီဒီယာသမားများအနေဖြင့်လည်း စောင့်ထိန်းရမည့် မီဒီယာကျင့်ဝတ်အတိုင်း လိုက်နာဆောင်ရွက်ကြရန်၊ နိုင်ငံပိုင်မီဒီယာနှင့် ပုဂ္ဂလိကမီဒီယာများအကြား အပြန်အလှန် နားလည်ယုံကြည်မှု၊ နိုင်ငံတော်နှင့် ပြည်သူအကျိုးကို ရှေးရှုဦးတည်သည့် ပူးပေါင်းဆောင်ရွက်မှုနှင့် လုပ်ဆောင်နိုင်မည့်ကိစ္စရပ်များ၊ သတင်းမီဒီယာ ကိစ္စဆောင်ရွက်ရာတွင် အခက်အခဲနှင့် ကန့်သတ်ချက်များကို ကူညီဖြေရှင်း ဆောင်ရွက်ပေးနိုင်မှု၊ သတင်းမီဒီယာသမားများ ကိုဗစ်ကာကွယ်ဆေးထိုးနှံရာတွင် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးမှု၊ သတင်းမီဒီယာသမားများအတွက် အချိန်မီသတင်းပြန်ကြားပေးနိုင်ရေး Viber Group ဖွဲ့ခြင်း၊ ပြောရေးဆိုခွင့်ရှိသူထားရှိဆောင်ရွက်ပေးခြင်းတို့ကို ယခင်ကထက် တိုးမြှင့်ဆောင်ရွက်ပေးခြင်းသည် ပြည်သူများသတင်းမှန်ရရှိစေရန်၊ မဟုတ်မမှန်သည့် သတင်းများ၊ ကောလာဟလများ ဟန့်တားနိုင်မည်ဖြစ်ပြီး မီဒီယာကျင့်ဝတ်နှင့်အညီ ပါတီစွဲ၊ ဝါဒစွဲမရှိဘဲ အဖြူရောင်သက်သက် ဆောင်ရွက်သွားရန်လိုကြောင်း၊ သတင်းမီဒီယာများ၏အခက်အခဲများကို ဥပဒေနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းနီးပွင့်လင်းစွာ ဆွေးနွေးပြောကြားသည်။

**ဆွေးနွေးပြောကြား**

ထို့နောက် တက်ရောက်လာသည့် သတင်းမီဒီယာသမားများက သတင်းအမှားစီးဆင်းမှုများ တားဆီးရေး၊ ပုဂ္ဂလိကမီဒီယာများ အားကောင်းစေရေး၊ သတင်းရယူရာတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့် သတင်းမီဒီယာသမားများ အရည်အသွေးမြှင့်တင်ရေးတို့ကို ဆွေးနွေးပြောကြားကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့သည်။

**သတင်းစဉ်**

# ပြည်တွင်းနေရပ်စွန့်ခွာသူများ မိမိနေရပ်ဒေသများသို့ ပြန်လည်ရောက်ရှိပြီး နေထိုင်စားသောက်ရေးနှင့် အသက်မွေးဝမ်းကျောင်း အဆင်ပြေစေရန် ဆောင်ရွက်ပေးနေမှုများအား သတင်းပြန်ကြားရေးဆောင်ရွက်ပေးရန်အရေးကြီး

**နေပြည်တော် စက်တင်ဘာ ၃၀**

ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ (၁/၂၀၂၁) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ သတင်းနှင့် ပြန်ကြားရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က အဖွင့်အမှာစကားပြောကြားရာတွင် အကြောင်းအမျိုးမျိုးကြောင့် ယာယီခိုလှုံရာစခန်းများတွင် ရောက်နေကြသော တိုင်းရင်းသားပြည်သူများအတွက် စခန်းများတွင် နေထိုင်စဉ် မိသားစုစားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး လိုအပ်ချက်များကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနေကြောင်း၊ နိုင်ငံတကာနှင့် ပြည်တွင်းက ထောက်ပံ့ကူညီမှုများလည်းရှိကြောင်း၊ ၎င်းတို့ကို မူလနေထိုင်ရာ အရပ်ဒေသများသို့ ပြန်လည်ရောက်ရှိပြီး နေထိုင်စားသောက်ခြင်းနှင့် အသက်မွေးဝမ်းကျောင်း အဆင်ပြေမှုရှိစေရန် ဆောင်ရွက်ပေးနေကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရများက ၎င်းတို့၏ မူလဒေသတွင် ပျက်စီးနေသောနေအိမ်များ အသစ်ဆောက်လုပ်ပေးခြင်း၊ ပြန်လည်ပြုပြင်ပေးခြင်း၊ ရိက္ခာထောက်ပံ့ပေးခြင်း၊ အသုံးအဆောင်ပစ္စည်းထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာကာယကံရှင်များ၊ ဒေသခံပြည်သူများနှင့် နိုင်ငံတကာကပါသိရှိအောင် သတင်းပြန်ကြားရေးဆောင်ရွက်ပေးရန် အရေးကြီးကြောင်း၊ ပြည်တွင်း/ ပြည်ပမှ သိရှိစေရန်နှင့် မဟုတ်မမှန် ထုတ်လွှင့်ဖော်ပြနေကြသည့်အတွက် သတင်းမီဒီယာများက မိမိတို့၏အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်နေမှုများကိုသိရှိစေရန် လုပ်ဆောင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ သတင်းများရယူထုတ်ပြန်နိုင်ရေး၊ အသိပညာပေးအစီအစဉ်များ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရေး၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

✳ စာမျက်နှာ ၆ မှ

ခေတ်အဆက်ဆက် နိုင်ငံတော်အစိုးရတိုင်းသည်လည်း လွတ်လပ်စွာ ကိုးကွယ်ယုံကြည်မှုအရ ဘာသာတိုင်းအပေါ် အလေးထား အားပေးချီးမြှောက်ခဲ့သည်။ တပ်မတော်အစိုးရလက်ထက်တွင် ဝါတွင်းသုံးလကာလ၌ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် အလှူငွေပေးအပ်ပွဲများကို အပတ်စဉ် ကျင်းပပြီး ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများသာမက ဟိန္ဒူဘာသာရေးအသင်းအဖွဲ့များ၊ ခရစ်ယာန်မျက်မမြင်ကျောင်းများ၊ ဘိုးဘွားရိပ်သာများ၊ မွတ်စလင် လူမှုရေးအသင်းအဖွဲ့များကိုပါ ပေးအပ်လှူဒါန်းခဲ့ပေသည်။

သမ္မတဦးသိန်းစိန် အစိုးရခေတ်ကာလတွင်လည်း ဘာသာပေါင်းစုံ ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်ယုံကြည်လေးစားမှု၊ နားလည်စာနာမှုများ ပိုမိုဖြစ်ထွန်းလာစေရေးအတွက် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။

လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အိမ်စောင့်အစိုးရလက်ထက်တွင်လည်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်က အသိအမှတ်ပြုထားသော လူအများစုကိုးကွယ်ရာ ဗုဒ္ဓဘာသာအပြင် ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာနှင့် နတ်ကိုးကွယ်မှုတို့ကို နိုင်ငံတော်တွင်ရှိနေသော ကိုးကွယ်ရာဘာသာများအဖြစ် အသိအမှတ်ပြုပြီး ကူညီထောက်ပံ့စောင့်ရှောက်ပေးလျက်ရှိသည်။

သို့ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးကို မလိုလားသူ ပြည်ဖျက်အဖွဲ့အစည်းများနှင့် ပြည်ပနိုင်ငံအချို့သည် ရှေးအတီအတေကတည်းက ဘာသာတရားအသီးသီး၏ မွန်မြတ်သည့် အဆုံးအမအောက်တွင် ညီရင်းအစ်ကိုမောင်ရင်းနှမစိတ်ဓာတ် အစဉ်အလာကောင်းတို့နှင့် ချစ်ကြည်ရင်းနှီးစွာ အတူယှဉ်တွဲနေထိုင်ခဲ့ကြသော ဘာသာရေးအသင်းအဖွဲ့များနှင့် ဘာသာဝင်များအချင်းချင်းအကြား အထင်မှား၊ အမြင်မှားဖြင့် စိတ်ဝမ်းကွဲမှုများဖြစ်ပေါ်လာစေရန် ဘာသာရေးကို နိုင်ငံရေးလက်နက်အဖြစ်အသုံးချ၍ သွေးထိုးလှုံ့ဆော်လျက်ရှိကြသည်။

သို့ဖြင့် မြန်မာနိုင်ငံအတွင်း ဗုဒ္ဓဘာသာဝင်များ၏ ဘုရား၊ ကျောင်းကန်၊ စေတီပုထိုးများ၊ ခရစ်ယာန်ဘာသာဝင်များ၏ ဘုရားရှိခိုးကျောင်းများ၊ အစ္စလာမ်ဘာသာဝင်များ၏ ဗလီများနှင့် ဟိန္ဒူဘာသာဝင်များ၏ ဘုရားကျောင်းများ အတူယှဉ်တွဲတည်ရှိနေမှုနှင့် နိုင်ငံသားများအကြား သမိုင်းနှင့်ချီသော လူမှုရေးသဟဇာတဖြစ်ထွန်းမှုများကို ဘာသာဝင်အားလုံးက အသိ၊ သတိဖြင့် အလေးထားထိန်းသိမ်း ကာကွယ်စောင့်ရှောက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါ၏။ ။

=======

ကျမ်းကိုး – ညီညွတ်သောင်း၏ ဘာသာကြီးလေးခုအနှစ်သာရများ။

# နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်များ မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်၏ သက်ရောက်မှုကာလ တိုးမြှင့်သတ်မှတ်ခြင်း

မြန်မာနိုင်ငံအတွင်း COVID-19 ရောဂါ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတကာမှ လေကြောင်းခရီးစဉ်များဖြင့် ခရီးသည်များ ဝင်ရောက်လာမှုကို ကန့်သတ်ထိန်းချုပ်နိုင်ရေးမှာ များစွာအရေးပါသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက (၂၉-၃-၂၀၂၀) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာခရီးသည်တင် လေကြောင်းခရီးစဉ်များ (International Commercial Passenger Flights) မြန်မာနိုင်ငံသို့ ပျံသန်းဆင်းသက်ခြင်းကို ယာယီကန့်သတ်ခြင်းဆိုင်ရာ ညွှန်ကြားချက် (Temporary Measures to Prevent Importation of COVID-19 to Myanmar through Air Travel) ကို Temporary Measures to Prevent Importation of COVID-19 to Myanmar through Air Travel Issue-2 အဖြစ် (၃၁-၁၂-၂၀၂၀) ရက်နေ့တွင် ပြင်ဆင်ထုတ်ပြန်ခဲ့ပြီး သက်ရောက်မှုကာလကို COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် (၃၀-၉-၂၀၂၁) ရက်နေ့ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ သတ်မှတ်ခဲ့ပါသည်။

ယခုအချိန်ထိ ကမ္ဘာ့နိုင်ငံအများစုတွင် COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုနှုန်း မြင့်တက်နေလျက်ရှိကြောင်း တွေ့ရှိရသဖြင့် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံတကာလေကြောင်း ခရီးသည်များမှ တစ်ဆင့် COVID-19 ရောဂါပိုးကူးစက်မှုအန္တရာယ်မှ ဆက်လက်၍ တားဆီးကာကွယ်နိုင်ရေးအတွက် Coronavirus Disease 2019 (COVID-19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အထက်ပါညွှန်ကြားချက်၏ သက်ရောက်မှုကာလကို (၃၁-၁၀-၂၀၂၁) ရက်နေ့ မြန်မာစံတော်ချိန် (၂၃:၅၉) နာရီအထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ကြောင်း အသိပေးထုတ်ပြန်လိုက်သည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

# နှစ်စဉ်တိုးတက်နေသော နိုင်ငံတော်၏ ရေကြောင်းကုန်သွယ်မှုပမာဏကို နိုင်နင်းစွာ ဝန်ဆောင်မှုများပေးနိုင်ရန် ဆိပ်ကမ်းတံတားများကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက် အဆင့်မြှင့်တင်

**ရန်ကုန် စက်တင်ဘာ ၃၀**

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မှာယူတည်ဆောက်ခဲ့သည့် တွန်းဆွဲရေယာဉ်သစ်နှစ်စီး လုပ်ငန်းခွင်စတင်ဝင်ရောက်ခြင်း အခမ်းအနားနှင့် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ပန်းဆိုးတန်းရှိ ကျန်းမာရေးဆိပ်ကမ်းတံတားတွင် ကျင်းပသည်။



**တက်ရောက်**

အဆိုပါအခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး၊ ဆိပ်ကမ်းတံတားများနှင့် သင်္ဘောလိုင်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**ဝင်/ထွက်ပေါက်တစ်ခုဖြစ်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပင်လယ်ရေကြောင်းကုန်သွယ်ရေး (Maritime Trade) သည် ကမ္ဘာ့စီးပွားရေးတွင်လည်းကောင်း၊ မြန်မာ့စီးပွားရေးတွင် လည်းကောင်း အလွန်အရေးပါမှုရှိပြီး မြန်မာနိုင်ငံ၏ နိုင်ငံတကာရေကြောင်းကုန်သွယ်မှုအတွက် ရန်ကုန်ဆိပ်ကမ်းသည် အဓိကဝင်/ထွက်ပေါက်တစ်ခုဖြစ်ပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကုန်သွယ်မှုတန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၇ ဘီလီယံကျော်ရှိသည့်အနက် မြန်မာနိုင်ငံ၏ ပင်လယ်ရေကြောင်းကုန်သွယ်မှုတန်ဖိုးသည် ၂၆ ဒသမ ၈ ဘီလီယံကျော်၊ ရာခိုင်နှုန်းအားဖြင့် ၇၃ ရာခိုင်နှုန်းရှိပါကြောင်း၊ နှစ်စဉ်တိုးတက်နေသော နိုင်ငံတော်၏ ရေကြောင်းကုန်သွယ်မှုပမာဏကို နိုင်နင်းစွာ ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် ဆိပ်ကမ်းတံတားများကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်အဆင့်မြှင့်တင်ခြင်း၊ ကုန်ကိုင်တွယ်စက်ကိရိယာများ ဖြည့်တင်းခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များကို စုဆောင်းလေ့ကျင့်ပျိုးထောင်ခြင်း၊ နည်းပညာကိုထိရောက်အကျိုးရှိစွာ အသုံးချခြင်းတို့ကို နိုင်ငံတကာနည်းတူ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယခုအခါ ဆိပ်ကမ်းလုပ်ငန်းကဏ္ဍတွင် နိုင်ငံတော်နှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု Public-Private Partnership ၏ ရလဒ်ကောင်းများကြောင့် နိုင်ငံတကာ ကုန်သွယ်သင်္ဘောကြီးများ တစ်ပြိုင်တည်းဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်းတံတား စုစုပေါင်း ၄၅ စင်းရှိလာပြီ ဖြစ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးက ရေယာဉ်နှစ်စင်းနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြပြီး တွန်းဆွဲရေယာဉ်နှစ်စင်း တည်ဆောက်ခြင်းဆိုင်ရာ Video မှတ်တမ်းကို ပြသသည်။

ယင်းနောက် ယနေ့တွင် လုပ်ငန်းခွင်သို့ စတင်ဝင်ရောက်မည့် တွန်းဆွဲရေယာဉ်သစ် နှစ်စင်းကို ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပြီး တွန်းဆွဲရေယာဉ်နှစ်စင်းအား လှည့်လည်ကြည့်ရှုအားပေးသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် လက်ရှိအသုံးပြုလျက်ရှိသည့် တွန်းဆွဲရေယာဉ်များထက် စက်စွမ်းအားနှင့် နည်းပညာအရ သာလွန်ကောင်းမွန်သည့်တွန်းဆွဲရေယာဉ်အသစ် နှစ်စင်းကို စုစုပေါင်း တန်ဖိုးအမေရိကန်ဒေါ်လာ ၁၃ ဒသမ ၅၆၃ သန်းဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကိုဗစ် -၁၉ ရောဂါသတ်မှတ်ချက်များနှင့်အညီ ကျင်းပပြုလုပ်သည့် ၂၀၂၁ ခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အတူ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရေကြောင်းဘက်ဆိုင်ရာ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများဖြစ်သော International Maritime Organization (IMO) Consultant၊ International Maritime Law Institute (IMLI)၊ India Ocean MoU အတွင်းရေးမှူးချုပ်ရုံး၊ အရှေ့တောင်အာရှ ပင်လယ်ပြင်ညစ်ညမ်းမှု ကာကွယ်တားဆီးရေး ကိုယ်စားလှယ် (IMO-IPECA GISEA)၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ရေကြောင်းဌာနများမှ တာဝန်ရှိသူများ၊ အမေရိကန်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့များ၏ ကိုယ်စားလှယ်များ၊ Oil Spill Response Limited (OSRL) တို့မှ တာဝန်ရှိသူများ၊ ဆွီဒင်နိုင်ငံ World Maritime University မှ ကျောင်းသား ကျောင်းသူများအပါအဝင် စုစုပေါင်း နိုင်ငံပေါင်း ၂၀ မှ ကိုယ်စားလှယ် ၅၆ ဦး Virtual Platform ဖြင့် ပါဝင်တက်ရောက်ကြသည်။

**ကျန်းမာရေးစောင့်ရှောက်မှုပေး**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ အထိမ်းအမှတ်အခမ်းအနားများကို အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ် (IMO)က ကြီးမှူး၍ ရေကြောင်းဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ရေကြောင်းပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကိစ္စရပ်များအပေါ် အထူးဂရုပြုဆောင်ရွက်လာနိုင်စေရေးအတွက် အဖွဲ့ဝင်နိုင်ငံများတွင် နှစ်စဉ်ကျင်းပကြပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ယနေ့တွင် လက်တွဲပါဝင်ကျင်းပခြင်းဖြစ်ပါကြောင်း၊ ၂၀၂၁ ခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ အထိမ်းအမှတ်ဆောင်ပုဒ်သည် “ရေကြောင်းကဏ္ဍ အနာဂတ်၏ ဗဟိုချက်သည် ပင်လယ်ကူးသင်္ဘောသားများဖြစ်သည် (Seafarers: at the core of shipping's future)” ဟူ၍ ဖြစ်ပါကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက အဖွဲ့ဝင်နိုင်ငံများကို သင်္ဘောသားများအား အဓိကကျသော လုပ်သားများအဖြစ် သတ်မှတ်ပေးရန်၊ သင်္ဘောမှဆင်း၍ ၎င်းတို့၏ မိခင်နိုင်ငံများသို့ ပြန်ခွင့်ပြုရေးအထောက်အပံ့များပေးရန် တိုက်တွန်းခဲ့ပါကြောင်း၊ လက်ရှိအချိန်အထိ မြန်မာသင်္ဘောသား ၁၀၀၀၀ ကျော်ကို သင်္ဘောအတက်၊ အဆင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ နိုင်ငံခြားသင်္ဘောသားများနှင့် ရေကြောင်းကဏ္ဍမှ ပုဂ္ဂိုလ်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါဘေးဒုက္ခများအကြား ကမ္ဘာ့ရေကြောင်းကုန်သွယ်မှုကို လုံခြုံချောမွေ့စွာ ပို့ဆောင်ပေးနေသည့် ပင်လယ်ကူးသင်္ဘောသားများကိုလည်း ချီးကျူးဂုဏ်ပြုပါကြောင်း မုဒိတာစကား ပြောကြားသည်။

**သတင်းစဉ်**
**ဓာတ်ပုံ - ကနူ**

# သီပေါမြို့နယ် တုံစင်ကျေးရွာမြစိမ်းရောင်စီမံကိန်း ဆဋ္ဌမနှစ်စက်ဝန်းအတွက် ရန်ပုံငွေပြန်လည်ထုတ်ချေး

**သီပေါ စက်တင်ဘာ ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော တုံစင်ကျေးရွာ မြစိမ်းရောင်စီမံကိန်း ဆဋ္ဌမနှစ်စက်ဝန်းအတွက် အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ပြန်လည်ထုတ်ချေးပေးခြင်းအခမ်းအနားကို စက်တင်ဘာ ၂၇ ရက်က တုံစင်ကျေးရွာ၌ ကျင်းပခဲ့သည်။

**ပြန်လည်ထုတ်ချေးပေးခဲ့**

အဆိုပါတုံစင်ကျေးရွာမြစိမ်းရောင်စီမံကိန်းမှာ ယခုအခါ အရင်းအတိုးများ ပြန်လည်ပေးဆပ်ပြီးဖြစ်သဖြင့် ဆဋ္ဌမနှစ်စက်ဝန်းအတွက် စိုက်ပျိုးရေးလုပ်ကိုင်သူ ၅၀၊ မွေးမြူရေးလုပ်ကိုင်သူ ကိုးဦး၊ အရောင်းအဝယ်လုပ်ကိုင်သူ ၅၃ ဦး၊ သက်မွေးလုပ်ငန်းလုပ်ကိုင်သူ ၃၀ စုစုပေါင်း ၁၄၂ ဦးအတွက် ငွေကျပ် ၆၆၈ သိန်းအား ကိုဗစ်-၁၉ ရောဂါကာလ ညွှန်ကြားချက်များနှင့်အညီ ပြန်လည်ထုတ်ချေးပေးခဲ့ကြောင်း သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းဆောင်ထံမှ သိရသည်။

**ဖြိုးကျော်(ပုံတောင်မြေ)**

■

☆ ကျောဖုံးမှ

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည့် အခြေအနေများနှင့် ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရှင်သန်ထက်မြက်ရေးအတွက် လုပ်ဆောင်မည့်လုပ်ငန်းရပ်များ ချမှတ်ခြင်း၊ တိုင်းရင်းသားများပါဝင်သည့် ဖော်ဆောင်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လက်တွေ့လုပ်ငန်းရပ်များ ဆောင်ရွက်ခြင်းဟူသည့် အဆင့် ၃ ဆင့်ကို အဆင့်လိုက်ဆောင်ရွက်သွားမည်ဖြစ်သည့် အခြေအနေများ၊ တပ်မတော်အနေဖြင့် လွတ်လပ်ရေးရရှိပြီးကတည်းက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် သမိုင်းကြောင်းအခြေအနေများ။

**ရှင်းလင်းပြောကြား**

၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှစ၍ ယနေ့အထိ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်များ အကြိမ်ကြိမ် ထုတ်ပြန်ခဲ့ပြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲပေးခဲ့သည့် အခြေအနေများနှင့် လက်ရှိတွင်လည်း ၇၅ နှစ်ပြည့်စိန်ရတု ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့အတွက် မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ အပြင် နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးယန္တရားများအား နှောင့်ယှက်ထိပါးတိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို အောက်တိုဘာ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ ၅ လကြာ ထပ်မံတိုးမြှင့်ရပ်စဲပေးခဲ့သည့်အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ပြင်ဦးလွင်၊ မြစ်ကြီးနား၊ လားရှိုး ခရီးစဉ်များတွင် ပြောကြားခဲ့သည့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို တည်ဆောက်ရာတွင် ပထမအချက်အနေဖြင့် ပြည်သူများ၏ ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာတည်ဆောက်ရေးကို နိုင်ငံရေးရည်မှန်းချက်ထားပြီး လုပ်ဆောင်လျက်ရှိမှုနှင့် ဒုတိယအချက် အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိမှု စသည့်အချက် ၂ ချက်ကို အဓိကထား၍ အလေးထားဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး NUG အမည်ခံ အကြမ်းဖက်အဖွဲ့များအနေဖြင့် စက်တင်ဘာ ၇ ရက်တွင် အကြမ်းဖက်လုပ်ရပ်များ ပိုမိုဖြစ်ပေါ်လာစေရန်

**ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား လုပ်ကြံသတ်ဖြတ်ခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံသော နေရာများအား ဗုံးထောင်၊ ဗုံးခွဲခြင်းများတွင် PDF အကြမ်းဖက်အဖွဲ့တစ်ဖွဲ့ဖြစ်သော F.F.F အဖွဲ့မှ အရွယ်မရောက်သေးသူ ကလေးငယ်များအား အသုံးချခြင်း**

**အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG မှ အသက်မပြည့်သေးသော လူငယ်များအား ဝါဒမှိုင်းတိုက်၍ ခိုင်းစေမှုကြောင့် အကြမ်းဖက် ဖောက်ခွဲသတ်ဖြတ်မှု ကျူးလွန်ခဲ့သည့် တရားခံများ ဖမ်းဆီးရမိမှု**




အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG မှ အသက်မပြည့်သေးသော လူငယ်များအား ဝါဒမှိုင်းတိုက်၍ ခိုင်းစေမှုကြောင့် အကြမ်းဖက် ဖောက်ခွဲသတ်ဖြတ်မှု ကျူးလွန်ခဲ့သည့် တရားခံများ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

လှုံ့ဆော်ခဲ့ပြီးနောက်ပိုင်းတွင် မြို့အချို့နှင့် ဒေသအချို့တို့တွင် မိုင်းထောင်၊ မိုင်းခွဲခြင်း၊ ဗုံးပစ်ခတ်ခြင်း၊ ဒလန်ဟုစွပ်စွဲ၍ အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း စသည့်ဖြစ်စဉ်များ ပိုမိုများပြားလာသည့် အခြေအနေများ၊ အကြမ်းဖက် PDF အဖွဲ့များအနေဖြင့် အကြမ်းဖက် လုပ်ရပ်များ၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ရာတွင် အများ ပြည်သူအသုံးပြုသည့် လမ်း၊ ရုံး၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးသည့် နေရာများနှင့် ဆက်သွယ်ရေးတာဝါတိုင်များကို အဓိကပစ်မှတ်ထား ဆောင်ရွက်လာသည်ကို တွေ့ရှိရပြီး အသက်အရွယ် ငယ်ရွယ်နုနယ်သည့် ကလေးငယ်များကိုပါ ရာဇဝတ်မှုကြီးများ ကျူးလွန်လာစေရန် သွေးထိုး လှုံ့ဆော်စေခိုင်းဆောင်ရွက်ခဲ့မှုများကို တွေ့ရှိရသည့် အခြေအနေများ၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများအပါအဝင် မြို့နယ်အချို့၌ အကြမ်းဖက် သမားများကို လက်နက်၊ ခဲယမ်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီး ရမိမှုများနှင့် ဖမ်းဆီးရမိသူများ၏ ဝန်ခံပြောကြားချက်များကို PowerPoint Presentation များ၊ Video ဖိုင်များဖြင့် အကျယ်တဝင့် ရှင်းလင်း ပြောကြားသည်။

**ရွေးကောက်ပွဲဆိုင်ရာစစ်ဆေးတွေ့ရှိချက်များ**

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေတို့၏ ရွေးကောက်ပွဲဆိုင်ရာ စစ်ဆေးတွေ့ရှိချက်များ ထုတ်ပြန်ထားရှိမှု အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ရလဒ်များကို ပယ်ဖျက်ကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့မှုများနှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ PowerPoint Presentation များဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သတင်းဌာနများမှ သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာန ဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက ပြန်လည် ရှင်းလင်းပြောကြားခဲ့ပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပြည်တွင်းသတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ပြည်တွင်းရုပ်မြင်သံကြား သတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနမှ သတင်းထောက်များ လာရောက်သတင်းရယူခဲ့ကြကြောင်းနှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်မှု၊ မေးမြန်းဖြေကြားမှုအပြည့်အစုံကို ဆက်လက်ဖော်ပြသွားမည်ဖြစ် ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံရေးပါတီများ၏ ပါတီရန်ပုံငွေ၊ ငွေကြေးနှင့် ပစ္စည်းများ စာရင်းစစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများကို တွေ့ရစဉ်။

---

✳ မြန်မာ့မီးရထားမှ

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းအတွင်း ကူးစက်ဖြစ်ပွားမှုကြောင့် နိုင်ငံတော်က အများပြည်သူ ရုံးပိတ်ရက်သတ်မှတ်ထားသည့်ကာလအတွင်း မဖြစ်မနေခရီးသွားလာကြမည့် ပြည်သူများနှင့် ကုန်စည်များ အဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရန်အတွက် မြန်မာ့မီးရထားမှ ဇူလိုင် ၁၉ ရက်မှစ၍ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းတွင် အမြန်ရထားတစ်စင်း၊ ရန်ကုန်-ပြည်လမ်းပိုင်းတွင် စာပို့ရထားတစ်စင်း၊ ကန့်ဘလူ-မန္တလေး လမ်းပိုင်းတွင် RBE ရထားနှစ်စင်း၊ ရန်ကုန်-မန္တလေး လမ်းပိုင်းတွင် စာပို့ရထားနှစ်စင်း၊ ပျဉ်းမနား-တောင်တွင်းကြီး လမ်းပိုင်းတွင် လူစီးကုန်တင်ရထား နှစ်စင်း၊ မော်လမြိုင်-ရေးလမ်းပိုင်းတွင် လူစီးကုန်တင်ရထား တစ်စင်း၊ သာစည်-ရွှေညောင်လမ်းပိုင်းတွင် စာပို့ရထားတစ်စင်းနှင့် ရန်ကုန်မြို့ပတ်ဆင်ခြေဖုံးလမ်းပိုင်းများတွင် RBE ရထား ၂၂ စင်း နေ့စဉ်ပြေးဆွဲပေးခဲ့ပြီးဖြစ်သည်။

**စီစဉ်ထားရှိ**

ယခုအခါ ရုံးများ၊ စက်ရုံ/အလုပ်ရုံများ ပြန်လည်ဖွင့်လှစ်နေပြီဖြစ်သဖြင့် စက်တင်ဘာ ၂၃ ရက်မှစတင်၍ ရန်ကုန်-နေပြည်တော်လမ်းပိုင်းတွင် လူစီး အမြန်ရထားတစ်စင်း၊ ရန်ကုန်-ပဲခူးလမ်းပိုင်းတွင် RBE ရထားနှစ်စင်း၊ အင်းစိန်-ဥက္ကံလမ်းပိုင်းတွင် RBE ရထားနှစ်စင်း၊ ပုသိမ်-ဟသ်ာတ-ကြံခင်းလမ်းပိုင်းတွင် လူစီးကုန်တင်ရထားသုံးစင်း ထပ်မံတိုးချဲ့၍ နေ့စဉ်ပြေးဆွဲပေးလျက်ရှိသည်။ အောက်တိုဘာ ၁ ရက်မှစ၍ ရန်ကုန်-ပြည်လမ်းပိုင်းတွင်စာပို့ရထား တစ်စင်းနှင့် ရန်ကုန် - မော်လမြိုင်လမ်းပိုင်းတွင် အမြန်ရထားတစ်စင်းတို့ကို ထပ်မံတိုးချဲ့၍ နေ့စဉ် အစုန်/အဆန် ပြေးဆွဲပေးသွားရန် စီစဉ်ထားရှိပြီး ဖြစ်သည်။

ထို့အပြင် ရထားစီးခရီးသွား ပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးနှင့် ကုန်စည်ပစ္စည်းများကို လိုရာခရီးသို့ ပို့ဆောင်နိုင်ရေးအတွက် ခရီးသည်စီးနင်းမှုနှင့် ကုန်တင်ပို့မှုများပြားလာမှုအပေါ်မူတည်၍ ခရီးသည်နှင့် ကုန်ရထားများအား ခရီးစဉ်တိုးချဲ့ပြေးဆွဲခြင်း၊ တွဲဆိုင်းများထပ်မံ တိုးချဲ့၍ နေ့စဉ်စုန်/ဆန်ပြေးဆွဲထားရန် စီစဉ်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေရေးလုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်သွားမည်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၉/၂၀၂၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးတို့က သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၉/၂၀၂၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

**ပြောကြား**

ဦးစွာ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ယနေ့ သတင်းစာရှင်းလင်းပွဲတွင် (၁) ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်မည့် (၇၅)နှစ်ပြည့်စိန်ရတုပြည်ထောင်စုနေ့၊ (၂) ဒို့တာဝန်အရေးသုံးပါးသဖွယ် ဆက်လက်အလေးထားလုပ်ဆောင်သွားမည့် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးနှင့် စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီပြည်ထောင်စု ခိုင်မာစေရေး၊ (၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်ချက်များနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ (၄) ရွေးကောက်ပွဲကော်မရှင်က ဆက်လက်လုပ်ဆောင်နေသည့် လုပ်ငန်းများပြောကြားမည်ဖြစ်ကြောင်း၊ ပထမ ၃ ချက်ကို မိမိက ပြောမည်ဖြစ်ပြီး စတုတ္ထအချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ပြောကြားမည်ဖြစ်ကြောင်း၊ ရှင်းလင်းပြောကြားမှုများပြီးပါက မေး၊ ဖြေကဏ္ဍဖြစ်ကြောင်း၊ အချိန်ကန့်သတ်ချက်အရ မီဒီယာတစ်ခုကို မေးခွန်းတစ်ခုသာ မေးမြန်းရန် ကြိုတင်မေတ္တာရပ်ခံလိုကြောင်း ပြောကြားသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် မိမိတို့နိုင်ငံ၏ (၇၅)နှစ်ပြည့် စိန်ရတုပြည်ထောင်စုနေ့ ဖြစ်ကြောင်း၊ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံသော သွေးစည်းညီညွတ်မှု၏ အထိမ်းအမှတ်သက်သေအဖြစ် တိုင်းရင်းသားအားလုံး တပေါင်းတစည်းတည်း လွတ်လပ်ရေးရယူကြမည်ဆိုသည့် သန္နိဋ္ဌာန်ဖြင့် ပင်လုံစာချုပ်၌ လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ကျရောက်လာတော့မည့် (၇၅)နှစ်ပြည့် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ အနေဖြင့် (၁) ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေရေးလုပ်ငန်းစဉ် (၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရှင်သန်ထက်မြက်ရေးအတွက် လုပ်ဆောင်မည့် လုပ်ငန်းရပ်များချမှတ်ခြင်း၊ တိုင်းရင်းသားများပါဝင်သော ဖော်ဆောင်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လက်တွေ့လုပ်ငန်းရပ်များ ဆောင်ရွက်ခြင်း ဆိုသည့် အဆင့် (၃) ဆင့်ကို နိုင်ငံတော်အစိုးရ အနေဖြင့် အဆင့်လိုက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုကိစ္စများအတွက် တိုင်းရင်းသားပြည်သူလူထုနှင့် ပါဝင်ပတ်သက်ရမည့် အစုအဖွဲ့များအားလုံးထံမှ အကြံပြုချက်များရယူခြင်း၊ အသိပေးခြင်းနှင့် ပညာပေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်ခြင်းဆိုသည့် လုပ်ငန်းစဉ်ကို မပြောမီ ခေတ်အဆက်ဆက် တပ်မတော်၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်ချက်များကို ပြောလိုကြောင်း၊ သို့မှသာ သမိုင်းကြောင်းနှင့် လက်ရှိ ပကတိအခြေအနေကို ပြည်သူလူထု တစ်ရပ်လုံး နှိုင်းယှဉ်ကြည့်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရခဲ့ကြောင်း၊ လွတ်လပ်ရေးမရမီကတည်းက လွတ်လပ်ရေးနှင့်အတူရှိလာမည့် မြန်မာနိုင်ငံတော်အစိုးရကို ကြိုတင်ဆန့်ကျင်နေသော သောင်းကျန်းသူအဖွဲ့အစည်းများ ရှိနေခဲ့ကြောင်း၊ အနည်းဆုံး ၅ ဖွဲ့ရှိခဲ့ကြောင်း၊ ရခိုင်မြောက်ပိုင်းက မူဂျာဟစ်အဖွဲ့၊ အလံနီကွန်မြူနစ်ပါတီ(ဖျာပုံ)၊ တပ်နီများ(ပျဉ်းမနား) စသည်တို့ ဖြစ်ကြောင်း၊ ထိုအဖွဲ့များပါဝင်သည့် အဖွဲ့(၅)ဖွဲ့သည် မြန်မာနိုင်ငံလွတ်လပ်ရေးမရခင်ကတည်းက လွတ်လပ်ရေးနှင့်အတူ ဖြစ်ပေါ်လာမည့် အစိုးရကို ကြိုတင်ဆန့်ကျင်သည့် အဖွဲ့အစည်းများဖြစ်ကြောင်း၊ ၁၉၄၈ ခုနှစ်၊ မတ်လတွင် ဗကပက ဦးနုခေါင်းဆောင်သော ဖဆပလအစိုးရကို ဝါဒရေးရာအရ ဆန့်ကျင်တောခိုခဲ့ပြီး ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ပိုကြီးလာကြောင်း၊ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့သည်ဟုပြောပြီး လွတ်လပ်ရေးရသည့်အခါ ၎င်းတို့ဘာကြောင့် တောခိုပြီး ဖဆပလအစိုးရကို ဆန့်ကျင်ခဲ့ပါသလဲ၊ အကြောင်းပြချက်မှာ **"ဗြိတိသျှအစိုးရထံကရသည့် လွတ်လပ်ရေးဟာ လွတ်လပ်ရေးအစစ်မဟုတ်၊ တကယ့်လွတ်လပ်ရေးကို လက်နက်နဲ့ တိုက်ယူမှ ရမယ်ဆိုတဲ့"** အကြောင်းပြချက်ပဲဖြစ်ကြောင်း၊ ပျဉ်းမနားညီလာခံတွင် **"မြန်မာပြည်တွင်းလက်နက်ကိုင်တော်လှန်ရေးလုပ်ငန်းစရန် အချိန်တန်ပြီ"**ဟု လှုံ့ဆော်ခဲ့ကြောင်း၊ ၁၉၄၈ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့က ဗန္ဓုလပန်းခြံထဲ၌ လုပ်ခဲ့သည့် အခမ်းအနားတွင် ဗကပခေါင်းဆောင် သခင်သန်းထွန်းက **"အေးအေးနေချင်တဲ့ သခင်နုကို အအေးဆုံးနေရာဖြစ်တဲ့ သင်္ချိုင်းကို ပို့ပစ်ရမယ်၊ ဗားကရာချောက်ကြီးမှာ ဆိုရှယ်လစ်အရိုး တောင်လိုပုံရစေမယ်"**ဆိုပြီး လှုံ့ဆော်ခဲ့ကြောင်း၊ ထိုအချက်များသည် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၏ အစများဖြစ်ကြောင်း၊ မိမိပြောလိုသည်မှာ ယနေ့ ဖြစ်ပေါ်နေသည့် အခြေအနေများနှင့် ထင်ဟပ်နှိုင်းယှဉ်ကြည့်စေလိုကြောင်း၊ ၂၀၁၀ နောက်ပိုင်း ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် အချို့သော အစွန်းရောက်နိုင်ငံရေးသမားတွေ ပြောဆိုခဲ့သော **"ခုရရှိတဲ့ ဒီမိုကရေစီစနစ်ဆိုတာ အစစ်အမှန်မဟုတ်ဘူး"** ဆိုသည့်ကိစ္စများ၊ **"စစ်တစ်ပိုင်းအစိုးရ"** ဆိုသည့်ကိစ္စများ၊ **"အာဏာဟူသမျှ ဖီဆန်ကြ"** ဆိုသည့် လှုံ့ဆော်မှုများ၊ ယခု NUG၊ CRPH နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းများ၏ **"အုပ်ချုပ်လို့မရစေရ"** ဆိုသော ပြောကြားချက်များ၊ ၎င်းတို့ကို မထောက်ခံသူများကို ဒလန်တံဆိပ်ကပ်ပြီး စွပ်စွဲသတ်ဖြတ်နေမှုများနှင့် အကြမ်းဖက်လုပ်ရပ်များကို ဦးတည်နေသည့် လှုံ့ဆော်ချက်၊ ထုတ်ပြန်ချက်နှင့် ပြောကြားချက်များအပေါ် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် အတိတ်ကာလနှင့်နှိုင်းယှဉ်စဉ်းစားပြီး တိုင်းပြည်ပျက်အောင် မီးထိုးနေသောသူများကို သတိထားကြစေလိုသည်ကို ပြောကြားလိုကြောင်း ပြောကြားသည်။

**လက်ဝဲညီညွတ်ရေးမူ ၁၅ ချက်**

နိုင်ငံတော်အစိုးရအဆက်ဆက်နှင့် တပ်မတော်အနေဖြင့် လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေး၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ကြောင်း၊ ဗကပများ တောခိုပြီး တစ်လကျော်အကြာတွင် သခင်နုကသူ့ကို ဒီလောက်ပြောဆိုကြိမ်းမောင်းနေသည့် ကွန်မြူနစ်များနှင့် ငြိမ်းချမ်းမှုရရှိစေရေး လက်ဝဲညီညွတ်ရေးမူ ၁၅ ချက်ကို ထုတ်ပြန်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ လွတ်လပ်ရေးရပြီးစကာလမှာ လွတ်လပ်ရေးကို ကြိုးပမ်းခဲ့ကြသော အင်အားစုတော်တော်များများမှာ လက်ဝဲယိမ်းသူများကြောင်း၊ ထို့ကြောင့် ထိုအဖွဲ့များကြား မတူညီမှုများကို ဘေးဖယ်၊ တူညီသောကိစ္စများကိုပေါင်းလုပ်ရင်း ပြည်တွင်းညီညွတ်မှုရစေရန်၊ ထိုမှတစ်ဆင့် ပြည်တွင်းငြိမ်းချမ်းရေးရစေရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကွန်မြူနစ်၊ ဆိုရှယ်လစ်နှင့် ပြည်သူ့ရဲဘော်တို့က ကိုယ့်အဖွဲ့ကိုယ်ဖျက်ပြီး တစ်ပါတီတည်းအဖြစ် ပူးပေါင်းပါဝင်ကြိုးပမ်းကြရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခဲ့ကြောင်း၊ ဖဆပလအစိုးရအနေဖြင့် ကွန်မြူနစ်များနှင့်တိုက်နေသည့်စစ်ကိုရပ်စဲပြီး လက်ဝဲညီညွတ်ရေးအတွက် ဇူလိုင်လမှာ လက်ဝဲစည်းရုံးရေးကောင်စီကို တပ်မတော်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းက ဥက္ကဋ္ဌအဖြစ်ပါဝင်သော အဖွဲ့ဝင် ၂၁ ဦးနှင့်ဆောင်ရွက်ခဲ့ကြောင်း၊ မအောင်မြင်ခဲ့ကြောင်း၊ မအောင်မြင်ရသည့် အကြောင်းများစွာရှိပြီး အချက်တစ်ချက်ကို ပြောလိုကြောင်း၊ ထိုလက်ဝဲညီညွတ်ရေးမူ ၁၅ ချက်လည်း ထုတ်ပြန်ရော အင်္ဂလန်နှင့် အမေရိကန်က မြန်မာပြည်ကြီး နီသွားပြီဟုရေးသားမှုများ၊ စောင့်ကြည့်ရဦးမယ်ဟု ဟိန်းဟောက်မှုများ လုပ်လာကြကြောင်း၊ အချင်းချင်းကကွဲ၊ လွတ်လပ်ရေးရပြီးစအင်အားကလည်း နည်းနေ၍ အစိုးရအနေဖြင့် ဦးတင်ထွဋ်ကို လန်ဒန်အထိ စေလွှတ်ပြီး ရှင်းပြရသည့် အဆင့်ရောက်ခဲ့ကြောင်း၊ ထို့ကြောင့် လက်ဝဲညီညွတ်ရေးမူထဲက **"မက်စ်ဝါဒလေ့လာရေးအဖွဲ့ ဖွဲ့ရန်"** ဆိုသည့် အချက်တစ်ချက်ကို ဖြုတ်ပြီး ၁၄ ချက်ဖြစ်လာရကြောင်း၊ မိမိပြောချင်သည်မှာ အချို့နိုင်ငံခြားအခြေစိုက် မီဒီယာများနှင့် ပြောသည့်အချိန်တွင် ပြောခဲ့သလို **"အနောက်နိုင်ငံအချို့အနေနဲ့ မြန်မာနိုင်ငံမှာ မြန်မာပြည်သူလူထုအကျိုးကို ဖော်ဆောင်ပေးမယ့်အစိုးရ၊ ဒီမိုကရေစီအစိုးရဆိုတာမျိုးထက် သူတို့ကြိုးကိုင်ခြယ်လှယ်လို့ရမယ့်အစိုးရမျိုး တက်လာတာ၊ ရှိနေတာကိုပဲ လိုချင်တာ"**ဖြစ်ကြောင်း ပြောကြားသည်။

**တော်လှန်ရေးကောင်စီ၏ ကမ်းလှမ်းချက်**

နိုင်ငံတော်အစိုးရ၊ တပ်မတော်အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် ၁၉၄၈-၁၉၄၉ ခုနှစ်မှာ KNU နှင့် ဆွေးနွေးခဲ့ကြောင်း၊ ၁၉၆၀ ပြည့်နှစ်တွင် ကေအင်န်ယူနှင့် ထပ်ဆွေးနွေးခဲ့ကြောင်း၊ တော်လှန်ရေးကောင်စီတက်လာပြီး နောက်ပိုင်း ၁၉၆၃ ခုနှစ်၊ ဇွန်လတွင် **"ပြည်တွင်းငြိမ်းချမ်းရေးအတွက် တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းအားလုံးသို့ တော်လှန်ရေးကောင်စီ၏ ကမ်းလှမ်းချက်"**ကို ထုတ်ပြန်ခဲ့ကြောင်း၊ ထိုနှစ်ထဲမှာပဲ ဗကပနှင့် ၇ ကြိမ်ဆွေးနွေးခဲ့ကြောင်း၊ KIA၊ KIC တို့နှင့် ၃ ကြိမ် ဆွေးနွေးခဲ့ကြောင်း၊ KNU၊ MNSP ၊ KNPP သုံးပါတီနှင့်၊ ၎င်းတို့ပါဝင်သော မဒညတ အဖွဲ့များကို ၅ ကြိမ်ခန့် ဆွေးနွေးခဲ့ကြောင်း၊ လမ်းစဉ်ပါတီခေတ် ၁၉၈၀-၁၉၈၁ ခုနှစ်ထဲတွင် KIA နှင့် ၁၀ ကြိမ်၊ ဗကပနှင့် ၂ ကြိမ် ဆွေးနွေးခဲ့ကြောင်း၊ စောဟန်တာသာမွှေး ဦးဆောင်သော ကရင်တော်လှန်ရေးကောင်စီ (KRC) တစ်ဖွဲ့တည်းနှင့်သာ ငြိမ်းချမ်းရေး တည်ဆောက်နိုင်ခဲ့ကြောင်း ပြောကြားသည်။

တော်လှန်ရေးကောင်စီအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ရာတွင် လက်နက်ကိုင်အဖွဲ့အစည်းများနှင့်သာမဟုတ်ဘဲ နိုင်ငံရေးခေါင်းဆောင်များ၏ အကြံဉာဏ်ကိုရယူပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် တိုင်းရင်းသားလူမျိုးစုများအရေး စသော နိုင်ငံနှင့် လူမျိုးအကျိုးစီးပွားဖြစ်ထွန်းစေမည့်ကိစ္စများကို ဆောင်ရွက်နိုင်ရန် ရည်မှန်းပြီး **"ပြည်တွင်းညီညွတ်ရေးအကြံပေးအဖွဲ့"** ကို ၁၉၆၈ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ဖွဲ့စည်းခဲ့ကြောင်း၊ အဓိကရည်ရွယ်ချက်က စည်းစည်းလုံးလုံး ညီညီညာညာနှင့် တိုင်းပြုပြည်ပြုကိစ္စများ ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း၊ ပြည်တွင်းညီညွတ်ရေးအဖွဲ့တွင် အဖွဲ့ဝင် ၃၃ ဦး ပါဝင်ခဲ့ကြောင်း၊ ထင်ရှားသော ပုဂ္ဂိုလ်များမှာ ဦးနု(ဝန်ကြီးချုပ်ဟောင်း)၊ ဦးကျော်ငြိမ်း၊ ဝိဓူရသခင်ချစ်မောင်၊ ဦးဗဆွေ၊ မန်းဝင်းမောင်၊ ဒူဝါဇော်လွန်း၊ ဗိုလ်မှူးအောင်၊ ဗိုလ်မင်းခေါင်တို့ ပါဝင်ခဲ့ကြကြောင်း၊ ထို ၃၃ ဦး စာရင်းကို လေ့လာကြည့်ရင် တည်မြဲ (ဖဆပလ)၊ သန့်ရှင်း(ဖဆပလ)နှင့် ပမညတ စသည့် နိုင်ငံရေးအဖွဲ့မျိုးစုံက ပုဂ္ဂိုလ်များပါဝင်သလို တိုင်းရင်းသားလူမျိုးစုံ ပါဝင်ခဲ့ကြောင်း၊ ထိုအကြံပေးအဖွဲ့အနေဖြင့် အကြံပြုခဲ့ရာမှာ အုပ်စု လေးစုခန့် ကွဲပြားခဲ့ကြောင်း၊ ဥပမာအားဖြင့် ဗိုလ်မှူးအောင်၊ ဗိုလ်မှူးခင်မောင်ကလေး၊ ဒူဝါဇော်လွန်းတို့ပါသည့် ၁၈ ဦး အုပ်စုက နိုင်ငံရေးစနစ်အနေဖြင့် ဒီမိုကရေစီဆိုရှယ်လစ်လမ်းကြောင်းကို လျှောက်လှမ်းရန်နှင့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးရန်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးစနစ်က အမေရိကန်ပြည်ထောင်စုကဲ့သို့ သမ္မတအုပ်ချုပ်ရေးစနစ်ကျင့်သုံးရန်၊ စီးပွားရေးစနစ်က အစိုးရ၊ သမဝါယမ၊ ဖက်စပ်နှင့် ပုဂ္ဂလိက Mix Economy ပုံစံကျင့်သုံးရန် ဖြစ်ကြောင်း၊ ဝိဓူရသခင် ချစ်မောင်၊ ဦးထွန်းမြင့် (လင်းခေး)တို့ ဦးဆောင်သော ၁၁ ဦးမှာ နိုင်ငံရေးစနစ်အနေဖြင့် ဆိုရှယ်လစ်ဒီမိုကရေစီလမ်းကြောင်းနှင့် တစ်ပါတီနိုင်ငံရေးစနစ်၊ စီးပွားရေးအနေဖြင့် စီမံကိန်းစီးပွားရေးစနစ်၊ အုပ်ချုပ်ရေးစနစ်အနေဖြင့် ပြည်သူ့ကောင်စီအဆင့်ဆင့်ဆိုသည့် လမ်းကြောင်းကို အကြံပြုခဲ့ကြောင်း၊

စာမျက်နှာ ၁၁ သို့

❐ စာမျက်နှာ ၁၀ မှ
ဦးကျော်ငြိမ်း ဦးဆောင်သည့် သုံးဦးအဖွဲ့မှာ နိုင်ငံတော်ကို ဖက်ဒရယ်ပြည်ထောင်စုပုံစံမဖွဲ့စည်းဘဲ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့ကဲ့သို့ တစ်ပြည်ထောင်စနစ်ကျင့်သုံးပြီး ပြည်နယ်များ ခွဲထွက်ခွင့်ကို လုံးဝလက်မခံရန် အကြံပြုခဲ့ကြောင်း၊ ဝန်ကြီးချုပ်ဟောင်း ဦးနုကတော့ သူ့လက်ထဲ အာဏာပြန်အပ်ရန်တောင်းဆိုခဲ့ကြောင်း၊ အမျိုးမျိုးကွဲပြားသော အယူအဆများကို တွေ့ရပါလိမ့်မည်ဖြစ်ကြောင်း၊ ဤနေရာတွင် ပြောလိုသည်မှာ အမျိုးသားရင်ကြားစေ့ရေးဆိုသည့် အယူအဆနှင့် လုပ်ဆောင်ချက်မှာ ယခုမှရှိခြင်းမဟုတ်ကြောင်း၊ ရှိခဲ့၊ လုပ်ခဲ့ကြကြောင်း၊ ဘာကြောင့်အောင်မြင်မှုမရသလဲ ဆိုသည်ကို သမိုင်းမှာရှာဖတ်ကြည့်ကြပါဟု ပြောလိုကြောင်း ပြောကြားသည်။

### ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့

၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် တပ်မတော်အစိုးရလက်ထက်၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး ၁၇ ဖွဲ့၊ အဖွဲ့ငယ် ၂၃ ဖွဲ့နှင့် တွေ့ဆုံဆွေးနွေးပြီး ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့ကြောင်း၊ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ပါတီစုံဒီမိုကရေစီခေတ်၌ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လမ်းကြောင်းကို ဖော်ဆောင်ခဲ့ပြီး ၂၀၁၅ ခုနှစ်မှာ NCA လက်မှတ်ရေးထိုးသည့် EAO အဖွဲ့ ရှစ်ဖွဲ့၊ ၂၀၁၈ ခုနှစ်မှာ လက်မှတ်ရေးထိုးသည့် အဖွဲ့ နှစ်ဖွဲ့ စုစုပေါင်း ၁၀ ဖွဲ့နှင့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့ကြောင်း၊ ဤနေရာတွင် ပြောလိုသည်မှာ ထို NCA လက်မှတ်ရေးထိုးခဲ့သည့် အဖွဲ့အများစုမှာ တပ်မတော်အစိုးရလက်ထက်ကတည်းက ငြိမ်းချမ်းရေးအတွက် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များ လက်မှတ်ရေးထိုးခြင်းစသည့် ကိစ္စရပ်များကို ဆောင်ရွက်ခဲ့ကြသည့်အဖွဲ့များဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ် (NCA လက်မှတ်ရေးထိုးခါနီး)တွင် EAO များကို “NCA စာချုပ်မှာ အလျင်စလို လက်မှတ်မထိုးကြဖို့” ဆိုသည့် သတင်းစကား ပျံ့လွင့်လာမှုကိုလည်း သတိရစေလိုကြောင်း ပြောကြားသည်။

### ငါးလကြာ ထပ်မံတိုးမြှင့်ရပ်စဲပေးခဲ့

တပ်မတော်အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံး NCA လမ်းကြောင်းမှာ လျှောက်လှမ်းနိုင်ဖို့ အမြဲတိုက်တွန်းနှိုးဆော်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေးလိုချင်ရင် တပ်မတော်က တစ်ဖက်သတ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပေးရန်ဆိုသည့် သဘောထား၊ အယူအဆများကို ပြောလာခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှ ယနေ့အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်ပေါင်း အကြိမ်(၂၀) ပြုလုပ်ခဲ့ပြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲပေးခဲ့ကြောင်း၊ ယခုလည်း (၇၅)နှစ်ပြည့် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအပြင် နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးယန္တရားများကို နှောင့်ယှက်ထိပါးတိုက်ခိုက်ချိန်မှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ငါးလကြာ ထပ်မံတိုးမြှင့်ရပ်စဲပေးခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုစနစ်ကို အာမခံထားပြီးဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ဆိုသည်မှာ တစ်ဒေသနှင့် တစ်ဒေသ၊ လူမျိုးစုတစ်ခုနှင့် တစ်ခု မတူညီသည့် အခွင့်အရေးများမဟုတ်ဘဲ တူညီသောစနစ်ဖြင့် ဖော်ဆောင်ရမည်ဖြစ်ကြောင်း



မဲမသမာမှုများ ဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများကို တွေ့ရစဉ်။

ပြောကြားသည်။

### အချက် နှစ်ချက် အလေးထားဆောင်ရွက်လျက်ရှိ

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်ရာတွင် (၁) သက်ဆိုင်ရာတိုင်းရင်းသားများ၊ သက်ဆိုင်သောသူများ ကိုယ်တိုင် ပါဝင်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကျိုးဆောင်နိုင်ရေးနှင့် မြှင့်တင်ရေး ဆောင်ရွက်ခြင်း (၂) တပ်မတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီနှင့် EAO များ တိုက်ရိုက်ဆွေးနွေးခြင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် မြှင့်တင်ရေးအဖွဲ့များနှင့် ဆွေးနွေး ခြင်း (၃) NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးပိုမိုခိုင်မာအောင် ဆောင်ရွက်ခြင်း၊ NCA လက်မှတ်မထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို NCA လက်မှတ်ရေးထိုးနိုင်အောင် ရည်ရွယ်လျက် ပစ်ခတ်တိုက်ခိုက်မှုလျော့နည်းလာစေရေး၊ နှစ်ဖက်သဘောတူညီချက်များ ရရှိရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အနှစ်ချုပ်အားဖြင့် လာမည့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်မည့် စိန်ရတုပြည်ထောင်စုနေ့တွင် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာရေးကို အချက်(၃)ချက်ဖြင့် ဖော်ဆောင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ယခင်အပတ် ပြင်ဦးလွင်၊ မြစ်ကြီးနား၊ လားရှိုးခရီးစဉ်တို့တွင် **“မိမိတို့အနေနဲ့ နိုင်ငံတော်တည်ဆောက်ရာမှာ အချက် နှစ်ချက်ကို အဓိကထား၍ အလေးထား ဆောင်ရွက်လျက်ရှိပြီး ပထမအချက်အနေနဲ့ ပြည်သူတွေရဲ့ဆန္ဒနဲ့အညီ ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာတည်ဆောက်ရေးကို နိုင်ငံရေးရည်မှန်းချက်ထားပြီး လုပ်ဆောင်လျက်ရှိကြောင်း၊ ဒုတိယအချက်အနေနဲ့ တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာပေါများရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း”** ကို ပြောကြားခဲ့ကြောင်း၊ ထိုနှစ်ချက်ကို အလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုနှစ်ခုသည် အပြန်အလှန်ဆက်စပ်လျက်ရှိကြောင်း ပြောကြားသည်။

### တိုင်းပြည်သာယာဝပြောရေး

တိုင်းပြည် သာယာဝပြောရေးအတွက် ဆောင်ရွက်သည့်အချိန် မိမိတို့နိုင်ငံ၌ အဓိကလိုအပ်ချက်မှာ ငြိမ်းချမ်းရေးသာဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းများ မြှင့်တင်နိုင်ရန်အတွက် လုပ်ဆောင်မည့်အချက်များကို မိမိရှေ့ပိုင်း၌ ပြောခဲ့ပြီးဖြစ်ကြောင်း၊ နောက်တစ်ခုမှာ စီးပွားရေးဖြစ်ကြောင်း၊ စီးပွားရေးဟုဆိုရာတွင် တိုင်းပြည်သာယာဝပြောရေးအတွက် လိုအပ်သည့် အခြေခံစီးပွားရေးကိုသာ ဦးတည်ပြောဆိုမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အခြေခံစီးပွားရေးသည် စိုက်ပျိုး၊ မွေးမြူရေးကို အခြေခံသည့် စီးပွားရေးသာဖြစ်ကြောင်း၊ တိုင်းပြည်၌ ရှိသည့် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည့် စိုက်ပျိုးရေးလုပ်ငန်းနှင့် စိုက်ပျိုးရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများတွင် လုပ်ကိုင်နေသူများဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းပြည်သာယာဝပြောရေးအတွက် ဆောင်ရွက်ရာတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးမြှင့်ရေး၊ အခြေခံစီးပွားရေး ခိုင်မာစေရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ခေတ်မီနည်းကျကျ တိုးတက်အောင် လုပ်ဆောင်နိုင်ရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုအတွက် ဆောင်ရွက်မှုများအနေဖြင့် ခေတ်မီစိုက်ပျိုးမွေးမြူရေးဖြစ်စေရန် လက်တွေ့လုပ်ဆောင်မည့်သူများ၊ လက်တွေ့လုပ်ဆောင်မည့်သူများအပေါ် ဦးဆောင်သူများကို နည်းစနစ်ကောင်းများ၊ ထိရောက်သောလုပ်ဆောင်မှုများ ဖြစ်လာစေရန်အတွက် အရင်းအမြစ်များ စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတစ်ဝန်း၌ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သိပ္ပံများ၊ ကျောင်းများနှင့် ကောလိပ်များ ဖွင့်လှစ်ပေးနိုင်ရန် ဆောင်ရွက်နေကြောင်း၊ လက်တွေ့လုပ်ငန်းခွင်တွင် လိုအပ်ချက်များ၊ ပေါင်းစပ်မှုများကို ဖြည့်ဆည်းနိုင်ရန်အတွက် စိုက်ပျိုးရေးဝန်ကြီးဌာနအပြင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကိုပါ ထပ်မံဖွဲ့စည်းခဲ့ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ သမဝါယမစနစ်ဆိုရာတွင် ယခင်ကကျင့်သုံးခဲ့သည့် စီမံကိန်းစီးပွားရေးစနစ်၊ အစိုးရက ဦးဆောင်ပြုလုပ်မည့် စနစ်မျိုးမဟုတ်ဘဲ အားလုံးပါဝင်သည့် သမဝါယမစနစ်၊ ပြည်သူလူထုကိုယ်တိုင်ပါဝင်ပြီး ပြည်သူလူထုကိုယ်တိုင် အစုအဖွဲ့အလိုက် ဖွဲ့စည်းသည့် လူထုအခြေခံ သမဝါယမစနစ်ကို ကျင့်သုံးမည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရန်အတွက်လည်း အဓိကပါဝင်သူများဖြစ်သည့် နိုင်ငံရေးပါတီများ စည်းစနစ်တကျရှိစေရေး၊ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာ သယ်ပိုးနိုင်စေရေးအတွက် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံညှိနှိုင်းပေးသည့်အပြင် လုပ်ငန်းဆောင်တာများကိုလည်း စစ်ဆေးပေးမှုများ ဆောင်ရွက်နေကြောင်း၊ အသေးစိတ်ကို ရွေးကောက်ပွဲကော်မရှင်၏ ပြောရေးဆိုခွင့်ရှိသူက ပြောမည်ဖြစ်ကြောင်း ပြောကြားသည်။

### ပိုမိုများပြားလာခဲ့

နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးကိစ္စများကို ဆက်ပြောမည်ဖြစ်ကြောင်း၊ NUG အမည်ခံ အကြမ်းဖက်အဖွဲ့က စက်တင်ဘာလ ၇ ရက်နေ့က အကြမ်းဖက်လှုံ့ဆော်ချက်လှုံ့ဆော်အပြီးတွင် မြို့အချို့နှင့် ဒေသအချို့တို့မှာ မိုင်းထောင်၊ မိုင်းခွဲမှုများ၊ ဗုံးနှင့်ပစ်ခတ်မှုများ၊ ဒလန်ဟုစွပ်စွဲပြီး အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်မှုများ ပိုမိုများပြားလာခဲ့ကြောင်း၊ ဥပမာအနေဖြင့် ဩဂုတ်လ ဒုတိယအပတ်လောက်ကစပြီး တစ်နိုင်ငံလုံးမှာ ဗုံးခွဲတိုက်ခိုက်မှု လျော့နည်းလာပြီး ဩဂုတ်လ ၂၅ ရက်နေ့နှင့် ၂၆ ရက်နေ့တို့တွင် တစ်ကြိမ်စီရှိခဲ့ကြောင်း၊ စက်တင်ဘာလ ၃ ရက်နေ့တွင် တစ်ကြိမ်၊ ၅ ရက်နေ့တွင် သုံးကြိမ်ရှိခဲ့ကြောင်း၊ စက်တင်ဘာလ ၇ ရက်နေ့၌ အများဆုံးဖြစ်ပြီး ၁၅ ကြိမ်ရှိခဲ့ကြောင်း၊ စက်တင်ဘာလ ၁၄ ရက်နေ့အထိ တစ်နေ့ ပျမ်းမျှ ၁၀ ကြိမ်ခန့်ရှိခဲ့ပြီး နောက်ပိုင်းရက်များတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လုံခြုံရေးစည်းစနစ်ကျနမှုနှင့် ပြည်သူလူထု ပူးပေါင်းဆောင်ရွက်မှုများကြောင့် ပျမ်းမျှ ခုနစ်ကြိမ်ခန့်အထိ လျော့နည်းလာကြောင်း၊ ဥပမာ စက်တင်ဘာလ ၂၄ ရက်နေ့တွင် နှစ်ကြိမ်၊ စက်တင်ဘာလ ၂၇ ရက်နေ့တွင် လေးကြိမ်ရှိခဲ့ကြောင်း၊ ဗုံးထောင်၊ ဗုံးခွဲသည့်လုပ်ငန်းများ လုပ်ဆောင်သည့်အချိန် အများပြည်သူ အသုံးပြုသောလမ်းများ၊ ရုံးများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးသည့်နေရာများနှင့် ဆက်သွယ်ရေးတာဝါတိုင်များကို အဓိကပစ်မှတ်ထားဆောင်ရွက်လာသည်ကို တွေ့ရကြောင်း၊ အသက်အရွယ် ငယ်ရွယ်သေးသော ကလေးငယ်များကိုပါ ရာဇဝတ်မှုကြီးတွေ ကျူးလွန်အောင် သွေးထိုးလှုံ့ဆော်စေခိုင်း ဆောင်ရွက်ခဲ့မှုများတွေ့ရကြောင်း ပြောကြားသည်။

### အနည်းဆုံး လူသုံးဦးကို သတ်ဖြတ်ခဲ့

ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကိုဗစ်-၁၉ ရောဂါ ဆေးထိုးနှံရန် စုရပ်နေရာများကို ပစ်ခတ်တိုက်ခိုက်ခဲ့သည့် PDF အကြမ်းဖက်အဖွဲ့ထဲက တစ်ဖွဲ့ဖြစ်သည့် F.F.F (Freedom Fighter Force) အဖွဲ့က အရွယ်မရောက်သေးသူ ကလေးငယ်များသည် အနည်းဆုံး လူသုံးဦးကို သတ်ဖြတ်ခဲ့ပြီး မူးယစ်ဆေးသုံးစွဲခဲ့ကြောင်း၊ ၎င်းတို့ကို On Line ပေါ်ကနေ မြှောက်ပင့်ပေးပြီး အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်စေခဲ့ကြောင်း၊ ၎င်းတို့အနေနှင့် ၎င်းတို့သတ်ခဲ့သည့်သူများသည် ၎င်းတို့စွပ်စွဲနေသည့် ဒလန်ဟုတ်/ မဟုတ်ဆိုသည်ကိုပင် မသိကြကြောင်း၊ ၎င်းတို့ကို စည်းရုံးစဉ်ကလည်း ဆေးသင်တန်းတက်ရမည်ဟု စည်းရုံးခဲ့ကြောင်း၊ NUG က အကြမ်းဖက်သမား ဒေါက်တာဇော်ဝေစိုး၏ စကားများအတိုင်း ဆေးကုသရေးအဖွဲ့များဖြစ်ကြောင်း၊ လက်တွေ့တွင် လူသတ်သည့်အလုပ်ကို လုပ်နေကြောင်း၊ အရွယ်မရောက်သေးသည့် ကလေးငယ်များ ပြစ်မှုမည်ကဲ့သို့ ကျူးလွန်ဆောင်ရွက်ခဲ့သည်ဆိုသည်ကို ၎င်းတို့၏ ပြောဆိုချက်များကို နားထောင်ကြည့်စေလိုကြောင်း၊ ၎င်းတို့၏ မျက်နှာအမူအရာများကိုကြည့်ပြီး နားထောင်ကြည့်လျှင် အခြေအနေကို သဘောပေါက်နိုင်မည်ဖြစ်ကြောင်း၊ ပထမဦးဆုံး အသက်(၁၄)နှစ်သာရှိသေးသည့် ကြယ်စင်နှင်းဝေ Video ဖိုင်ပြမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး Video Clip အား မီဒီယာများကိုပြသသည်။

ထို့နောက် ယခုပြသသူမှာ မိမိတို့၏ သမီးအရွယ်ရှိသေးကြောင်း၊ ဤကလေးကို ထိုအခြေအနေရောက်အောင် မည်သူများက မြှောက်ပင့်ပေးလိုက်တာလဲ၊ ပြည်ပ၌ ထွက်ပြေးနေကြသည့် NUG အမည်ခံအကြမ်းဖက်ခေါင်းဆောင်များ တာဝန်ယူရမည်၊ တာဝန်ခံရမည်၊ ပေးဆပ်ရလိမ့်မည်ဟု ပြောလိုကြောင်း၊ ယင်းအဖွဲ့ထဲမှ ဖမ်းဆီးရမိသည့် ကလေးများ၏ နောက်ထပ်ထွက်ဆိုချက်များကို ထိုအဖွဲ့ထဲက သုံးယောက်ကို ပြသခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ဟိန်းထက်အောင်နှင့် သန့်စင်တို့၏ ထွက်ဆိုချက် Video Clip ကို ပြသသည်။

အရွယ်မရောက်သေးသည့် ကလေးများ များနေကြောင်း၊ ၎င်းကလေးများ၏ Video ဖိုင်ကို မိမိပြသခြင်းသည် ထိုကလေးများနှင့် ဆက်စပ်နေသည့် အသိုင်းအဝိုင်းကို အပုပ်ချလိုသည့် ရည်ရွယ်ချက်၊ အပြစ်တင်လိုသည့် ရည်ရွယ်ချက်ဖြင့် ပြသလိုခြင်းမဟုတ်ကြောင်း၊ ဖြစ်နေသည့်အဖြစ်အပျက်မှန်ကို မီဒီယာများ၊ တစ်နိုင်ငံလုံးမှာရှိသည့် မိဘပြည်သူများအားလုံးလည်း သိရှိရန် ပြသရခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ပြသရခြင်းကိုလည်း စိတ်မကောင်းပါကြောင်း၊ **စာမျက်နှာ ၁၇ သို့** ❐

# ကမ္ဘာ့စက်မှုထိပ်သီးနိုင်ငံ ၂၀ ခေါင်းဆောင်များက အာဖဂန်နစ္စတန်နိုင်ငံသို့ အရေးပေါ်ကူညီထောက်ပံ့ရေး ဆွေးနွေးမည်

**ရောမ စက်တင်ဘာ ၃၀**

ကမ္ဘာ့စက်မှုထိပ်သီးနိုင်ငံ ၂၀(ဂျီ ၂၀)ခေါင်းဆောင်များက တာလီဘန်အုပ်ချုပ်မှုလက်အောက်ရှိ အာဖဂန်နစ္စတန်နိုင်ငံအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များ ပေးခြင်းနှင့်ပတ်သက်ပြီး အောက်တိုဘာ ၁၂ ရက်တွင် အစည်းအဝေးတစ်ရပ်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအာဖဂန်နစ္စတန်အရေးဆွေးနွေးပွဲကို အီတလီနိုင်ငံက အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း အီတလီဝန်ကြီးချုပ် မာရီယို ဒရာဟီက ယမန်နေ့ သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောသည်။

အဆိုပါအစည်းအဝေးကို အွန်လိုင်းမှ ကျင်းပသွားမည်ဖြစ်ကြောင်း မီဒီယာများက သတင်းဖော်ပြသည်။

တာလီဘန်အဖွဲ့က ဩဂုတ်လတွင် အာဖဂန်နစ္စတန်နိုင်ငံကို သိမ်းပိုက်ခဲ့သည်။ ဂျီ၂၀ ခေါင်းဆောင်များက အာဖဂန်အမျိုးသမီးများ၏ အခွင့်အရေးကို လေးစားရန် တာလီဘန်အဖွဲ့အား တိုက်တွန်းပြောကြားလျက်ရှိသည်။

သို့သော် အာဖဂန်နစ္စတန်အစိုးရ၏ နိုင်ငံရပ်ခြားပိုင်ဆိုင်မှုများကို တာလီဘန်အဖွဲ့အား သုံးစွဲခွင့်ပြုခြင်းနှင့်ပတ်သက်ပြီး ကမ္ဘာ့နိုင်ငံများအကြား သဘောထားကွဲလွဲမှုများ ရှိနေဆဲဖြစ်သည်။

လူသားချင်းစာနာထောက်ထားသည့် ကူညီထောက်ပံ့မှုများ ပေးခြင်းသည် ကမ္ဘာ့စက်မှုထိပ်သီးနိုင်ငံများ၏ တာဝန်ဖြစ်ကြောင်း အီတလီဝန်ကြီးချုပ် မာရီယို ဒရာဟီက မီဒီယာများကို ရှင်းလင်းပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံအား အရေးပေါ်ကူညီထောက်ပံ့မှု ပေးခြင်းဆိုင်ရာ သဘောတူညီမှုများနှင့်ပတ်သက်ပြီး ဂျီ ၂၀ ခေါင်းဆောင်များက မည်သို့ဆုံးဖြတ်ချက်ချမှတ်မည်ဆိုသည်ကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်ကြောင်း နိုင်ငံရေးလေ့လာသူများက ဆိုသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**



အီတလီဝန်ကြီးချုပ် မာရီယို ဒရာဟီ

# တောင်ကိုရီးယားနှင့် မြောက်ကိုရီးယား နှစ်နိုင်ငံ အရေးပေါ်ဆက်သွယ်ရေး ဖုန်းလိုင်းများ ပြန်လည်ဖွင့်လှစ်ရန် ခေါင်းဆောင်ကင် ဆန္ဒရှိ

**ပြုံယမ်း စက်တင်ဘာ ၃၀**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က တောင်ကိုရီးယားနှင့် မြောက်ကိုရီးယား နှစ်နိုင်ငံအကြား အရေးပေါ်ဆက်သွယ်ရေး ဖုန်းလိုင်းများကို အောက်တိုဘာလမှစပြီး ပြန်လည်ဖွင့်လှစ်နိုင်ရန် မျှော်လင့်လျက်ရှိပါကြောင်း ယမန်နေ့တွင် ပြောသည်။



**သတင်းဖော်ပြ**

ခေါင်းဆောင်ကင်ဂျုံအန်က မြောက်ကိုရီးယားပြည်သူ့လွှတ်တော်၌ ယမန်နေ့တွင်မိန့်ခွန်းပြောကြားရာ၌ အထက်ပါကိစ္စရပ်နှင့်ပတ်သက်ပြီး ထည့်သွင်းပြောကြားကြောင်း မြောက်ကိုရီးယား အလုပ်သမားပါတီသတင်းစာက သတင်းဖော်ပြသည်။

ကိုရီးယား ကျွန်းဆွယ်ဒေသတွင်း ရေရှည်ငြိမ်းချမ်းရေး ရရှိရေးအတွက် နှစ်နိုင်ငံပြည်သူများ၏ မျှော်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် နှစ်နိုင်ငံဆက်သွယ်ရေးလိုင်းများကို ပြန်လည်ဖွင့်လှစ်ရန် ဆန္ဒရှိကြောင်း ခေါင်းဆောင်ကင်က ဆိုသည်။

**ဩဂုတ်လအတွင်း ဖြတ်တောက်ခဲ့**

အမေရိကန်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံ စစ်ရေးလေ့ကျင့်မှုများလုပ်ဆောင်ခြင်းအပေါ် ကျေနပ်မှုမရှိသည့်အတွက် ပြုံယမ်းက တောင်ကိုရီးယားနှင့် မြောက်ကိုရီးယား နှစ်နိုင်ငံဆက်သွယ်ရေးလိုင်းများကို ဩဂုတ်လအတွင်း ဖြတ်တောက်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံအပေါ် ကျင့်သုံးသည့် အမေရိကန်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒသည် ပြောင်းလဲမှုမရှိကြောင်း ခေါင်းဆောင်ကင်က ဆိုသည်။

ခေါင်းဆောင်ကင်၏ညီမ ကင်ယိုဂျောင်အား နိုင်ငံခြားရေးရာကော်မရှင်အဖွဲ့ဝင်အဖြစ် ရွေးချယ်ထားကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# တရုတ်နိုင်ငံက အာဖဂန်နစ္စတန်နိုင်ငံသို့ အရေးပေါ် ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်း

**ကဘူးလ် စက်တင်ဘာ ၃၀**

တရုတ်နိုင်ငံမှ အာဖဂန်နစ္စတန်နိုင်ငံသို့ လှူဒါန်းသည့် အရေးပေါ်ထောက်ပံ့ရေးပစ္စည်းများသည် အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ရှိ နိုင်ငံတကာလေဆိပ်သို့ ယမန်နေ့တွင် ရောက်ရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဝမ်ယုက အဆိုပါထောက်ပံ့ရေးပစ္စည်းများကို အာဖဂန်နစ္စတန်အိမ်စောင့်အစိုးရ ဒုက္ခသည်ရေးရာဝန်ကြီး ခါလီယူရီမန်ဟာကာနီအား လွှဲပြောင်းပေးအပ်ခဲ့သည်။

အာဖဂန်နစ္စတန်ပြည်သူများ၏ နေ့စဉ်ဘဝ သာယာဝပြောရေးအတွက် ရည်ရွယ်ပြီး နေ့စဉ်ဘဝလိုအပ်ချက်များကို ဖြည့်ဆည်းပေးသည့်အနေဖြင့် အဆိုပါထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်လှူဒါန်းခြင်းဖြစ်ပါကြောင်း တရုတ်သံအမတ်ကြီး ဝမ်ယုက ဆိုသည်။

ထို့ပြင် စားနပ်ရိက္ခာများအပါအဝင် အခြားအသုံးအဆောင်ပစ္စည်းများကိုလည်း ထပ်မံလှူဒါန်းသွားမည်ဖြစ်ကြောင်း သံအမတ်ကြီး ဝမ်ယုက ဆက်လက်ပြောသည်။

ယင်းနောက် အာဖဂန်ပြည်သူများ အခက်အခဲများနှင့် ရင်ဆိုင်နေရစဉ်တွင် ယခုကဲ့သို့ ထောက်ပံ့ရေးပစ္စည်းများလှူဒါန်းခြင်းအတွက် လွန်စွာကျေးဇူးတင်ပါကြောင်း အာဖဂန်နစ္စတန်အိမ်စောင့်အစိုးရ ဒုက္ခသည်ရေးရာဝန်ကြီး ခါလီယူရီမန်ဟာကာနီက ပြောကြားခဲ့သည်။

နိုင်ငံအတွင်းဖြစ်ပွားသော ပဋိပက္ခများကြောင့် ပြည်သူ ၆၃၄၀၀၀ ကျော် နေရပ်စွန့်ခွာသွားကြောင်း သိရသည်။ ၂၀၁၂ ခုနှစ်ကစပြီး နေရပ်စွန့်ခွာသွားသည့် အာဖဂန်ပြည်သူ ၅ ဒသမ ၅ သန်းခန့်ရှိကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

**ကိုးကား- ဆင်ဟွာ၊ဘာသာပြန်- အောင်ကျော်ကျော်**

# ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၇၈ ဦး ထပ်မံတွေ့ရှိ

**ဖနောင်ပင် စက်တင်ဘာ ၃၀**

ကမ္ဘောဒီးယားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၇၈ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁၂၆၅၁ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ယခု ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူများအနက် ၈၉၇ ဦးမှာ ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ပြီး ၈၁ ဦးမှာ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် ၁၇ ဦး ထပ်မံသေဆုံးသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၃၁၉ ဦးရှိလာပြီး ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၀၂၈၂၇ ဦးရှိလာသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများကို ဖေဖော်ဝါရီလအတွင်းက စတင်ဆောင်ရွက်ခဲ့သည်။ ယနေ့အထိ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးစီးသူ ၁၃ ဒသမ ၃၂ သန်းရှိကာ နှစ်ကြိမ်ထိုးနှံပြီးစီးသူ ၁၁ သန်းရှိပြီး ကာကွယ်ဆေး သုံးကြိမ်ထိုးနှံပြီးစီးသူ ၈၈၇၃၂၇ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် အော်ဗန်ဒိုင်းက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# မလေးရှားနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၂ ဒသမ ၂ သန်းကျော် ရှိလာ

**ကွာလာလမ်ပူ စက်တင်ဘာ ၃၀**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၃၇၅၄ ဦးထပ်မံ စစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ အဆိုပါရောဂါကြောင့် ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူပေါင်း ၂၂၃၂၉၆၀ ရှိလာကြောင်း မလေးရှား ကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

**ထပ်မံကူးစက်ခံရ**

အဆိုပါရောဂါ ထပ်မံကူးစက်ခံရသူများအနက် ရှစ်ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၁၃၇၄၆ ဦးသည် ပြည်တွင်း၌ကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နူဟစ်ဟမ်အဗ္ဗဒူလာရှ်က သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၂၀၈ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၆၁၄၃ ဦးရှိလာသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာသူ ၁၇၀၀၀ သည် ဆေးရုံများမှ ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၂၀၃၇၀၉၉ ဦးရှိကြောင်း သိရသည်။

**ဆေးဝါးကုသမှုခံယူ**

လက်ရှိအချိန်အထိ ပိုးတွေ့ဆဲလူနာ ၁၆၉၇၁၈ ဦးရှိပြီး ၉၇၈ ဦးသည် အထူးကြပ်မတ်ကုသဆောင်များတွင် ဆေးဝါးကုသမှုခံယူနေရပြီး ယင်းတို့အနက် ၅၆၅ ဦးသည် အသက်ရှူလမ်းကြောင်းဆိုင်ရာ အထောက်အကူပြုကိရိယာများ တပ်ဆင်ထားရသည်။

လက်ရှိအချိန်အထိ နိုင်ငံလူဦးရေ၏ ၇၁ ဒသမ ၅ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ပြီး ၆၁ ဒသမ ၅ ရာခိုင်နှုန်းသည် ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**



## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၅၂၉ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ စက်တင်ဘာ ၃၀**
အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၅၂၉ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၃၃၇၃၉၉၈၀ အထိ မြင့်တက်လာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးရကိန်းဂဏန်းများအရ သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၁၁ ဦး ထပ်မံသေဆုံးခဲ့ရာ နိုင်ငံအတွင်း၌ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၄၈၀၆၂ ဦး ရှိလာသည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် ၁၂၁၆၁ ဦးနှင့် သေဆုံးသူ ၁၅၅ ဦးသည် ကီရာလာပြည်နယ်မှ ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်အထိ ပိုးတွေ့ဆဲလူနာ ၂၇၇၀၂၀ ဦးရှိကြောင်း သိရသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်လူနာ ၂၈၇၁၈ ဦးရောဂါမှပြန်လည်သက်သာလာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၃၃၀၁၄၈၉၈ ဦး ရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

## အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၅၅၀ ထပ်မံတွေ့ရှိ

**ဂျေရုဆလင် စက်တင်ဘာ ၃၀**
အစ္စရေးနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၅၅၀ တွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၂၇၉၂၀၉ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

နိုင်ငံအတွင်း ရောဂါပိုးတွေ့လူနာ ၄၈၆၂၁ ဦးရှိပြီး ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာသူ ၁၂၂၂၈၅၄ ဦးရှိကာ အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၇၇၃၄ ဦးရှိကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူ ၆ ဒသမ ၁ သန်းကျော်ရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသူ ၅ ဒသမ ၆ သန်းရှိကာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး သုံးကြိမ်မြောက်ထိုးနှံပြီးသူ ၃ ဒသမ ၃ သန်းကျော်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**



## ဖိလစ်ပိုင်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၄၂၈၆ ဦး ထပ်မံတွေ့ရှိ

**မနီလာ စက်တင်ဘာ ၃၀**
ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၂၈၆ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၅၄၉၉၆၆ ဦးရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၃၀ ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၈၂၉၄ ဦး ရှိလာသည်။

လွန်ခဲ့သော ရက်သတ္တပတ်နှင့် နှိုင်းယှဉ်ပါက ယခု ရက်သတ္တပတ်အတွင်း ရောဂါရှိ၊ မရှိ စစ်ဆေးမှုအရေအတွက်သည် ၁၀ ရာခိုင်နှုန်း နည်းပါးလာသည်ကို စစ်ဆေးတွေ့ရှိရသည်။ မြို့တော်မနီလာ၌ ရောဂါရှိ၊ မရှိ စစ်ဆေးမှုနှုန်းသည် ၁၄ ရာခိုင်နှုန်းလျော့ကျလာကြောင်း သိရသည်။

လူဦးရေသန်း ၁၁၀ ရှိသည့် အင်ဒိုနီးရှားနိုင်ငံတွင် ယမန်နှစ် ဇန်နဝါရီလမှစပြီး လက်ရှိအချိန်အထိ ပြည်သူသန်း ၂၀ နီးပါးအား ရောဂါ ရှိ၊ မရှိ စစ်ဆေးမှုပြုလုပ်ပြီးဖြစ်သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၅၆၄ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် စက်တင်ဘာ ၃၀**
တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သော တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၅၆၄ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၁၁၂၈၉ ဦးရှိလာကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများ ပြန်လည်တွေ့ရှိရခြင်းမှာ ဆိုးလ်မြို့ပြဒေသရှိ လူအစုလိုက်အပြုံလိုက် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများကြောင့်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ဆိုးလ်ဒေသတွင် ၉၄၁ ဦး၊ ဂျောင်ဂီပြည်နယ်၌ ၈၇၉ ဦးနှင့် အင်ချွန်ဆိပ်ကမ်းမြို့၌ ၁၄၈ ဦးတို့ကို အသီးသီးတွေ့ရှိရသည်။

ထို့ပြင် နိုင်ငံအတွင်း ပြည်ပမှ ပြန်လည်ရောက်ရှိသူများအနက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၄၄၃၅ ဦး အထိရှိလာကြောင်း သိရသည်။

နိုင်ငံအတွင်း လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၂၄၈၁ ဦးရှိလာပြီး ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာသူ ၂၇၄၂၀၅ ဦးရှိလာသည်။ နိုင်ငံလူဦးရေ၏ ၇၆ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ အပြည့်ထိုးနှံပြီးစီးသူ ၂၅၁၇၀၂၆၀ ရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

## အာဖရိက၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈ ဒသမ ၂ သန်းကျော်ရှိလာ

**အဒစ်အဘာဘာ စက်တင်ဘာ ၃၀**
အာဖရိက၌ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၈၂၉၅၅၆၃ ဦးရှိလာကြောင်း အာဖရိကရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ယနေ့ပြောသည်။

အလားတူ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၂၁၀၆၄၈ ဦး ရှိပြီး ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၇၆၂၃၂၄၅ ဦးရှိကြောင်း သိရသည်။

ဒေသအတွင်းရှိ နိုင်ငံများအနက် တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ လစ်ဗျားနှင့် အီသီယိုးပီးယားနိုင်ငံများသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုဒဏ်ကို ဆိုးရွားစွာ ခံစားနေရကြောင်း အာဖရိကရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ဆိုသည်။

ထို့ပြင် အာဖရိကတောင်ပိုင်း၌ ရောဂါကူးစက်မှုအများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့သည် ရောဂါကူးစက်မှု ဒုတိယအများဆုံးဖြစ်သည်။ အာဖရိကအလယ်ပိုင်းသည် ရောဂါကူးစက်မှုအနည်းဆုံးဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

### ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၃၄၂၀၈၅၂၉ | ဦး |
| သေဆုံးသူ | ၄၇၉၀၉၃၀ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၁၁၀၂၄၅၉၅ | ဦး |

## အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူ ၁၂၀၀၀၀ ကျော်ရှိလာ

**တီဟီရန် စက်တင်ဘာ ၃၀**
အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူ ၂၇၂ ဦး ထပ်မံတွေ့ရှိခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၂၀၁၁၆၀ ရှိလာပြီဖြစ်ကြောင်း အီရန်ကျန်းမာရေးနှင့် ဆေးပညာဝန်ကြီးဌာနက ယနေ့ပြောသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၂၇၁ ဦးအား ထပ်မံတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၅၅၇၂၉၆၂ ဦး ရှိလာသည်။

ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၅၀၀၉၆၇၃ ဦး ရှိသည်။

လူနာ ၆၀၁၆ ဦးသည် အထူးကြပ်မတ်ကုသဆောင်များတွင် ကျန်းမာရေးစောင့်ရှောက်မှု ခံယူလျက်ရှိသည်။



လက်ရှိအချိန်အထိ ပြည်သူ ၃၇၇၄၈၇၁၀ သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ပြီး ပြည်သူ ၁၆၀၆၀၉၅၁ ဦးသည် ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးဖြစ်သည်။

နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းစဉ်တွင် ပြည်သူများ ပူးပေါင်းပါဝင်ခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ကျန်းမာရေးစည်းမျဉ်းစည်းကမ်းများကို ဆက်လက်လိုက်နာရန် လိုအပ်ကြောင်း အီရန်ကျန်းမာရေးဝန်ကြီး ဘာရမ်အိန်နိုလာဟီက ပြောသည်။

အများပြည်သူဆိုင်ရာ ပို့ဆောင်ရေးဝန်ဆောင်မှုများနှင့် ဟိုတယ်များ၌ တည်းခိုနိုင်ရန်အတွက် ကာကွယ်ဆေးထိုးနှံမှုခံယူသည့် ပြည်သူများအား သက်သေခံလက်မှတ်များထုတ်ပေးမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဘာရမ်အိန်နိုလာဟီက ဆိုသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

■

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

> **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရ ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ကျောက်တံခါးမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲတို့လှူဒါန်း



**ကျောက်တံခါး စက်တင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ ဥတ္တမာရုံကျောင်းတိုက်၌ ယမန်နေ့က တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကိုဗစ်-၁၉ ရောဂါကာလ ကျောက်တံခါးမြို့နယ်အတွင်းရှိ ဆွမ်းကွမ်းခက်ခဲသော ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ လှူဒါန်းပေးအပ်သည့် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲတို့ကို ကျောက်တံခါးမြို့နယ်ရှိ တပ်နယ်မှူး ဦးဆောင်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့်အဖွဲ့ဝင်များ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများက စာသင်တိုက်ကျောင်းပေါင်း ၃၁ ကျောင်းမှ ရဟန်းသံဃာ၊ သာမဏေနှင့် သီလရှင်များစုစုပေါင်း ၄၇၆ ပါးအတွက် တစ်ပါးလျှင် ဆန်ငါးပြည်၊ ဆီ တစ်ပိဿာ၊ ပဲတစ်ထုပ်၊ ဆားတစ်ထုပ်နှုန်းဖြင့် စုစုပေါင်း ဆန် ၉၅ အိတ်၊ ဆီ ၁၀ ပိဿာ ပုံး ၄၈ ပုံး၊ ပဲ ပိဿာ ၃၀ အိတ် ၁၆ အိတ်၊ ဆားအထုပ် ၅၀ ပါ ၁၀ အိတ် အစရှိသော ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများကို ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများ ကိုယ်စား မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဥတ္တမာရုံကျောင်းတိုက် ဆရာတော်ထံသို့ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**စန်းစန်း(ပြန်/ဆက်)**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် စက်တင်ဘာ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

စက်တင်ဘာ ၁၉ ရက် (စနေနေ့) တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် အကြံဉာဏ်ကောင်းကို အချိန်မီထုတ်လိုက်နိုင်သော ယုန်ကြီးဦးဖြူအကြောင်းကို တင်ဆက်ထားသည့် "ဉာဏ်ကြီးရှင် ယုန်ကြီး" မျက်နှာဖုံးကာတွန်း၊ လူ့ခန္ဓာကိုယ်အတွင်း သွေးလည်ပတ်စီးဆင်းမှုအတွက် အဓိကကျသော နှလုံးနှင့် အဆုတ်တို့၏ ဟန်ချက်ညီညီ အလုပ်လုပ်ဆောင်ပုံအကြောင်းကို ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "ခန္ဓာကိုယ်၏ သွေးနှင့် နှလုံးအကြောင်း သိကောင်းစရာ" သုတဆောင်းပါး၊ ကလေးတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်မည့် "ဆေးရောင်လှလှခြယ်ရအောင်" ဉာဏ်စမ်းကဏ္ဍ၊ အသိဉာဏ်ရှိသော စက်ရုပ်အကြောင်းတင်ဆက်ထားသည့် "ဖြိုးရဲ အသိဉာဏ်ရှိပါ" နှစ်မျက်နှာကာတွန်း၊ ငါးပါးသီလ အမြဲစောင့်ထိန်းကာ မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားများကို လိုက်နာကျင့်သုံးတော့မည်ဆိုသော မောင်မိုးဇော်နှင့် မမိထွေးတို့ မောင်နှမနှစ်ယောက်အကြောင်း တင်ဆက်ထားသည့်"ကိုယ်ချင်းစာနှလုံးသားနှင့် မေတ္တာတရား" ဝတ္ထုကဏ္ဍ၊ များများစားပါက ကျန်းမာရေးဆိုးကျိုးများကို ဖြစ်စေနိုင်သော အစားအစာများအကြောင်းကို ရေးဖွဲ့ထားသည့် "ဖိုးလပြည့်" တစ်မျက်နှာကာတွန်း၊ ကားမောင်းရင်း လမ်းကြောင်းမှားပြီး လမ်းပျောက်သွားသည့် အကြောင်းနှင့် အမျိုးသမီးကိုင်ပိုက်ဆံအိတ်ပျောက်သွား




သည်ကို ရှာဖွေကြပုံအကြောင်း အပြန်အလှန်ပြောထားသည့် သင်ခန်းစာသစ်အချို့ကို တင်ဆက်ထားသည့် "ရွှေသွေး စကားဝိုင်း" ကဏ္ဍအပါအဝင် ကလေးကာတွန်းကဏ္ဍ၊ ကဗျာကဏ္ဍ စုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများ ပါရှိကြောင်းသိရသည်။

**သတင်းစဉ်**

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျလက်ဆေးစို့**

**ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။**

**စာတည်း**



# ချစ်ခြင်းဖြင့်သာ ရှုမြင်ပါ

မြင်းမူမောင်နိုင်မိုး

(၁)

အထက်ပါခေါင်းစဉ်က လွန်ခဲ့တဲ့အနှစ် ၂၀ လောက်က ရေးဖြစ်တဲ့ ကဗျာလေးတစ်ပုဒ်ရဲ့ ခေါင်းစဉ်လေးပဲ ဖြစ်ပါတယ်။ တစ်ဖန် ဒီကဗျာလေးကိုပဲ ဆောင်းပါးအဖြစ်လည်း ရေးသားခဲ့ဖူးပါတယ်။ စာပေဟောပြောပွဲ တော်တော်များများတွင် ဒီကဗျာလေးအကြောင်း ရှင်းလင်းပြောပြခဲ့ပါတယ်။ မြန်မာ့အသံရေဒီယို ကဗျာအမြင်၊ စာအမြင် အစီအစဉ်ကနေပြီးတော့လည်း အကြိမ်ပေါင်းများစွာ ရွတ်ဆိုဟောပြောခဲ့ပါတယ်။

အတူဟောပြောဖော် စာရေးဆရာတစ်ဦးဆိုရင် အဲဒီကဗျာနဲ့ အဲဒီဆောင်းပါးကို ထပ်ဆင့်ခံစားပြီး ဆောင်းပါးအဖြစ် ရေးသားခဲ့တာ ငါးကြိမ်ခန့် ရှိပါပြီ။

အမုန်းတရားတွေ ထွေပြားလှတဲ့ ဒီကနေ့ကာလမှာ အဲဒီကဗျာနဲ့ အဲဒီဆောင်းပါးလေးကို ထပ်မံရေးသားတင်ပြလိုစိတ်ဖြစ်ပေါ်လာလို့ အခုလို ဖြည့်စွက်ရေးသားတင်ပြရပါတယ်။

(၂)

မိုးတွေရွာနေတဲ့နေ့တစ်နေ့ကဖြစ်ပါတယ်။ ဒီတစ်ရက်တော့ဖြင့် မဖြစ်မနေအနားယူမယ်လို့ စိတ်ဆုံးဖြတ်ပြီး များပြားလှတဲ့ စာပေထုတ်လုပ်ရေးကိစ္စတွေကို ဖြတ်တောက်ကာ အိမ်မှာနေရင်း ဓမ္မစာပေတွေ ဖတ်ရှုလို့နေခဲ့မိရဲ့။ မဟာဗုဒ္ဓဝင် စတုတ္ထတွဲကို ဖတ်ရှုရင်း ဘုရားရှင်လက်ထက်ကအဖြစ်အပျက်လေးတစ်ခုကို ဖတ်မဝရှုမဆုံး နှလုံးစိတ်ဝမ်း ချမ်းမြေ့နေမိပါတယ်။

ကဗျာရေးသူ စာရေးသူတစ်ယောက်ဖြစ်လေတော့ မိမိဖတ်ရှုမိတဲ့ အကြောင်းအရာလေးကို ကဗျာဖတ်သူ စာဖတ်သူတွေကို တစ်ဆင့်မျှဝေချင်စိတ်ဖြစ်ပေါ်မိတယ်။ အကြောင်းအရာက အင်မတန်နှစ်သက်ဖွယ်ရာကောင်းလွန်းလို့ပါ။

**မြတ်ဘုရားရှင်၏ ကိုးဝါပြည့်မြောက်**
**၁၀ ဝါအရောက်**

ဘုရားရှင်ဟာ ကိုးဝါပြည့်မြောက်ပြီး ၁၀ ဝါအရောက်မှာ ကောသမ္ဗီပြည်သူပြည်သားတွေရဲ့ ပင့်ဖိတ်ချက်အရ အဲဒီကောသမ္ဗီပြည်ကို ကြွရောက်သီတင်းသုံးတော်မူတဲ့အချိန်မှာပဲ ကျောင်းတိုက်မှာ ရဟန်းအချင်းချင်း မညီမညွတ် ခိုက်ရန်ဖြစ်ပွားမှု ပေါ်ပေါက်ခဲ့ပါတယ်။

စတင်ဖြစ်ပွားရပုံက ဒီလိုပါ။ တစ်နေ့မှာ ရဟန်းတစ်ပါးဟာ ကုဋီသို့တက်ရောက်ပါတယ်။ အဲဒီရဟန်းဟာ ကုဋီကဆင်းသွားတဲ့အခါ ကုဋီထဲက ရေအင်တုံမှာ သန့်သက်ရေ (သန့်စင်ရန် အသုံးပြုသောရေ) အနည်းငယ်ကျန်ရစ်ခဲ့ပါတယ်။ မကြာမီဘဲ နောက်ရဟန်းတစ်ပါးက အဲဒီကုဋီထဲကို ဝင်လိုက်တော့ အင်တုံထဲမှာ ကျန်ရစ်ခဲ့တဲ့ ရေအနည်းငယ်ကို တွေ့သွားပါတယ်။

ဒုတိယရဟန်းဟာ ပထမရဟန်းနောက်ကို ချက်ချင်းလိုက်သွားပါတယ်။ ပြီးတော့ “အရှင်ရဟန်း၊ အရှင်ရဟန်းဟာဖြင့် ကုဋီထဲက ရေအင်တုံမှာ သန့်သက်ရေ အနည်းငယ်ကျန်ရစ်ခဲ့ပါတယ်။ ဒါကြောင့် ရှင်ရဟန်းရဲ့အပြုအမူဟာ ဘုရားရှင် ပညတ်တော်မူတဲ့ ဘယ်ဝိနည်း ဘယ်သိက္ခာပုဒ်တွေနဲ့ဖြင့် မညီညွတ်ပါဘူး။ ဒါကြောင့် ရှင်ရဟန်းတော့ အာပတ်သင့်ပြီ” လို့ သွားရောက်ပြောဆိုပါတယ်။ အဲဒီလိုပြောတဲ့အခါ အပြောခံရတဲ့ရဟန်းကလည်း–

“အရှင်.. ငါဟာ အဲဒီအင်တုံထဲမှာ ကျန်စေလိုတဲ့စေတနာနဲ့ ချန်ခဲ့တာမဟုတ်ဘူး။ အမှုမဲ့အမှတ်မဲ့ ကျန်ရှိခဲ့ခြင်းပဲဖြစ်တယ်။ အဲသလိုဆိုတော့ ငါဟာ အဲဒီအာပတ်သင့်တယ်လို့ မဆိုနိုင်ဘူးမဟုတ်လား”

အဲဒီလိုရဟန်းနှစ်ပါးဟာ အပြန်အလှန်ငြင်းခုံကြပြီး သူ့အဆောင် ကိုယ့်အဆောင်ပြန်သွားကြလေရဲ့။

ပထမရဟန်းကလည်း သူအာပတ်မသင့်ကြောင်း၊ ဒုတိယရဟန်းက သက်သက်မဲ့ လာရောက်စွပ်စွဲတာဖြစ်ကြောင်း သူ့တပည့်နောက်ပါရဟန်းတွေကို ရှင်းပြတယ်။

ဒုတိယရဟန်းကလည်း ဟိုရဟန်းတော့ဖြင့် အာပတ်သင့်သွားပြီ၊ ဘုရားရှင်ရဲ့ ဝိနည်းသိက္ခာပုဒ်ကို မလိုက်နာဘူးစသည်ဖြင့် သူ့ရဲ့တပည့်နောက်ပါရဟန်းတွေကို ရှင်းပြတယ်။

ဒီလိုနဲ့ပဲ အဲဒီရဟန်းနှစ်ပါးဦးဆောင်တဲ့ အုပ်စုနှစ်စုဟာ တစ်ဖက်နဲ့တစ်ဖက် စောင်းမြောင်းပြောဆိုရာက ငြင်းခုံ၊ ငြင်းခုံရာက စကားများ၊ အဲဒီကမှတစ်ဆင့် ခိုက်ရန်ဖြစ်ပွားကြတဲ့အထိ ပြင်းထန်လာခဲ့တယ်။

**ဘုရားရှင်က တားမြစ်ဆုံးမပါသော်လည်း**

ရဟန်းအုပ်စုနှစ်စုရဲ့ အချင်းများခိုက်ရန်ဖြစ်ပွားမှုကို ဘုရားရှင်ဟာ သိရှိတော်မူတာနဲ့ အဲသလိုရန်မဖြစ်ကြဖို့ တားမြစ်တော်မူပါတယ်။ တစ်ကြိမ်မက၊ နှစ်ကြိမ်မက အကြိမ်ကြိမ်တားမြစ်တော်မူပါတယ်။ ရှေးဟောင်းသာဓကပုံဆောင်ပြပြီး အထပ်ထပ်ဆုံးမတော်မူပါတယ်။

သို့သော်လည်း ရဟန်းတွေက မလိုက်နာကြပါဘူး။ ရန်ပွဲဟာ ကြီးမားသည်ထက် ကြီးမားလာခဲ့ပါတယ်။

**“လောကကြီးမှာ လုပ်ဖော်ကိုင်ဖက် ရဲဘော်ရဲဘက်ချင်း၊ မိတ်ဆွေသူငယ်ချင်းအချင်းချင်း၊ မိသားစုဝင်အချင်းချင်း အတူတကွနေထိုင်ကြတဲ့အခိုက်မှာ ချစ်သောအကြည့်၊ ချစ်သောမျက်စိဖြင့် ကြည့်တတ်ဖို့ တကယ်လိုအပ်လှပါလား။ ဒါမှသာ ပတ်ဝန်းကျင်ကို အလှဆင်နိုင်ပါကလား။ တစ်ဦးနဲ့တစ်ဦး ဂုဏ်တုဂုဏ်ပြိုင် အနိုင်ရလိုမှု၊ အာဃာတထား ရန်လိုမှု၊ မယုံသင်္ကာစိတ်ပွားများမှု၊ ကိုယ့်ထက်သာ မနာလိုမှု၊ သူလုပ်တာက မကောင်း၊ ကိုယ်လုပ်တာမှ အကောင်းထင်မှု၊ လင်းတလောက်တော့ ငှက်တိုင်းလှပါတယ်ဆိုတဲ့ အကောင်းမမြင် အဆင်ခြင်ကင်းမဲ့မှုတွေနဲ့ ဖုံးလွှမ်းသောမျက်စိဖြင့် ကြည့်ရှုမယ်ဆိုရင်တော့ လောကကြီးက အလှတရားတို့ ပျောက်ကွယ်လျှော့ပါးသွားမှာပါလား. . .”**

ဝါးတောထဲကို ဆက်လက်ထွက်ကြွသွားတော်မူပါတယ်။

**မထေရ်သုံးပါး သီတင်းသုံးရာဆီသို့**

အရှေ့အရပ်မှာရှိတဲ့ အဲဒီဝါးတောထဲမှာက ရှင်အနုရုဒ္ဓါ၊ ရှင်နန္ဒိယ၊ ရှင်ကိမိလဆိုတဲ့ မထေရ်သုံးပါး အညီအညွတ် သီတင်းသုံးနေထိုင်ကြပါတယ်။ အဲဒီသုံးပါးထဲမှာ ရှင်အနုရုဒ္ဓါကတော့ အကြီးအမှူးဖြစ်ပါတယ်။ ဘုရားရှင်ကြွချီလာပြီဆိုတာကို အဦးဆုံးသိလိုက်သူကတော့ ရှင်အနုရုဒ္ဓါပဲဖြစ်ပါတယ်။ ပထမတော့ ရှင်အနုရုဒ္ဓါဟာ ဘုရားရှင် မိမိတို့တောအုပ်အတွင်း ကြွချီလာတာကို အတိုင်းမသိပီတိဖြစ်တော်မူပြီး သွားရောက်ခရီးဦးကြိုပြုမယ်လို့ စိတ်အကြံဖြစ်မိပြီးမှ –

“ဩော်... ငါတို့ရဟန်းသုံးပါးဟာ ဒီတောအုပ်အတွင်းမှာ အညီအညွတ်နေထိုင်ကြတာပါလား၊ ငါတစ်ဦးတည်းသွားရောက်ကြိုဆိုလျှင် ဘယ်မှာ အညီအညွတ်နေထိုင်ရာရောက်တော့မလဲ၊ ငါ့ရဲ့ သီတင်းသုံးဖော် ရဟန်းနှစ်ပါးကို ခေါ်ချေဦးမှလို့ မြော်မြော်မြင်မြင်တွေးခေါ်ပါတယ်”။

ကြည့်စမ်းပါဦးနော်။ သူတော်ကောင်းတို့ရဲ့ နှလုံးသားဟာ ဘယ်လောက်များဖြူစင်မြင့်မြတ်ပါသလဲ။ အဲဒီအချိန် အဲဒီအခါက သက်ရှိထင်ရှား မြတ်စွာဘုရားဟာ သာသနာ့အကြီးအမှူး၊ သာသနာ့ဦးသျှောင်၊ အတုမဲ့အနှိုင်းမဲ့ဓမ္မရာဇာဖြစ်ပါတယ်။ ဒီတစ်ခါဖြင့် ဘုရားရှင်ကို ကြိုခွင့်ရပြီ၊ ငါအဦးဆုံး ချဉ်းကပ်ခွင့်ရပြီရယ်လို့ ရှင်အနုရုဒ္ဓါဟာ မကြံစည်မတွေးခေါ်ဘဲ တစ်နည်းအားဖြင့် ကြည်နူးနှစ်သက်ခြင်းပီတိကိုသော်မှ တစ်ပါးတည်း ခံစားမှုမပြုပါဘဲ လုပ်ဖော်ကိုင်ဖက်၊ သီတင်းသုံးဖော်တွေကို အသိပေးပြီး ကြည်နူးပီတိ သန္တိသုခကိုပင် မျှဝေခံစားစေလိုတဲ့ စိတ်ဆန္ဒရှိသူ သူတော်စင်တစ်ဦးပါ။

“အို... ရဟန်းတို့၊ ရဟန်းတို့ ငါတို့၏ ဘုရားရှင် ကြွချီတော်မူလာပြီ။ ငါတို့သုံးဦးစလုံး အညီအညွတ် ကြိုဆိုကြပါစို့” လို့ ကျန်တဲ့ရဟန်းနှစ်ပါးကြားလောက်အောင် ပင့်ဖိတ်ခေါ်ယူလိုက်ပါတယ်။

**ရဟန်းသုံးပါးတို့ အညီအညွတ်ကြိုဆို**

ဘုရားရှင်ထံပါးသို့ ရောက်ရှိလာတဲ့ ရဟန်းသုံးပါးဟာ ပကတိအေးချမ်းတည်ငြိမ်လှပါတယ်။ တစ်ပါးက ဘုရားရှင်ပွေ့ယူလာတဲ့ သပိတ်တော်ကို၊ တစ်ပါးက ဘုရားရှင်ရဲ့ ပခုံးတော်ပေါ်မှာ တင်လာတဲ့သင်္ကန်းတော်ကို အသီးသီးရိုသေစွာ ဆောင်ယူကြပါတယ်။ ကျန်တဲ့တစ်ပါးကတော့ ဘုရားရှင်ခြေဆေးတော်မူဖို့ ရေအိုးထဲကရေကို ရေမှုတ်နဲ့တကွ ခပ်ယူပြီး ခြေတော်ကို လောင်းပေးပါတယ်။ ခြေတော်အစုံ ပွတ်သပ်သန့်စင်ရလေအောင် အိုးခြမ်းပဲ့ကို ချထားပေးပါတယ်။

စာမျက်နှာ ၁၇ သို့ ○

အဲဒီအခါမှာ ဘုရားရှင်က ဩော်... ကောသမ္ဗီပြည် ဃောသိတာရုံကျောင်းတိုက်က ဤရဟန်းများသည် ဆိုဆုံးမရခက်လေစွတကား၊ ငါသည် ဤရဟန်းများနှင့် ဝေးရာသို့ ကြွချီတော့အံ့လို့ ဆင်ခြင်သုံးသပ်ဆုံးဖြတ်တော်မူပြီးနောက် အရှေ့အရပ်ဆီသို့ တစ်ပါးတည်း ဧကစာရီထွက်ကြွသွားတော်မူပါတယ်။

ဘုရားရှင်တို့က ခေါ်တော်မူခြင်းမပြုလျှင် မည်သူမှ ဘုရားရှင်နောက်ပါးက လိုက်ပါခွင့်မရှိပါဘူး။ ဒါ့ကြောင့် ကောသမ္ဗီပြည်သားရဟန်းများဟာ ဘုရားရှင်ကြွချီတော်မူသွားတဲ့နောက်ကို ဘယ်သူမှ လိုက်ပါခွင့်မရခဲ့ပါဘူး။

**တစ်ပါးတည်းသီတင်းသုံးနေသော**
**မထေရ်ကြီးတစ်ပါး**

အဲဒီလို ဘုရားရှင်ထွက်ကြွသွားတော်မူတဲ့အခါ ရှေးဦးစွာ တောအုပ်အတွင်းသို့ ရောက်တော်မူပါတယ်။ အဲဒီတောအုပ်ကြီးထဲက အဖော်မမှီး တစ်ကိုယ်တည်း သီတင်းသုံးနေတဲ့ ဘဂုမထေရ်ကြီးနဲ့တွေ့ဆုံပါတယ်။ ဘဂုမထေရ်ကြီးဟာ ဘုရားရှင်ရဲ့ အဆုံးအမကို နာယူပါတယ်။ ဘဂုမထေရ်ကြီးရဲ့ ကျောင်းသင်္ခမ်းမှာ တစ်ညမျှ သီတင်းသုံးအိပ်စက်တော်မူပြီးတဲ့နောက် ဘုရားရှင်ဟာ တစ်ပါးတည်းနေထိုင်ခြင်းရဲ့ ချမ်းသာမှုကို ချီးကျူးဟောကြားပြီး အရှေ့စူးစူးရှိ

**ချစ်ခြင်းဖြင့်သာ ရှုမြင်ပါ**

အခါတစ်ပါး၊ မြတ်ဘုရားသည်
သုံးပါးသံဃာ၊ ညီညွတ်စွာဖြင့်
သာယာချမ်းမြေ့၊ တောမှီမွေ့သည့်
အရှေ့ဝါးတော၊ ပြည်ကောသမ္ဗီ
အနီးဆီသို့
ကြွချီတော်မူခဲ့သည်တကား။
**“အို... ချစ်သားတို့**
**ဘယ်သို့စိတ်ထား**
**ကျင့်ကြံပွားလျက်**
**သုံးပါးညီထွေ နေထိုင်ပေဟု”**
မိန့်ခြွေဗုဒ္ဓ၊ မေးသမျှကို
ဖြေကြသည်မှာ ဤသို့တကား။
**“အရှင်ဘုရား ...**
**ဘုရားတပည့်တော်**
**သုံးဖော်သံဃာ၊ နေပါသည်ကား**
**တစ်ပါးကိုလျှင်၊ တစ်ပါးမြင်သော်**
**ချစ်သောအကြည့်၊ ထိုမျက်စိဖြင့်**
**ကြည့်ကြပါသည် အရှင်ဘုရား”**
**“ထို့ပြင် နိုင်းချိ၊ ပြုဖွယ်ရှိသော်**
**မိမိကိစ္စ၊ သူ့ကိစ္စဟု**
**ကိစ္စပိုင်းခြား၊ ငြင်းမပွားဘဲ**
**သုံးပါးညီစွာ၊ နေထိုင်ပါသည်**
**ပမာ နို့နှင့်ရေပါ ဘုရား”။**
**“ထို့ပြင်စိတ်တွင်း၊ နှလုံးသွင်း၍**
**သီတင်းသုံးဖော်၊ ငါတို့သော်ကား**
**သင့်လျော်တူကွ၊ နေပေရသည်**
**အရတော်စွာ၊ မိတ်ရင်းချာဟု**
**ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ**
**မနောကံမေတ္တာ**
**ထာဝရတည်ဆောက်**
**ကြံသက်ရောက်သည်**
**မျက်မှောက် မျက်ကွယ်ပါ ဘုရား”။**
**“ထို့နောက်တွင်ကား၊ ဤသုံးပါးတွင်**
**တစ်ပါးချင်းက၊ ကိုယ့်ဆန္ဒ၌**
**လုံးဝမလိုက်၊ နှစ်ပါးကြိုက်ကို**
**လိုက်လျောပြည်သာ၊ ဖြည့်စွမ်းပါ၍**
**ကိုယ်သာကွဲပြား၊ စိတ်မခြားဘဲ**
**သုံးပါးအလို၊ မမောက်မိုသည်**
**သုံးကိုယ်တစ်စိတ်ပါ အရှင်ဘုရား”**
ဩော်... အရှင်အနုရုဒ္ဓါမထေရ်
အရှင်နန္ဒိယမထေရ်
အရှင်ကိမိလမထေရ်
မထေရ်သုံးပါး၊ မြတ်ဘုရားကို
ပန်ကြားလျှောက်တင်၊ စကားစဉ်၌
နားဝင်ချိုလှစ်၊ အမြင်သစ်ခဲ့
ချစ်ခြင်းအပြည့်၊ ထိုမျက်စိဖြင့်
ရှုကြည့်လေက၊ မြင်တိုင်းလှလိမ့်
လောဘ ဒေါသ၊ အာဃာတနှင့်
မာန မျက်စိ၊ ရှိတုံဘိက
ကြည့်တိုင်းမလှ၊ ဖြတ်တတ်စွတည့်
လောကကိုလျှင်၊ လှစေချင်က
ငြိုငြင်မာန်တင်း၊ ပြုစုကင်းလျက်
**“ချစ်ခြင်းဖြင့်သာ၊ ရှုမြင်ပါ” ဟု**
ကဗျာတစ်ပုဒ်၊ ရင်မှထုတ်၍
ကျွန်ုပ် လက်ဆောင်ပေးချင်၏။ ။
(မဟာဗုဒ္ဓဝင် တတိယတွဲနှင့် စတုတ္ထတွဲကို မှီငြမ်းပါသည်)

❒ စာမျက်နှာ ၁၁ မှ

၎င်းတို့သတ်ခဲ့သည့်လူများသည် Online ပေါ်မှ မြှောက်ပင့်ပေးပြီး ဒလန်ဆို၍သာ သတ်ရခြင်းဖြစ်ပြီး ဒလန် ဟုတ်/မဟုတ် ၎င်းတို့ကိုယ်တိုင်လည်း မသိကြောင်း၊ ဆေးခြောက်သုံးစွဲနေရုံမကဘဲ ဆေးခြောက်နှင့်ပတ်သက်လာရင် တစ်ယောက်နှင့်တစ်ယောက် ဝယ်ပြီး မျှဝေသည့်အဆင့်ရောက်နေသည်ကိုလည်း တွေ့ရကြောင်း၊ ယခုကဲ့သို့ သွေးဆူလွယ်သော၊ တက်ကြွသည့်ကလေးများကို နိုင်ငံရေးကိုယ့်လိုဘ ပြည့်စေရန်အတွက် အတ္တစိတ်တစ်ခုတည်းနှင့် လမ်းမှားရောက်အောင် NUG အကြမ်းဖက်များ၊ အစွန်းရောက် NLD များက အသုံးချပြီး တွန်းပို့နေခြင်းဖြစ်ကြောင်း၊ အချို့နယ်များ၌ ပိုဆိုးကြောင်း၊ အကြမ်းဖက်သင်တန်း မဖြစ်မနေ တက်ခိုင်းကြောင်း၊ မတက်ပါက ဒလန်ဟု စွပ်စွဲကြောင်း၊ ထိုကဲ့သို့ အောက်တန်းကျသည့် လုပ်ရပ်များက အောင်မြင်သည်ဟုယုံကြည်လျှင် ထိုကလေးများကို မြှောက်ပင့်သွေးထိုးရန်မလိုကြောင်း၊ ကလေးများကို အသုံးမချဘဲ ခင်ဗျားတို့ကိုယ်တိုင်ထွက်လာခဲ့စမ်းပါဟု ပြောလိုကြောင်း၊ မိဘပြည်သူများအနေနှင့်လည်း ယင်းသို့ မှုမမှန်သူများ၏ အသုံးချခံမဖြစ်ကြရန် မေတ္တာရပ်ခံ ပြောကြားလိုကြောင်း၊ ထို့ကြောင့် ယင်းတို့ကို အချိန်မီမတားနိုင်ပါက ဗကပခေတ် ပဲခူးရိုးမ ဖြုတ်၊ ထုတ်၊ သတ်လမ်းစဉ်တွင် ဗကပဗဟိုကော်မတီဝင် ရဲဘော်ငွေးကိုသူ့သား တပ်နီလူငယ် ဖိုးထူးက သတ်ခဲ့သည့် ဇာတ်လမ်းများ၊ မြန်မာနိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် အထင်အရှားပုဂ္ဂိုလ်ဖြစ်ခဲ့သည့် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်အောင်ကို တပ်နီအမျိုးသမီး မစန်းဝင်းက လည်မျိုကို ခြေထောက်ဖြင့်နင်းသတ်သည့် ဇာတ်လမ်းမျိုး ပြန်ပေါ်လာပါလိမ့်ဦးမည်ဖြစ်ကြောင်း၊ ထို့အပြင် မိမိတို့ကြားနေကျဇာတ်လမ်းဖြစ်သည့် ငယ်ငယ်ကတည်းက လမ်းမှားရောက်နေသည့် ခိုးနေသည်ကိုမဆုံးမဘဲ၊ သူခိုးဓားပြမှုနှင့်ဖမ်းမိပြီး အသတ်ခံရဆဲဆဲမှာမှ အမေကို မှာလိုသည်ဟုဆိုကာ အနားနားလာခဲ့ပါဦးဆိုပြီး အမေအနားကပ်သည့်အချိန် နားရွက်ကို ကိုက်ဖြတ်လိုက်သော ဇာတ်လမ်းများ၊ အမေငယ်ငယ်က မဆုံးမခဲ့၍ လူဆိုးဓားပြဖြစ်ပြီဆိုသည့် ဇာတ်လမ်းများ ပေါ်လာမည်ဖြစ်ကြောင်း၊ အကြမ်းဖက်သမားများအဖြစ် ကလေးများဘဝ မနစ်မွန်းစေရေး အားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါဟု မေတ္တာရပ်ခံလိုကြောင်း၊ အကြမ်းဖက်သမားများအဖြစ် ကလေးများဘဝ မနစ်မွန်းစေရေး အားလုံးက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးစေလိုကြောင်း၊ တက်ရောက်လာသည့် မီဒီယာများကလည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးစေလိုကြောင်း၊ လှုံ့ဆော်ပေးစေလိုကြောင်း၊ ပြည်သူလူထုကလည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြပါဟု ပြောလိုကြောင်း ပြောကြားသည်။ **(ဆက်လက်ဖော်ပြပါမည်)**



## ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၃၀**

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်သည် ယနေ့နံနက် ၈ နာရီက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဓနသိဒ္ဓိရပ်ကွက် ကျွန်းရွှေမြိုင်လမ်းနှင့် အေးရိပ်မြိုင်လမ်းထောင့် အထက(၇)စာသင်ကျောင်းနှင့် အင်ကြင်းဈေးကြားတို့တွင် မြက်ချုံရှင်းလင်းခြင်း၊ လမ်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် အမှိုက်သိမ်းယာဉ်ဖြင့် စွန့်ပစ်အမှိုက်များ သိမ်းဆည်းနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ဗလသိဒ္ဓိရပ်ကွက် ဇေယျာအောင်မြေလမ်းရှိ ဝန်ထမ်းအိမ်ရာ ပတ်ဝန်းကျင်နှင့် ဝဏ္ဏသိဒ္ဓိရပ်ကွက် ဇေယျာအောင်မြေလမ်းနှင့် လှထိပ်ခေါင်(၂)လမ်းတို့ရှိ ဝန်ထမ်းအိမ်ရာ ပတ်ဝန်းကျင်၌ ချုံနွယ်ရှင်းလင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ထမ်းအိမ်ရာများအနီးဝန်းကျင်တွင် သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် အထူးအလေးထား ဆောင်ရွက်ပေးရန်၊ အမှိုက်စွန့်ပစ်မှုစနစ် စနစ်တကျရှိစေရေး ဆောင်ရွက်ပေးရန်တို့ကို မှာကြားခဲ့ပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကိုဗစ်– ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၃၀–၉–၂၀၂၁)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Antibiotics** | | | | |
| 1 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| **Anti–inflammatory** | | | | |
| 2 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 3 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 4 | Injection – Dexamethasone | Vial | 160 | Aorta |
| **Antiviral** | | | | |
| 5 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 6 | Injection–Remdesivir | Vial | 70000 | GHI |
| **Anti thrombosis** | | | | |
| 7 | Injection Enoxaprim 40 mg | 1 Pre–Filled Syringe | 7000 | Nyi Lay Naing |
| 8 | Injection Enoxaprim 60 mg | 1 Pre–Filled Syringe | 9000 | Nyi Lay Naing |
| **Symptomatic** | | | | |
| 9 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 10 | P.O Dextromethophan | 10X10's | 1450 | AA Medical |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

■ သက်သာသောဈေးနှုန်းမှ

ယနေ့ထိ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွက် စားအုန်းဆီ ပိဿာ ၃၅၆၇၃၀၀၊ တန်ချိန် ၅၈၂၉ တန် ရောင်းချခဲ့ပြီး ဖြစ်သည်။

ရန်ကုန်မြို့အတွင်းရှိ စားသုံးသူများအတွက် အသင်း၏ အစီအစဉ်ဖြင့် ရပ်ကွက်များသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိပြီး ကျန်တိုင်းဒေသကြီး/ ပြည်နယ်များသို့လည်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကာ စားအုန်းဆီများကို လက်ကားဝယ်ယူရောင်းချသူများအနေဖြင့် လက်လီအရောင်းဆိုင်များတွင် အသားတင် အကျိုးအမြတ်နှစ်ရာခိုင်နှုန်းထက်မပိုသည့် ဈေးနှုန်းဖြင့် စားသုံးသူပြည်သူများသို့ ပြန်လည်ဖြန့်ဖြူးရောင်းချသွားရမည်ဖြစ်ကြောင်းနှင့် စားသုံးသူပြည်သူများသို့ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချပေးမည့် လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း အမှတ်(၁၀၄/၁၀၈) ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် (ဆင်မင်းအိမ်ရာဓမ္မာရုံရှေ့) အလုံမြို့နယ် ဖုန်း– ၀၉–၄၄၄၄၃၇၂၉၅၊ ၀၉–၄၀၁၅၂၇၀၄၉ နှင့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဖုန်း–၀၁၂၅၀၂၇၀၊ ၀၉– ၄၃၆၆၆၆၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၃၀**

မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

**မိုး/ ဇလ**

❍ စာမျက်နှာ ၁၆ မှ

အဲဒီနောက် ဘုရားရှင်ကို မြင့်မြတ်တဲ့နေရာမှာ ထိုင်တော်မူဖို့ ပြင်ဆင်ပေးပြီး သူတို့သုံးပါးကတော့ ဘုရားရှင်ရဲ့ ခြေတော်ရင်းသင့်တင့်လျောက်ပတ်တဲ့နေရာမှာ ကျုံ့ကျုံ့ကလေးတွေ ထိုင်ကြပါတယ်။ ပြီးတော့ ဘုရားရှင်ထံမှ မိန့်ကြားလာမယ့် စကားသံကို နာခံဖို့ အသင့်ပြင်လက်အုပ်ချီပြီး စောင့်စားမျှော်လင့်နေကြပါတယ်။

ကောသမ္ဗီပြည်သားရဟန်းတွေရဲ့ အချင်းချင်း ရန်သတ္တုရုပြုကြ၊ အော်ကြ၊ ဟစ်ကြ၊ မောင်းမဲပြစ်တင်ကြတဲ့ အမူအရာတွေနဲ့ ဒီရဟန်းသုံးပါးရဲ့ အမူအရာတွေဟာ မိုးနဲ့မြေ၊ ရေနဲ့မီးလို ကွာခြားလွန်းလှပါတယ်။

ဘုရားရှင်ဟာ ရဟန်းသုံးပါးရဲ့ ညီညွတ်မှု၊ စည်းကမ်းသေဝပ်မှု၊ အထက်အကြီးအကဲအပေါ် ရိုသေလေးစားမှုတွေနဲ့ ပြည့်စုံလှတဲ့အသွင်သဏ္ဌာန်ကို ရှုမြင်တော်မူရတဲ့အခါ သန္တပီတိဖြစ်မိတာနဲ့ အညီမေးခွန်းတွေကို စတင်မေးမြန်းပါတယ်။

“ရဟန်းတို့... အသင်တို့ရဟန်းသုံးပါးသည် အဘယ်ကဲ့သို့ ကျင့်ကြံပွားများသောနည်းလမ်းဖြင့် ဤကဲ့သို့ အညီအညွတ်နေထိုင်ကြပါသလဲ”

ဒီနေရာမှာ ဘုရားရှင်ရဲ့အမေးကို ရဟန်းသုံးပါး အညီအညွတ်ဖြေကြားလိုက်ပုံကတော့–

**“အရှင်ဘုရား... ဘုရားတပည့်တော်တို့ သုံးဦးသည် တစ်ဦးကိုတစ်ဦး ချစ်သောမျက်စိဖြင့် သာကြည့်ကြပါသည်အရှင်ဘုရား”**

ကြည့်စမ်းပါဦး။ ဒီထက်ကောင်းတဲ့ အဖြေ၊ ဒီထက်ကောင်းတဲ့စကားလုံး၊ ဒီထက်ကောင်းတဲ့ အသုံးအနှုန်း ဘယ်မှာများရှိနိုင်ပါ့မလဲ။

ဟုတ်တာပေါ့။ တစ်ဦးကိုတစ်ဦး ချစ်သောမျက်စိနဲ့သာကြည့်တော့ အချစ်တွေချည်းဝင်တော့မှာပေါ့။ ဘယ်မှာအပြစ်မြင်ပါတော့မလဲ။ သြော်... ဒါကြောင့်လည်း အညီအညွတ် နေထိုင်နိုင်ကြတာပါပဲလေ။

အဲဒီအခါမှာ ဘုရားရှင်က ဆက်ပြီးမေးတော်မူပြန်ပါတယ်။ ဘယ်လိုပုံစံမျိုးနဲ့ ဘယ်လောက်အထိ အညီအညွတ်သင့်တင့်မျှတစွာ နေထိုင်ကြပါသလဲဆိုတော့...။

“အရှင်ဘုရား... နို့နှင့်ရေကို ရောစပ်ပြီးသည့်အခါ နို့ချည်းသက်သက်၊ ရေချည်းသက်သက် ပြန်လည်ခွဲယူလို့မရတော့သည့်ပုံပမာတူ၊ တပည့်တော်တို့သုံးဦးသည်လည်း အတူပေါင်းစည်းနေထိုင်ပြီး သကာလ ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာတည်းဟူသော မေတ္တာသုံးပါးဖြင့် လွှမ်းခြုံကာ ကိုယ်သာကွဲပြား၊ စိတ်မခြားဘဲ သုံးပါးအလိုမမောက်မိုသည် သုံးကိုယ်တစ်စိတ်နေထိုင်ကြပါသည် ဘုရား”

ရဟန်းသုံးပါးရဲ့ အဖြေစကားတွေဟာဖြင့် ကြက်သီးမွေးညင်းထလောက်အောင် မွန်မြတ်လှပါပေတယ်။

ဒီအဖြေစကားတွေရဲ့နောက်ကွယ်မှာ ချစ်ခင်မှု၊ စည်းလုံးမှု၊ တည်ကြည်မှု၊ ခိုင်မြဲမှု၊ မြင့်မြတ်မှုတွေနဲ့ ပြည့်စုံနေတာကို ဖတ်ရင်းဖတ်ရင်း နားလည်သဘောပေါက်လာမိပါတယ်။

သြော်... ဟုတ်ပေသားပဲ။ လောကကြီးမှာ လုပ်ဖော်ကိုင်ဖက် ရဲဘော်ရဲဘက်ချင်း၊ မိတ်ဆွေသူငယ်ချင်းအချင်းချင်း၊ မိသားစုဝင်အချင်းချင်း အတူတကွနေထိုင်ကြတဲ့အခိုက်မှာ ချစ်သောအကြည့်၊ ချစ်သောမျက်စိဖြင့် ကြည့်တတ်ဖို့ တကယ်လိုအပ်လှပါလား။ ဒါမှသာ ပတ်ဝန်းကျင်ကို အလှဆင်နိုင်ပါကလား။ တစ်ဦးနဲ့တစ်ဦး ဂုဏ်တုဂုဏ်ပြိုင် အနိုင်ရလိုမှု၊ အာဃာတထား ရန်လိုမှု၊ မယုံသင်္ကာစိတ်ပွားများမှု၊ ကိုယ့်ထက်သာ မနာလိုမှု၊ သူလုပ်တာက မကောင်း၊ ကိုယ်လုပ်တာမှ အကောင်းထင်မှု၊ လင်းတလောက်တော့ ငှက်တိုင်းလှပါတယ်ဆိုတဲ့ အကောင်းမမြင် အဆင်ခြင်ကင်းမဲ့မှုတွေနဲ့ ဖုံးလွှမ်းသောမျက်စိဖြင့် ကြည့်ရှုမယ်ဆိုရင်တော့ လောကကြီးက အလှတရားတို့ ပျောက်ကွယ်လျော့ပါးသွားမှာပါလား. . . စသည်ဖြင့် အတွေးလှေငယ်ကို ရေလယ်မှာမျှောမိသလို မျှောနေမိပါလေရဲ့။

“တပည့်တော်တို့သုံးဦးဟာ တစ်ဦးကိုတစ်ဦး အင်မတန်ရတောင့်ရခဲမိတ်ဆွေတွေလို့ သဘောထားကြပါတယ်ဘုရား။ ကိစ္စရပ်တိုင်းမှာ သူ့ကိစ္စ၊ ကိုယ့်ကိစ္စ မခွဲခြားဘဲ ဦးသူက အလျင်ပြုမှု ဆောင်ရွက်ပေးကြပါတယ်ဘုရား”

ရဟန်းသုံးပါး လျှောက်တင်တဲ့စကားတွေကို ကြည်ညိုသဒ္ဓါဖြစ်လွန်းတဲ့စိတ်နဲ့အတူ “ချစ်ခြင်းဖြင့်သာ ရှုမြင်ပါ” ကဗျာလေးကို ရေးဖွဲ့စပ်ဆိုခဲ့ကြောင်း တင်ပြရပါတယ်။ ။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄၆၈ ဦး တွေ့ရှိ၊ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း ၄၆၄၀၇၆ ဦးရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃၀-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့်နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၉-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၃၀-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၈,၃၀၄)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၄၆၈)ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် **ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၈.၀) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၃၁၇,၈၅၁)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၆၄,၀၇၆) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၄၀၂) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၁၈,၃၂၉)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၅၃)ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၇,၇၃၅) ဦး ရှိပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၃၀-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၁၀၈)ခု | (၉၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၂)ခု | (၁၈)ဦး |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၁၁)ခု | (၁၀)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၃၄)ခု | (၅၄)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၉၆)ခု | (၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၆၆)ခု | (၉၉)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၄,၅၃၇)ခု | (၁,၁၈၇)ဦး |
| စုစုပေါင်း | (၁၈,၃၀၄)ခု | (၁,၄၆၈)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ **www.mohs.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၄၂၀၀၄၂၁ | ၃၃၆၃၄၇၀၂ | ၇၁၃၉၅၃ |
| ၂။ | အိန္ဒိယ | ၃၃၇၆၁၄၈၁ | ၃၃၀၃၀၆၁၆ | ၄၄၈၃၀၃ |
| ၃။ | ဘရာဇီး | ၂၁၃၉၉၅၄၆ | ၂၀၄၀၄၇၀၁ | ၅၉၆၁၆၃ |
| ၄။ | ဗြိတိန် | ၇၇၇၁၂၉၄ | ၆၂၉၂၂၃၄ | ၁၃၆၅၂၅ |
| ၅။ | ရုရှား | ၇၅၁၁၀၂၆ | ၆၆၇၂၇၆၇ | ၂၀၇၂၅၅ |
| ၆။ | တူရကီ | ၇၁၂၄၉၆၆ | ၆၅၈၃၇၈၉ | ၆၃၈၃၈ |
| ၇။ | ပြင်သစ် | ၇၀၀၈၂၂၈ | ၆၇၆၁၁၆၈ | ၁၁၆၆၅၇ |
| ၈။ | အီရန် | ၅၅၈၇၀၄၀ | ၅၀၃၁၆၉၂ | ၁၂၀၄၂၈ |
| ၉။ | အာဂျင်တီးနား | ၅၂၅၁၂၆၁ | ၅၁၁၆၂၇၄ | ၁၁၅၁၃၀ |
| ၁၀။ | စပိန် | ၄၉၅၆၆၉၁ | ၄၇၅၀၆၁၄ | ၈၆၃၉၇ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၁၅၁၀၄ | ၄၀၃၇၀၂၄ | ၁၄၁၉၃၉ |
| ၂။ | ဖိလစ်ပိုင် | ၂၅၄၉၉၆၆ | ၂၃၇၃၃၇၈ | ၃၈၂၉၄ |
| ၃။ | မလေးရှား | ၂၂၃၂၉၆၀ | ၂၀၃၇၀၉၉ | ၂၆၁၄၃ |
| ၄။ | ထိုင်း | ၁၆၀၃၄၇၅ | ၁၄၇၀၆၇၃ | ၁၆၇၂၇ |
| ၅။ | ဗီယက်နမ် | ၇၉၀၇၅၅ | ၆၀၈၈၃၁ | ၁၉၃၀၁ |
| ၆။ | မြန်မာ | ၄၆၄၀၇၆ | ၄၁၈၃၂၉ | ၁၇၇၃၅ |
| ၇။ | ကမ္ဘောဒီးယား | ၁၁၂၆၅၁ | ၁၀၂၈၂၇ | ၂၃၁၉ |
| ၈။ | စင်ကာပူ | ၉၄၀၄၃ | ၇၇၃၀၇ | ၉၃ |
| ၉။ | လာအို | ၂၃၈၄၆ | ၁၈၇၀၅ | ၁၈ |
| ၁၀။ | ဘရူနိုင်း | ၇၁၁၆ | ၄၈၇၅ | ၄၂ |

## ရန်ကုန်မြောက်ပိုင်းခရိုင် ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် စေတနာ့ဝန်ထမ်းများအား ရေသန့်ဘူးများနှင့် ထမင်းဘူးများလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၃၀**

ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်ကိုးမြို့နယ်မှ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် အခြေခံပြည်သူများ ကိုဗစ်-၁၉ ရောဂါဝေဒနာရှင်များ၊ အရေးပေါ်လူနာများ ဖြစ်ပေါ်လာပါက နေ့ညမရွေး ကူညီဆောင်ရွက်ပေးကြရာတွင် အထောက်အကူဖြစ်စေရန်အတွက် စက်တင်ဘာ ၂၉ ရက် နံနက် ၉ နာရီတွင် ကိုကာကိုလာရေသန့်စက်ရုံမှ တာဝန်ရှိသူများက ရေသန့်ဘူး ၂၀၀၀၀ကို ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်မြောက်ပိုင်းခရိုင် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီရုံးခန်း၌ လာရောက်လှူဒါန်းရာ ခရိုင်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးနေဆန်းက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါ ရေသန့်ဘူးများကို ခရိုင်အတွင်းရှိ လှိုင်သာယာအရှေ့/အနောက်၊ ထန်းတပင်၊ ရွှေပြည်သာ၊ အင်းစိန်၊ မင်္ဂလာဒုံ၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီးမြို့နယ်များ၏ မြို့နယ်ကြက်ခြေနီအသင်းခွဲများသို့ ပြန်လည်ခွဲဝေပေးအပ်ခဲ့ကြောင်း သိရသည်။

အလားတူ မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ထောက်ကြံ့ ကိုဗစ်-၁၉ စင်တာ၊ ပုလဲဆေးရုံကြီး ကိုဗစ်-၁၉ ရောဂါကုစင်တာ၊ မြို့နယ်သာသနာ့ဗိမာန် ကိုဗစ်စင်တာများ၌ တာဝန်ထမ်းဆောင်နေကြသော ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရှင်သန်ရေးကူညီမှုအသင်းသားများ စသည့် စေတနာ့ဝန်ထမ်းများအတွက် အလှူရှင် Delhi Height မိသားစုက အသင့်စားထမင်းဘူး၂၀၀ ကို ထောက်ကြံ့ပညာရေး စီမံခန့်ခွဲမှု သင်တန်းကျောင်း ကိုဗစ်-၁၉ စင်တာသို့



လာရောက်လှူဒါန်းရာ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူးဦးအေးသွင်က လက်ခံရယူခဲ့ကြောင်း သိရသည်။

ညဏ်ဟိန်း

(၅၇)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုဆောင်းပါး

# လက်ဆင့်ကမ်းစွမ်းရည်

အန်ကယ်ပညာ



မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို တော်လှန်ရေးကောင်စီလက်ထက် ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍ ခေတ်နှင့်အညီ အဆင့်ဆင့်ပြောင်းလဲတိုးချဲ့ဖွဲ့စည်းလာခဲ့သည့်အတွက် ထိုနေ့ကိုပင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဟု သတ်မှတ်ခဲ့ကြပါသည်။ သို့ဖြစ်၍ ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်၂၀၂၁ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့သည် (၅၇)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဖြစ်ပါသည်။

ယနေ့ နိုင်ငံတော်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ဤသို့ဆောင်ရွက်ရာတွင် နိုင်ငံသားတစ်ဦးချင်းသည်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သည်လည်းကောင်း မိမိကျရာတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထိုအဖွဲ့အစည်းများတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည်လည်း ပါဝင်သည်ဖြစ်၍ မိမိတပ်ဖွဲ့အတွက် ချမှတ်ထားသည့် ရည်မှန်းချက်တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ရာ ရဲတပ်ဖွဲ့ဝင်တိုင်းသည် တစ်ဦးချင်းစွမ်းရည်နှင့်ပြည့်ဝနေကြရမည် ဖြစ်ပါသည်။ ရဲတပ်ဖွဲ့ဝင်တစ်ဦးချင်း၏ စွမ်းရည်ပြည့်ဝနေမှသာ တပ်ဖွဲ့ဝင်များနှင့်ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည်လည်း စွမ်းရည်ပြည့်ဝသည့် တပ်ဖွဲ့ကြီးဖြစ်နေမည်ဖြစ်ပါသည်။

### အခြေခံအကျဆုံးလိုအပ်ချက်

ထိုသို့ စွမ်းရည်ပြည့်ဝနေမှသာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်ကြီး (၄)ရပ်ဖြစ်သော ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ရေးတာဝန်များကို မှန်ကန်မြန်ဆန်စွာ အောင်မြင်အောင်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များကိုကြည့်လျှင် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အေးချမ်းသာယာမှုနှင့် ကိုယ်စိတ်နှစ်ပါးလုံခြုံမှုအတွက် ဦးတည်ဆောင်ရွက်နေသည်ကိုတွေ့ရပါသည်။ ထိုသို့နိုင်ငံတစ်ဝန်းလုံခြုံမှုရှိပြီး အေးချမ်းသာယာနေမှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံတော်တည်ဆောက်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စွမ်းရည်ပြည့်ဝရေးသည် အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်ပါသည်။

မျက်မှောက်ခေတ်တွင် နည်းပညာအသုံးပြုမှုတွင်ကျယ်လျက်ရှိရာ ရာဇဝတ်မှုကျူးလွန်သူများအနေဖြင့်လည်း နည်းပညာကို အသုံးချ၍ ဥပဒေချိုးဖောက်မှုများ၊ ရာဇဝတ်မှုများကိုကျူးလွန်လာကြရာ အချို့သောမှုခင်းကိစ္စရပ်များတွင် သမားရိုးကျနည်းဖြင့် ရှာဖွေစုံစမ်းဖော်ထုတ်ရန်ခက်ခဲလာသဖြင့် ခေတ်နှင့်အညီ နည်းပညာမြင့် အထောက်အကူပြု ပစ္စည်းကိရိယာများကိုလည်း ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုတတ်ရန် လိုအပ်လာပါသည်။သို့ဖြစ်၍ ရဲတပ်ဖွဲ့ဝင်များ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့အပြင် ဥပဒေဘောင်အတွင်းမှ စီးပွားရေးလုပ်ကိုင်နေသူများအနေဖြင့် မူးယစ်ဆေးဝါးအပါအဝင် တရားမဝင်ကူးသန်းရောင်းဝယ်ခြင်းတို့မှ ရရှိသည့် ငွေကြေးပမာဏကို ယှဉ်ပြိုင်နိုင်ခြင်းမပြုနိုင်သည့်အပြင် ငွေကြေးမတည်ငြိမ်မှုများ၊ ငွေကြေးခဝါချမှုများပါ ဖြစ်ပေါ်နေသဖြင့် တိုင်းပြည်၏ စီးပွားရေးကို ကမောက်ကမဖြစ်စေပါသည်။ သို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ငွေကြေးခဝါချမှုနှင့် ၎င်း၏ မူလဇာစ်မြစ် ရာဇဝတ်မှုခင်းများကိုပါ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်တွင်းလုံခြုံရေး၊ ရာဇဝတ်မှုခင်းများလျော့နည်းကျဆင်းရေး၊ နယ်မြေဒေသတည်ငြိမ်ရေးတို့ကိုဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတော်၏ သယံဇာတများ တရားမဝင်ခိုးထုတ်ခြင်းမှ တားဆီးကာကွယ်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် နိုင်ငံတော်၏ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနေသည့် ပို့ဆောင်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးအတွက် ရေကြောင်း၊ လေကြောင်း၊ ရထားနှင့် ကုန်းလမ်းပို့ဆောင်ရေးဆိုင်ရာ ယာဉ်သွားလာမှု လုံခြုံချောမွေ့စေရေးတို့ကိုပါ ဆောင်ရွက်ပေးလျက်ရှိပါသည်။

### ဖြည့်ဆည်းလေ့ကျင့်

သို့ဖြစ်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့်ကဏ္ဍများအတွက် ရဲလုပ်ငန်းဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ရဲတပ်ဖွဲ့ဝင်များ၏စွမ်းရည်ပြည့်ဝရေးသည် များစွာအရေးပါလျက်ရှိသည်ကို တွေ့ရပါသည်။ ရဲတပ်ဖွဲ့ဝင်များ၏စွမ်းရည်ဟုဆိုရာတွင် ပြည်သူလူထုအသိအမှတ်ပြုသည့် အသွင်သဏ္ဌာန်နှင့် အနှစ်သာရများ ပြည့်ဝနေစေရမည်ဖြစ်ပါသည်။ ထိုသို့ ပြည့်ဝနေစေရန် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စွမ်းရည်(၄)ရပ်၊ အခြေခံအရည်အချင်း (၅)ပါး၊ အမြင်(၅)မြင်၊ ခေါင်းဆောင်မှုအင်္ဂါရပ် (၁၆)ချက်တို့နှင့် ပြည့်စုံနေရန် ဖြည့်ဆည်းလေ့ကျင့်နေကြရမည်ဖြစ်ပါသည်။

ထို့အပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် စနစ်တကျဖွဲ့စည်းထားသည့် လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည်နှင့်အညီ စွမ်းရည်ပြည့်ဝသည့် တပ်ဖွဲ့ဖြစ်နေစေရေးအတွက် တည်ဆောက်ရေးတာဝန် (၄)ရပ်နှင့် တပ်ဖွဲ့များကို တည်ဆောက်နေကြရမည်ဖြစ်ပါသည်။ နယ်စပ်ဒေသနှင့် ပြည်တွင်းလုံခြုံရေးတာဝန်များကို ထမ်းဆောင်ရာတွင် သိရှိလိုက်နာဆောင်ရွက်ကြရမည့် စစ်အောင်ရာသောအကြောင်းကြီးများ၊ စစ်အခြေခံသဘောတရားများနှင့် စစ်နည်းဗျူဟာများကို လက်တွေ့အသုံးချနိုင်ပြီး တာဝန်ထမ်းဆောင်ရာ၌လည်း လေ့ခွက်ချည်းကျန် အလံမလှဲသည့်စိတ်ဓာတ်၊ တုံးတိုက်တိုက် ကျားကိုက်ကိုက်စိတ်ဓာတ်၊ အမိနိုင်ငံတော်၏မြေကို တစ်လက်မမျှပဲ့အပါမခံနိုင်သည့် တိုက်ပွဲဝင်စိတ်ဓာတ်မျိုး ထားရှိနိုင်သည်အထိ လေ့ကျင့်ထားကြရမည်ဖြစ်ပါသည်။

### လုပ်ငန်းခွင်လေ့ကျင့်ရေး

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တိုင်းသည် နယ်ဘက်ဆိုင်ရာဥပဒေများအပြင် ရဲစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများကိုပါ အစဉ်လေးစားလိုက်နာကြရပြီး ဆောင်ရန်၊ ရှောင်ရန်အတိုင်းလိုက်နာနေထိုင်ကာ ရဲတပ်ဖွဲ့၏ အစဉ်အလာ (၁၂)ရပ်ကို ထိန်းသိမ်းသွားကြရမည်ဖြစ်ပါသည်။ ထို့အပြင် နေရာဒေသမရွေး၊ အချိန်အခါမရွေး ပေးအပ်သည့် တာဝန်နှင့်ပေါ်ပေါက်လာသည့်ပြဿနာများကို အောင်မြင်အောင်ဆောင်ရွက်နိုင်ရန် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာကြံ့ခိုင်မှု အမြဲရှိနေစေရေးအတွက် ခံနိုင်ရည်စံနှုန်းများအတိုင်း အမြဲလေ့ကျင့်နေကြရမည်ဖြစ်ပါသည်။

ဤသို့ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ပြီး ယုံကြည်ချက်၊ ခံယူချက်မြင့်မားကာစွမ်းရည်ပြည့်ဝသည့် ရဲတပ်ဖွဲ့ဝင်များဖြစ်ပေါ်လာစေရေးအတွက် လေ့ကျင့်ရေးဖြင့် တည်ဆောက်ရာတွင်သင်တန်းကျောင်းများ၌ လေ့ကျင့်ခြင်းသည်အခြေခံမျှသာဖြစ်၍ လုပ်ငန်းခွင်များတွင်ပါ တာဝန်ထမ်းဆောင်ရင်း လက်တွေ့လုပ်ဆောင်လေ့ကျင့်သွားကြရမည်ဖြစ်ပါသည်။

ထို့အပြင် သင်တန်းကျောင်းများတွင် သက်ဆိုင်ရာ ရာထူးအဆင့်အတန်းအလိုက် လုပ်ငန်းကျွမ်းကျင်မှုမွမ်းမံလေ့ကျင့်ခြင်း၊ ပြည်ပနိုင်ငံများသို့ စေလွှတ်၍ သင်တန်းတက်ရောက်စေခြင်း၊ တပ်မတော်ဆိုင်ရာသင်တန်းများသို့ တက်ရောက်စေခြင်းနှင့် သက်ဆိုင်ရာတပ်ဖွဲ့အလိုက် လေ့ကျင့်မှုများ ပြုလုပ်ခြင်းတို့ဖြင့်လည်း တပ်ဖွဲ့ဝင်များ၏ အရည်အချင်းကို မြှင့်တင်ပေးနေရမည်ဖြစ်ပါသည်။

### ကျေပွန်အောင်မြင်အောင်

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် နိုင်ငံတော်အစိုးရနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့က ချမှတ်သည့် မူဝါဒများ၊ တည်ဆဲဥပဒေများနှင့်အညီ ရည်မှန်းချက်တာဝန်များကို ထမ်းဆောင်ရာ တွင် ပြည်သူလူထုနှင့် အများဆုံး တိုက်ရိုက်ထိတွေ့ဆက်ဆံရသည့် အဖွဲ့အစည်းဖြစ်ပါသည်။ ထို့အပြင် ဖွဲ့စည်းတည်ထောင်ချိန်မှစ၍ မြန်မာနိုင်ငံသမိုင်းကြောင်းနှင့်ယှဉ်၍ အသုံးပြုခဲ့ကြသည့် ခေတ်စနစ်များအလိုက် မိမိတို့၏တာဝန်ဝတ္တရားများကို ကျေပွန်အောင်ထမ်းဆောင်ခဲ့ကြသည့် အဖွဲ့အစည်းလည်းဖြစ်ပါသည်။

သို့ဖြစ်၍ တပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံရာတွင် စွမ်းရည်ပြည့်ဝမှုကို အရင်းပြု၍ ဥပဒေဘောင်အတွင်းမှ သိမ်မွေ့မှန်ကန်စွာဆက်ဆံခြင်း၊ ပြည်သူ၏လိုအပ်ချက်များကို စိတ်ရင်းစေတနာကောင်းဖြင့် ဝန်ဆောင်မှုပေးခြင်းတို့ဖြင့် ပြည်သူလူထု၏ ကောင်းမွန်သည့် အမြင်နှင့် စိတ်ပိုင်းဆိုင်ရာယုံကြည်အားကိုးမှုတို့ကို ရယူတည်ဆောက်သွားကြရမည် ဖြစ်ပါသည်။ထို့အပြင် နိုင်ငံတော်အစိုးရ၏ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များ အကောင်အထည်ဖော်ရာတွင်လည်း မိမိတို့ကျရာကဏ္ဍမှ ကျေပွန်အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

**ဥပဒေဘောင်အတွင်းမှ စီးပွားရေးလုပ်ကိုင်နေသူများအနေဖြင့် မူးယစ်ဆေးဝါးအပါအဝင် တရားမဝင်ကူးသန်းရောင်းဝယ်ခြင်းတို့မှ ရရှိသည့် ငွေကြေးပမာဏကို ယှဉ်ပြိုင်နိုင်ခြင်းမပြုနိုင်သည့်အပြင် ငွေကြေးမတည်ငြိမ်မှုများ၊ ငွေကြေးခဝါချမှုများပါ ဖြစ်ပေါ်နေသဖြင့် တိုင်းပြည်၏ စီးပွားရေးကို ကမောက်ကမဖြစ်စေပါသည်။ သို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ငွေကြေးခဝါချမှုနှင့် ၎င်း၏ မူလဇာစ်မြစ် ရာဇဝတ်မှုခင်းများကိုပါ ဖော်ထုတ်အရေးယူဆောင်ရွက်**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

ဆည်းဆာနေရောင်သည် ခင်ခင်ကြီး၏ကိုယ်ပေါ်မှာ ရွှေရည်ဆမ်းထားသလို ဖြစ်သည်။ အသားမှာ ဆည်းဆာ၏ အလင်းရောင်ကြောင့် ရွှေအရောင်လို ဝင်းသည်။ ဝါသည်။ လဲ့လဲ့ရှိမ်းရှိမ်းရှိသည်။ ရှက်သွေးလွှမ်းနေသည့် မျက်နှာကလေးမှာ တစ်မျိုးတော့ ကြည့်၍ကောင်းသည် ထင်မိ၏။ မဝံ့မရဲ ကြည့်လာတတ်ပုံက နှလုံးသားကို လှုပ်ရှားစေနိုင်သည်။ ကိုယ်တွင်ကပ်ကာ ချပ်ရပ်နေသည့် ထဘီရေစိုကြောင့် ကိုယ်ဟန်အချိုးအဆက်ကို ပင်ကိုသဘာဝနီးပါး မြင်သာသည်။ လုံးဝန်းသောပခုံးနှင့် ပြည့်တင်း သွယ်ပျောင်းသော လက်မောင်းအိုးကလေးများကို တွေ့ရသည်။ လက်ဖျံတွင် မွေးညင်း စိမ်းစိမ်းမြမြကလေးများ ယိမ်းနွဲ့ပေါက်ရောက်နေသည်ကို သတိထားမိသည်။

ရေသည် ခြေမျက်စိမျှသာမြုပ်သည်။ ရင်ရှားထားရသောကြောင့် ထဘီသည် ဒူးဆစ်အောက်နားအထိသာ ဖုံးလွှမ်းနိုင်သည်။ သလုံးသား ဝင်းဝင်းညက်ညက်ကလေးများကို မြင်သာသည်။

ဩော်၊ သည်တော့လည်း လူအများကြားတွင် ခင်ခင်ကြီးသတင်းကြီးနေသည်မှာ ဘာများဆန်းပါသနည်း။ ကာလသားများ၏ ပါးစပ်ဖျားတွင် ခင်ခင်ကြီး၏အမည် ရေပန်းစားနေရခြင်းမှာ ဘာများ ထူးပါသနည်း။ ခင်ခင်ကြီးအား ရွှေမင်းသမီးကလေးဟု ခေါ်ဆိုနေကြခြင်းအတွက် ဘာများ အံ့သြစရာရှိပါသနည်း။ စသည်ဖြင့် မောင်မောင်ဦး တွေးတောလာမိသည်။


အနီးကပ်ကပ် အမှတ်ထင်ထင်ကြည့်မိလေမှပင် ခင်ခင်ကြီး၏ မျက်နှာ၌ ထူးခြားသောအရာတစ်ခုရှိနေသည်ကို သတိပြုမိသည်။ ယင်းအရာမှာ မှဲ့တစ်လုံးဖြစ်ပါသည်။ အသေးစား ရွေးစေ့တစ်စေ့လို တင်ရှိနေခြင်းဖြစ်သည်။ နှုတ်ခမ်းအကွေးအညွှတ် အစွန်းအဖျားကလေးတွင် ရှိသည်။ အထက်နှုတ်ခမ်းအစပ်တွင် ယင်းအရာတည်သည်။ ဖြူလွှင်သော အသားတွင်ဖြစ်၍ ထင်းထင်းပေါ်လွင်သည်။ အကယ်၍ စကားပြောမည်၊ ပြုံးမည်ဆိုပါက မှဲ့ကလေး လှုပ်ရှားသွားပေလိမ့်မည်ဟု ထင်ရပါသည်။

မှဲ့မှာ ခင်ခင်ကြီး၏ မျက်နှာသွင်ပြင်ကို ထူးခြားစေသည်သာ မဟုတ်သေး။ မျက်နှာ၏ အထိမ်းအမှတ်တစ်ခုပမာ တည်ရှိနေခြင်းလည်း ဖြစ်ပုံရသည်။

ယင်းမှဲ့မျိုးပါလျှင် စကားကြွယ်တတ်သည်ဟု သိမှတ်ရဖူးသည်။

သို့ပေမဲ့ ပစ္စက္ခတွင် တွေ့ကြုံနေရသော ခင်ခင်ကြီးထံမှမူ စကားတစ်ခွန်းမျှထွက်မလာ။ အာစေးထည့်ထားသည့်နှယ်ပင်။

မောင်မောင်ဦး အနေနှင့်လည်း တောင်းပန်စကားကို ဆိုခဲ့ပြီးနောက် စကားမပြောဖြစ်ခဲ့။ စင်စစ်တွင်မူ ခင်ခင် ကြီး၏အလှက သူ့အသိအာရုံကို တိမ်းမူးစေရန် ဖမ်းစားလိုက်သည်ဟု ထင်ရပါသည်။




**မောင်မောင်ဦးသည် ခင်ခင်ကြီး၏မျက်နှာကို အလွတ်ကျက်မှတ်သလို တစ်ချက်မျှ စူးစူးစိုက်စိုက်ကြည့်သည်။ ခင်ခင်ကြီးက မော့အကြည့်နှင့် ဆုံရသည်။ အကြည့်ချင်းဆုံရလေလျှင် မျက်ဝန်းများမှာ တစ်စုံတစ်ခုသောအကြောင်းဖြင့် တောက်ပရွှန်းလက်လာသည်ဟု ထင်ရ . . .**

အခြေအနေကလည်းမကောင်း။ သို့ဖြစ်၍ ယခင်ကလို ခုနစ်ရက်ခုနစ်လီ နေခြင်းမရှိ။ တနင်္ဂနွေနေ့နှင့် တိုက်ဆိုင်သော နေ့တစ်နေ့သာနေကြသည်။ စင်စစ် ထိုနေ့တွင် ဘုရားပွဲတော်မှာ အစည်ကားဆုံးလည်း ဖြစ်သည်။

ဇရပ်သို့ ပြန်ရောက်လျှင် ပွဲခင်းဆီမှာ အသံဗလံများကို ကြားရပေပြီ။ ပတ်မကို ပတ်စာပိုးရင်း တီးခတ်သံ၊ ဆိုင်းဝိုင်းညှိသံတို့သည် လေရှူးနှင့်အတူ ဝေ့မြူးလိုက်ပါလာသည်။

နေကလည်း ညိုခဲ့ခြင်းဖြစ်သည်။ ဆည်းဆာရောင်ပင် ပျောက်ကွယ်ခဲ့ချေပြီ။ သို့ပေမယ့် အမှောင်ကြီးမဟုတ်ပေ။

ဈေးဆိုင်တန်းများ၌ အောက်လင်းဓာတ်မီးများ ထွန်းညှိစပြုသည်။ ကညင်ဆီတိုင်၊ ရေနံဆီမီးခွက်တို့၏ အလင်းရောင်သည်လည်း ပြိုးပြက်စပြုသည်။

"ဒီည ဘယ်ဇာတ်ကြည့်မလဲဟေ့၊ အမယ်ကြီးအို အောင်စိန်လား"

မောင်မောင်ဦးတို့ လူသိုက်ထဲမှ တစ်ယောက်က မေးသည်။

"မင်းတို့အရူးတွေပဲ။ ဘာလို့ပွဲကြည့်ရင်း အချိန်တွေ ကုန်ပစ်မှာလဲ။ ပွဲတိုင်းကို ဝင်ပြီးသဝေထိုး၊ အငြိမ့်ကို ခဏတစ်ဖြုတ်ကြည့်၊ အဲဒါကမှ အဓိပ္ပာယ်ရှိဦးမယ်"

အခြားတစ်ယောက်က ဆိုသည်။

မောင်မောင်ဦးသည် သူတို့လူသိုက်၏ နောက်ပိုင်းမှ သူငယ်ချင်းများ၏ခေါ်သံကို ကြားရသည်။ သူ့နောက်သို့ လိုက်လာကြပုံရသည်။

ခင်ခင်ကြီးအား သည်ပုံစံဖြင့် သူငယ်ချင်းများ မမြင်ရစေချင်။ မတွေ့ရစေချင်။

ထို့ကြောင့်ပင် မောင်မောင်ဦးသည် ခင်ခင်ကြီး၏မျက်နှာကို အလွတ်ကျက်မှတ်သလို တစ်ချက်မျှ စူးစူးစိုက်စိုက်ကြည့်သည်။ ခင်ခင်ကြီးက မော့အကြည့်နှင့် ဆုံရသည်။ အကြည့်ချင်းဆုံရလေလျှင် မျက်ဝန်းများမှာ တစ်စုံတစ်ခုသော အကြောင်းဖြင့် တောက်ပရွှန်းလက်လာသည်ဟု ထင်ရသည်။

မောင်မောင်ဦးသည် ကိုယ်ကို လှည့်လိုက်သည်။ သူငယ်ချင်းများရောက်မလာမီ ၎င်းတို့ထံ ပြေးလာခဲ့ပါသည်။

ခင်ခင်ကြီးကို မမြင်သာတော့ပြီဆိုပေမဲ့၊ မတွေ့သာတော့ပြီဆိုပေမဲ့ ရုပ်အသွင်ကို မြင်ယောင်၊ တွေ့ယောင်ရဆဲ ရှိသည်။ ဖြုတ်ခြည်း မြင်တွေ့လိုက်ရသည့် ရုပ်အသွင်သည် မျက်စိသူငယ်အိမ်တွင် စွဲထင်နေသလို ရှိသည်။

သူသည် စောစောပိုင်းက မူးမူးရူးရူးနှင့် ဆိုခဲ့မိလေသော သီချင်းကို သတိရသည်။

"ရွှေသားကို ပန်းချီပြင်လို့၊ သည်ခင်ကို စုတ်တံနှင့် ရေးသော်လည်း ဆေးရနိုင်ဖွယ်"

သည်အပိုင်းကို စိတ်ထဲမှ ရွတ်ဆိုကြည့်နေမိသည်။

ရင်ထဲမှာ ကျေနပ်သည်လား၊ တက်ကြွသည်လား။ ကြည်နူးနှစ်သိမ့်မိသည်လားတော့ မပြောတတ်။ ခင်ခင်ကြီးနှင့် ပတ်သက်၍ ဝေဒနာတစ်ရပ် ပေါ်ပေါက်လာသည်ကား အမှန်ပင်။

ရေချိုးပြီးလျှင် ဇရပ်သို့ ပြန်ကြသည်။

ပင်းဘုရားတစ်ဝိုက်တွင် တွင်းရိုးတွင်းစားတို့၏ ဇရပ်အများအပြားရှိသည်။ အချို့ကား အုတ်ဇရပ်၊ အချို့ကား ပျဉ်ထောင်ရိုးရိုးပင်။

မောင်မောင်ဦးတို့ဇရပ်မှာ အဘိုးလက်ထက်က တည်ဆောက်ခဲ့သော ဇရပ်ဖြစ်သည်။ အုတ်ဇရပ်ဖြစ်သည်။

ယခင်ကဆိုလျှင်တော့ ဘုရားပွဲစပြီဆိုသည်နှင့် ဇရပ်သို့လာသည်။ ခုနစ်ရက်ခုနစ်လီ ဇရပ်တွင်နေထိုင်ကာ အစားအသောက် အကျွေးအမွေးများဖြင့် ညှော်ခံလေ့ရှိသည်။ ယခုမူ မောင်မောင်ဦးတို့မှာ ကျောင်းသားလည်း ဖြစ်နေသည်။ အိမ်၏ စကားများကို မကြား၊ အလင်းရောင်ကလည်း လုံးဝမပျောက်ကွယ်သေး၊ အမှောင်ကလည်း ချင်းနင်းစပြုနေသည်။ ထိုသို့ လင်းထင်းခြင်း တစ်ဝက်တစ်ပျက်၊ အမှောင်တစ်ဝက်တစ်ပျက် အကြားမှာ လင်းလက်နေသည့် ပွဲဈေးတန်းမှ မီးအလင်းရောင်များကို ငေးကြည့်နေသည်။

သူသည် မည်သည့်ပွဲကိုမျှ စိတ်မဝင်စား။ မည်သည့်ဇာတ်ကိုမျှ မကြည့်ချင်။ စင်စစ် သူမြင်လိုတွေ့လိုလျက်ရှိသည်မှာ ခင်ခင်ကြီး၏ ပျိုမျစ်နုနယ်သည့် မျက်နှာကလေးကိုသာပင်။

x x x x x

[၇]

ရေခင်းသံ ကြားရပြီဆိုလျှင် ခင်ခင်ကြီးတစ်ယောက် ရင်ခုန်လာသည်။ ဗုံတိုနှက်သံနှင့်အပြိုင် အသည်းနှလုံး တုန်လှုပ်ရသည်။ ပွဲဈေးခင်းသို့ သွားလိုလျက်ရှိလှလေပြီ။

မေမေက ဘာမျှမပြောသေး။ ကိုကိုကလည်း မလှုပ်သာသေး။ ခင်ခင်ကြီး သည် စောစီးစွာကတည်းက မှုန်နံ့သာခြယ်သ၍ ပြီးခဲ့လေပြီ။ သနပ်ခါးပဲစယ် လိမ်းခြယ်၍ ပြီးလေပြီ။ အကောင်းဆုံး အဝတ်အဆင်ကို ဝတ်ဆင်ထားခဲ့ပြီဖြစ်သည်။

ဘွားဘွား၊ မေမေ၊ မလုံးတင်နှင့် မလုံးရင်တို့က မနက်အာရုံဆွမ်းကပ်ဖို့ ပြင်ဆင်ချက်ပြုတ်နေကြသည်။ ဖေဖေသည် မိုးချုပ်ခါနီးတွင်မှ ကပ်၍ရောက်လာသည်။ လူအချို့နှင့် တရားစကား ဆွေးနွေးငြင်းခုံနေသည်။ စောစောပိုင်းက ဖေဖေသည် ကိုကို့အား လူကြီးသူကြီးများရှေ့တွင် ပွဲထုတ်ခဲ့သည်။ ထို့ကြောင့်လည်း ကိုကိုသည် မလှုပ်ရဲဘဲရှိသည်။ စကားဝိုင်းမှ စိတ်ဝင်စားဟန် မပြသော်လည်း ငြိမ်သက် ထိုင်နေရသည်ပင်။ စင်စစ် ကိုကို၏ဒုက္ခ မသေးလှဟု ခင်ခင်ကြီးထင်သည်။

ကိုကိုသည် ရံခါတွင် ခင်ခင်ကြီးဘက်သို့ လှည့်ကြည့်တတ်သည်။ ခင်ခင်ကြီးက ထလာခဲ့ရန် မျက်ရိပ်ပြလျှင် ကိုကိုသည် မျက်နှာကို ရှုံ့မဲ့ပြတတ်သည်။

ပွဲဈေးခင်းမှာ စည်လှလေပြီး အုန်းအုန်းကျွက်ကျွက် ညံလှပေပြီ။ ဈေးသည်များ၏အသံ၊ လူသံသူသံဆူနေသည်။ လူတွေ ရှုံးရှုံးစုစု ရှိကြပေပြီ။

ဤသည်များကို မြင်ရလေလျှင် ခင်ခင်ကြီး အသည်းယားလာသည်။ စိတ်နှလုံး တုန်လှုပ်လာသည်။

တကယ်တမ်း ပြောရမည်ဆိုပါက ခင်ခင်ကြီးတွင် အခြားသော အသည်းယားဖွယ်သော၊ တုန်လှုပ်ဖွယ်သောအရာ တစ်ခုရှိသေးသည်။

၎င်းမှာ မောင်မောင်ဦးနှင့် ပတ်သက်စပ်လျဉ်းသည်။

ညနေ ပင်းချောင်းအတွင်း ရေချိုးခဲ့စဉ်က အဖြစ်အပျက်အတွက် ယခုတိုင်အောင် ခင်ခင်ကြီး၏ ရင်မှာပူနွေးရဆဲ ရှိသေးသည်။

ထိုစဉ်က မောင်မောင်ဦးသည် ခင်ခင်ကြီးကို ဝင်တိုက်မိခဲ့သည်။ ကျောပေးထားသော အနေအထားဖြစ်၍ သူပြေးလာသည်ကို မမြင်ခဲ့။ မတွေ့ခဲ့။ ဝင်အတိုက်ခံရကာ ရေထဲသို့ လဲကျခဲ့ရစဉ်က ထောင်းခနဲ ဒေါသဖြစ်ရသည်အမှန်။ ရန်တွေ့မည်စိတ်ကူးကာ ထလိုက်သည်။ မည်သို့မျှ မျှော်လင့်ထင်မှတ်ခြင်းမရှိဘဲ မောင်မောင်ဦး၏ မျက်နှာကို မြင်လိုက်ရလေတော့လည်း ခင်ခင်ကြီးမှာ အံ့သြတုန်လှုပ်ရသောစိတ်ဖြင့် အာစေးထည့်ထားသလို စကားတစ်ခွန်းမျှ ပြော၍ မထွက်။

"မောင်မောင်ဦး ဖြစ်နေလို့သာပေါ့၊ အခြားသူသာဆိုရင် ဒီနေရာမှာ ပါးကွဲသွားပြီသာမှတ်။ တို့များလည်း ရန်တွေ့မယ်လို့ အလုပ်လိုက်မှာ မောင်မောင်ဦး မျက်နှာကို ဘွားခနဲ တွေ့လိုက်ရတော့ စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်သွားတယ်။ သူ့အဖေရဲ့မျက်နှာကို ရုတ်တရက်မြင်လိုက်ရတယ်။ အဲဒါနဲ့ အသာပဲကြည့်နေလိုက်ရတယ်"

မလုံးတင်ကပင် ယင်းသို့ဆိုသည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# နိုင်ငံရေးသမားဘဝကိုထုဆစ်ပုံဖော်ဖို့ လက်ဝှေ့သမားဘဝကနေ အနားယူလိုက်ပြီဖြစ်တဲ့ ဖိလစ်ပိုင်လက်ဝှေ့ကျော် ပက်ကွီယို



ဖိလစ်ပိုင်နိုင်ငံရဲ့ ဝါရင့်လက်ဝှေ့သမားတစ်ဦးဖြစ်တဲ့ ပက်ကွီယိုဟာ နိုင်ငံရေးသမားဘဝကို ထုဆစ်ပုံဖော်ဖို့အတွက် ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝကနေ အနားယူလိုက်ပြီဖြစ်တယ်လို့ ကြေညာခဲ့ပါတယ်။

**ပါဝင်ယှဉ်ပြိုင်**

ဖိလစ်ပိုင်နိုင်ငံရဲ့ အထက်လွှတ်တော် အမတ်တစ်ဦးဖြစ်သလို လက်ဝှေ့လောကမှာလည်း ဝိတ်တန်းရှစ်ခုမှာ ချန်ပီယံဖြစ်ထားတဲ့ ပက်ကွီယိုဟာ ၂၀၂၂ ခုနှစ်မှာ ကျင်းပမယ့် ဖိလစ်ပိုင်နိုင်ငံရဲ့ သမ္မတရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့ ရည်ရွယ်ထားတယ်လို့လည်း ကြေညာထားသူ ဖြစ်ပါတယ်။

အသက် ၄၂ နှစ်အရွယ် ဖိလစ်ပိုင်လက်ဝှေ့ကျော် ပက်ကွီယိုဟာ ပြီးခဲ့တဲ့လအတွင်းက လက်ဝှေ့သမားဘဝ နောက်ဆုံးပွဲစဉ်အဖြစ် ကျူးဘားလက်ဝှေ့သမား ယော်ဒန်းနစ်ယူဂတ်စ်နဲ့ ယှဉ်ပြိုင်ကစားခဲ့တာဖြစ်ပြီး အဲဒီပြိုင်ပွဲမှာ ကျူးဘားလက်ဝှေ့ကျော်ယော်ဒန်းနစ်ယူဂတ်စ်ကို ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။

ပက်ကွီယိုဟာ လက်ဝှေ့သမားဘဝကနေ အနားယူခဲ့ခြင်းဟာ အခက်ခဲဆုံးဆုံးဖြတ်ချက်ဖြစ်တယ်လို့ ပြောကြားခဲ့ပြီး လက်ဝှေ့ကစားခြင်းကြောင့် သူ့ရဲ့ဆင်းရဲမွဲတေမှုကနေ လွတ်မြောက်မယ့် အခွင့်အလမ်းကို ရရှိခဲ့တာဖြစ်ကြောင်းနဲ့ သူ့ရဲ့ဘဝကိုလည်း အပြောင်းအလဲဖြစ်လာစေခဲ့ကြောင်း ပြောကြားခဲ့ပါတယ်။

ဖိလစ်ပိုင်လက်ဝှေ့ကျော် ပက်ကွီယိုဟာ အသက် ၁၉ နှစ်အရွယ်ဖြစ်တဲ့ ၁၉၉၈ ခုနှစ်က လက်ဝှေ့သမားဘဝ ပထမဆုံး ခါးပတ်ကို ရယူဆွတ်ခူးနိုင်ခဲ့တာဖြစ်ပြီး အဲဒီအချိန်က ဒဗလျူဘီစီဖလိုင်းဝိတ် ချန်ပီယံခါးပတ်ပြိုင်ပွဲမှာ ထိုင်းလက်ဝှေ့သမား ချက်ချိုင်းဆာဆာကူလ်ကို အနိုင်ရရှိခဲ့ပြီး ခါးပတ်ချန်ပီယံဖြစ်ခဲ့တာ ဖြစ်ပါတယ်။

**မှတ်တမ်းဝင်ခဲ့သူဖြစ်**

ပက်ကွီယိုဟာ ၂၀၁၉ ခုနှစ် ဇူလိုင်လအတွင်းက ကိတ်သာမန်ကို အနိုင်ရရှိခဲ့ပြီး ဒဗလျူဘီအေ(စူပါ)ဝယ်တာဝိတ် ချန်ပီယံဖြစ်ခဲ့ချိန်က အသက် ၄၀ အရွယ်ရှိပြီဖြစ်တာမို့ အသက်အကြီးဆုံး ဝယ်တာဝိတ်ချန်ပီယံအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သူ ဖြစ်ပါတယ်။

ပက်ကွီယိုဟာ လက်ဝှေ့သမားဘဝတစ်လျှောက်မှာ ပြိုင်ပွဲစုစုပေါင်း ၇၂ ပွဲယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ၆၂ ပွဲနိုင်၊ ရှစ်ပွဲရှုံး၊ နှစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။ ဖိလစ်ပိုင် ပရော်ဖက်ရှင်နယ် လက်ဝှေ့သမား ပက်ကွီယိုဟာ ၂၀၁၀ ပြည့်နှစ်မှာ ဖိလစ်ပိုင်နိုင်ငံရဲ့ အောက်လွှတ်တော်မှာ အမတ်နေရာတစ်နေရာရရှိခဲ့ကာ နိုင်ငံရေးလောကထဲကို စတင်ဝင်ရောက်လာခဲ့တာဖြစ်ပြီး ၂၀၁၆ ခုနှစ်မှာတော့ အထက်လွှတ်တော်အမတ်ဖြစ်လာခဲ့တာ ဖြစ်ပါတယ်။

## ကာကွယ်ဆေးမထိုးရသေးပါက ပေကျင်း အိုလံပစ်ပြိုင်ပွဲမဝင်မီ ၂၁ ရက်ကြာ သီးသန့်ခွဲထား စောင့်ကြည့်မှုခံယူရမည်

တရုတ်နိုင်ငံ ပေကျင်းမြို့မှာ ကျင်းပသွားမယ့် ၂၀၂၂ ခုနှစ် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲနဲ့ မသန်စွမ်းအားကစားပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်မယ့် အားကစားသမားတွေဟာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးမထိုးနှံရသေးဘူးဆိုရင် ပေကျင်းမြို့ကို ရောက်ရှိလာချိန်မှာ ၂၁ ရက်ကြာ သီးသန့်ခွဲထား စောင့်ကြည့်မှုခံယူရမှာ ဖြစ်ပါတယ်။

ပေကျင်းမြို့မှာ ကျင်းပမယ့် ဆောင်းရာသီအိုလံပစ်ပြိုင်ကို လာမယ့်နှစ် ဖေဖော်ဝါရီလမှာ ကျင်းပမှာဖြစ်ပြီး မသန်စွမ်း အားကစားပြိုင်ပွဲကိုတော့ မတ်လအတွင်းမှာ ကျင်းပသွားဖို့ရှိနေတာ ဖြစ်ပါတယ်။ ပြိုင်ပွဲစီစဉ်သူတွေအနေနဲ့ ပွဲကြည့်ရှုခွင့်လက်မှတ်တွေကိုလည်း တရုတ်ပြည်မကြီးမှာ နေထိုင်တဲ့ ပရိသတ်တွေကိုပဲ ရောင်းချသွားဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

ဒါ့ပြင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးပြီးတဲ့ အားကစားသမားတွေကိုသာ လေ့ကျင့်ရေးဆင်းခြင်းနဲ့ ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်ခွင့်အတွက် အားကစားပြိုင်ပွဲနဲ့ ဆက်စပ်ပတ်သက်တဲ့ နေရာအသီးသီးကို သွားလာခွင့်ပြုသွားမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

## ချန်ပီယံလိဂ်ပွဲစဉ် အများဆုံးကစားခွင့်ရရှိခဲ့သူဖြစ်လာတဲ့ တိုက်စစ်မှူး စီရိုနယ်လ်ဒို



မန်ယူအသင်းတိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ မန်ယူအသင်းနဲ့ ဗီလာရီးယဲလ်အသင်းတို့ စက်တင်ဘာ ၂၉ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ် မှာ ပါဝင်ပွဲထွက်ကစားခွင့်ရရှိခဲ့တာမို့ ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက်မှာ ပွဲစဉ်စုစုပေါင်း ၁၇၈ ပွဲ ပါဝင်ကစားခွင့်ရရှိခဲ့တာကြောင့် ချန်ပီယံလိဂ်ပွဲစဉ် အများဆုံး ပါဝင်ကစားခွင့်ရရှိခဲ့တဲ့ ကစားသမား ဖြစ်လာခဲ့ပါတယ်။

လက်ရှိမှာ ချန်ပီယံလိဂ်ပြိုင်ပွဲ ပါဝင်ကစားခွင့်ရရှိခဲ့တဲ့ ကစားသမားတွေထဲမှာ တိုက်စစ်မှူး စီရိုနယ်လ်ဒိုက ပွဲစဉ်စုစုပေါင်း ၁၇၈ ပွဲနဲ့ ပွဲစဉ်အများဆုံး ပါဝင်ကစားခွင့်ရရှိထားပြီး ဂိုးသမား ကာဆီးလက်စ်က ချန်ပီယံလိဂ်ပွဲစဉ် စုစုပေါင်း ၁၇၇ ပွဲနဲ့ ပွဲစဉ်ဒုတိယအများဆုံး ပါဝင်ကစားခွင့်ရရှိထားတာ ဖြစ်ပါတယ်။

အဲဒီနောက်မှာတော့ တိုက်စစ်မှူးမက်ဆီက ၁၅၁ ပွဲ၊ ကွင်းလယ်ကစားသမား ဇာဗီကလည်း ၁၅၁ ပွဲ ပါဝင်ကစားထားတာဖြစ်ပါတယ်။ ဒါ့ပြင် တိုက်စစ်မှူး ရာအူးလ်ကလည်း ချန်ပီယံလိဂ်ပွဲစဉ် ၁၄၂ ပွဲအထိ ပါဝင်ကစားပေးထားကာ ချန်ပီယံလိဂ်ပြိုင်ပွဲတွေမှာ ပွဲစဉ်အများဆုံးပါဝင်ကစားခွင့်ရရှိထားတဲ့ ကစားသမားစာရင်းမှာ အသီးသီးရပ်တည်နေတာ ဖြစ်ပါတယ်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ချန်ပီယံလိဂ်ပွဲစဉ် ၁၇၈ ပွဲမြောက်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ မန်ယူအသင်းနဲ့ ဗီလာရီးယဲလ်အသင်းတို့ပွဲစဉ်မှာ သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြည့်ပြီးနောက် နာကျင်အချိန်ပိုလေးမိနစ်မှာ မန်ယူအသင်းနဲ့အတူ သွင်းဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

အဲဒီသွင်းဂိုးကြောင့် မန်ယူအသင်းဟာ ဗီလာ ရီးယဲလ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး လက်ရှိချန်ပီယံလိဂ်အုပ်စုအဆင့်မှာ နှစ်ပွဲကစားပြီးနောက် ရမှတ်သုံးမှတ်နဲ့ အုပ်စုအဆင့် တတိယနေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

## ဆန်ဒီယေဂိုအိုးပင်းပြိုင်ပွဲရဲ့ ပထမပွဲစဉ်မှာ နိုင်ပွဲနဲ့အတူ အဖွင့်လှခဲ့တဲ့ အန်ဒီမာရေး

ဗြိတိန်တင်းနစ်အကျော်အမော် အန်ဒီမာရေးဟာ ဆန်ဒီယေဂိုအိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ ပထမပွဲစဉ်မှာ နိုင်ပွဲနဲ့အတူ အဖွင့်လှခဲ့ပါတယ်။ အန်ဒီမာရေးဟာ ဆန်ဒီယေဂိုအိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ ပထမပွဲစဉ်မှာ အမေရိကန်တင်းနစ်ကစားသမား ဒန်းနစ်ကူဒလာနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတာဖြစ်ပြီး အန်ဒီမာရေးက ၆-၃၊ ၆-၂ နဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

အသက် ၃၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမားဟောင်း အန်ဒီမာရေးဟာ ဆန်ဒီယေဂိုအိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ ဒုတိယပွဲစဉ်မှာ ကမ္ဘာ့အဆင့်သတ်မှတ်ချက် ၁၀ နေရာမှာရပ်တည်နေတဲ့ နော်ဝေတင်းနစ်ကစားသမား ကတ်စပါရုဒ်နဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

ဗြိတိန်နိုင်ငံရဲ့ ပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမား အန်ဒီမာရေးဟာ လက်ရှိမှာ အမျိုးသားတင်းနစ်လောကရဲ့ ကမ္ဘာ့အဆင့်သတ်မှတ်ချက် ၁၀၉ နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

**ငွေကြယ် – ရေးသားသည်**

ကြော်ငြာ

**တန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၆(မြယာမုံ)၊ မြေကွက်အမှတ်-၂၁၄ မြေကွက်တည်နေရာအမှတ်(၂၁၄)၊ (၂၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဦးဝင်းကို (၁၂/ဒဂတ(နိုင်)၀၀၈၃၇၁) အမည်ပေါက်-ပါမစ်မြေအား ပါမစ်မြေအမည်ပေါက်-ဦးဝင်းကို (၁၂/ဒဂတ(နိုင်)၀၀၈၃၇၁) ထံမှ အရောင်းစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးအောင်ကျော်လွင် (၁၂/ကတတ(နိုင်)၀၀၀၁၂၅) မှ မိသားစုဝါတ်ပုံ ဆောက်လုပ် နေထိုင်ခွင့် လက်မှတ်သာတင်ပြ၍ (ဇာတိမိရာဆောက်လုပ်ခွင့်နှင့် မှီခိုသူများစာရင်း ပါဝင်ခြင်းမရှိပါ) ပါမစ်မူရင်းဖြင့် ရန်သစ်ပျောက်ဆုံးခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၂)ထပ် RC အဆောက်အဦး(၁)လုံးရှိပြီး ပျောက်ဆုံးသူကိုယ်တိုင်နေထိုင်ကြောင်းတင်ပြ၍ ရန်သစ် (ပါမစ်မူရင်း)ပျောက်ဆုံးသွားရာ တရားဝင်နိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါ ကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်(မြောက်)ရပ်ကွက်၊ ငုဝါလမ်း၊(၈-လွှာဘီ)၊ (ညာဘက်)ခြေရင်းခန်း၊ အမှတ်(၂၁၆)၊ ပေ (၁၅x၆၀)ရှိ တိုက်ခန်းအား တရားဝင်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဌေးဌေးဘော်[၁၃/တကန(နိုင်)၀၄၀၂၉၀]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံ သောစာရွက်စာတမ်းမူရင်းများနှင့်အတူ ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**


**ဦးကျော်ဇေယျာထွန်း(LL.B)** စဉ်-၄၇၇၀၆ | **ဦးမိုးဆက်(LL.B)** စဉ်-၂၉၄၂၆

**အထက်တန်းရှေ့နေများ**

**အမှတ်(၁)၊ Shop House အိမ်ရာ၊ (၉၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- 09-43092710, 09-798002443, 09-420044032**

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် ဟရိစယာရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးတော်မြင်ကုန်ကျစရိတ်များတွင် အလှူရှင်များ ပါဝင်လှူဒါန်းနိုင်ပါကြောင်း







[illegible]



[illegible]

၁။ [illegible]

၂။ [illegible]

[illegible]

၃။ [illegible]

(က) [illegible]

(ခ) [illegible]

ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း၊ ဓမ္မာရုံ၊ နတ်လမ်း၊ တံတား၊ ရေတွင်း၊ ရေကန် အလှူရှင် ဒါယိကာမကြီး

## ဒေါ်ခင်စိန်

**အသက်(၁၀၃)နှစ်**

ရန်ကုန်မြို့နေ [ဦးစိန် (တိုင်းပညာဝန်-ငြိမ်း)]၏ ဇနီး၊ ဦးဝင်းမော်-ဒေါ်ခင်ခင်လေး (Forever Group)တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ ဒေါက်တာဟိန်းထက်အေး-မြေး ဒေါက်တာခင်လင်းမော်တို့၏ ချစ်လှစွာသောအဘွား ဒေါ်ခင်စိန်သည် ၂၈-၉-၂၀၂၂ (အင်္ဂါနေ့) ည ၈နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၃၀-၉-၂၀၂၂ ရက် နံနက် ၉နာရီတွင်ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးဉာဏ်လင်း

**လ/ထ အထွေထွေမန်နေဂျာ (ငြိမ်း)**
**မြန်မာ့သစ်လုပ်ငန်း**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ တိုက်(၁၅)၊ အခန်း(၁၀၂)၊ အောင်သပြေလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါက်တာမြင့်မြင့်နွယ် (ကမာရွတ်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး-ငြိမ်း)၏ ခင်ပွန်း၊ သုံးဆယ်မြို့နေ (ဦးကြင်ဗုက်-ဒေါ်ချော)တို့၏ သားကြီး၊ (ဦးတောဝါ-ဒေါ်ကြင်မြ)တို့၏ သားသမက်၊ ဦးသီဟကျော်လင်း-ဒေါ်ပြည့်ပြည့်၊ ဦးသန်းနိုင်ထွန်း-ဒေါ်ထက်ထက်လင်း၊ ဦးဖြိုးကျော်စွာလင်း-မသဲဆုမွန်တို့၏ ကျေးဇူးရှင်ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၃၀-၉-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၄ နာရီတွင် ငြိမ်းအေးစွာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ၂-၁၀-၂၀၂၂ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးဉာဏ်လင်း

**လ/ထ အထွေထွေမန်နေဂျာ (ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း**

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ တိုက်အမှတ်(၁၅)၊ အခန်း(၁၀၂)၊ အောင်သပြေလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါက်တာဒေါ်မြင့်မြင့်နွယ်(ကမာရွတ်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး)၏ခင်ပွန်း ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး ဦးဉာဏ်လင်း (လ/ထ အထွေထွေမန်နေဂျာ-ငြိမ်း)သည် ၃၀-၉-၂၀၂၂ (ကြာသပတေးနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။

**Smart Family Co.,Ltd**
**မိသားစု**
**ဦးသန်းနိုင်ထွန်း-မထက်ထက်လင်း**
**(သား) ပိုင်စိုးနိုင်ထွန်း၊ စိုးမိုးနိုင်ထွန်း**
**မသန်းသန်းနွယ်၊ မချိုချိုနွယ်**
**(မပို့-မချို ရောင်းဝယ်ရေး)**

## ကွယ်လွန်သူများအတွက် ဝမ်းနည်းကြောင်းကြေညာခြင်း

ငပုတောမြို့နယ်အသင်း (ရန်ကုန်)မှ ဒုတိယဥက္ကဋ္ဌ(၂) ဦးအေးတင် (၇၆) နှစ်သည် ၂၆-၇-၂၀၂၂ ရက်တွင်လည်းကောင်း၊ အတွင်းရေးမှူး ဦးစိုးမြင့်အောင် (၇၀)နှစ်သည် ၁-၈-၂၀၂၂ ရက်တွင်လည်းကောင်း၊ ရုံးအဖွဲ့မှူးဖြစ်သူ ဦးတင်လတ်မြင့် (၆၈)နှစ်သည် ၂၃-၇-၂၀၂၂ ရက်တွင်လည်းကောင်း ကွယ်လွန်သွားကြပါသည်။ မမျှော်လင့်ဘဲ ကွယ်လွန်ကြသူများအတွက် မိသားစုများနှင့်ထပ်တူ နှမြောတသ အထူးဝမ်းနည်းရပါကြောင်းနှင့် အဆင်ပြေသည့်နေ့ရက်တွင် အရေးပေါ်အမှုဆောင်အစည်းအဝေး ခေါ်ယူမည်ဖြစ်ပါကြောင်း မြို့နယ်အသင်းသားအားလုံးသို့ အသိပေး အကြောင်းကြားအပ်ပါသည်။

**ဥက္ကဋ္ဌ သူရ ဦးမောင်နီနှင့်**
**အသင်းအမှုဆောင်အဖွဲ့**

# သင့်သွေး ဖြင့် အသက် ကယ်ပါ

# နေရောင်အောက်က သက်ရှိတွေကိုစောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်တင့်

**အသက် (၈၅)နှစ်**

ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်-ဒေါ်မိုးစန္ဒာဝင်းတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်တင့်သည် ၃၀-၉-၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထဲရေးဝန်ကြီးဌာန**
**ဝန်ထမ်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်တင့်

**အသက် (၈၅)နှစ်**

ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်-ဒေါ်မိုးစန္ဒာဝင်းတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်တင့်သည် ၃၀-၉-၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်စောဝင်း

**အထက်တန်းပြဆရာမ(ငြိမ်း)**
**အ.ထ.က(၁) လသာ၊ အ.ထ.က(၆) (ဗိုလ်တထောင်)**

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့နေ ဦးအောင်ဇော်မြင့် (Kajima Co., Ltd)-ဒေါ်ကြည်ကြည်စိန်၊ ဦးတင်မောင်သက်-ဒေါ်ခိုင်ရွှေဝါ(မြန်မာနိုင်ငံတော်ဗဟိုဘဏ်)၊ ဒေါ်အေးကြည်သာ(နယ်စပ်ရေးရာဝန်ကြီးဌာန)၊ ဒေါ် မိုးသီတာ(မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန)တို့၏ ချစ်လှစွာသောအမေကြီး၊ မဇင်မေဇော်၊ မောင်ဘုန်းဇော်ဖေတို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၂၉-၉-၂၀၂၂(ဗုဒ္ဓဟူးနေ့) နံနက် ၄:၃၀ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဦးစိန်မောင်

**အသက် (၈၉)နှစ်**

သူငယ်ချင်း ဗိုလ်မှူးစိန်လှိုင်(ငြိမ်း)-ဒေါ်အယ်လ်ဂျာဘောက်တို့၏ ဖခင် ဦးစိန်မောင်သည် ၂၈-၉-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း**
**အပတ်စဉ်(၂၃)၊ သူငယ်ချင်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်တင့်

**အသက်(၈၅)နှစ်**

ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်နှင့်ဇနီး ဒေါ်မိုးစန္ဒာဝင်းတို့၏ ချစ်လှစွာသောမွေးသမိခင် ဒေါ်ခင်တင့်သည် ၃၀-၉-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြင့်သန်း-ဒေါ်မိမိအုန်းမိသားစု**
**ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်တင့်

**အသက်(၈၅)နှစ်**

ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်နှင့်ဇနီး ဒေါ်မိုးစန္ဒာဝင်းတို့၏ ချစ်လှစွာသောမွေးသမိခင် ဒေါ်ခင်တင့်သည် ၃၀-၉-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဒေါက်တာ မန်းစိုးမြင့်

**ညွှန်ကြားရေးမှူး(ငြိမ်း)(ခေတ်ခွဲ)**
**(National Health Laboratory)**
**ကျန်းမာရေးဦးစီးဌာန**
**(ကတိုးကော့နှတ်)**

**အသက်(၉၃)နှစ်**

(ဦးဘအောင်-ဒေါ်စိန်အိ)တို့၏ သား၊ (ဒေါက်တာနိုင်ပန်းလှ-ဒေါ်သိန်းနွယ်)တို့၏ သားသမက်၊ ဒေါ်ခင်ခင်လှ၏ ခင်ပွန်း၊ ဦးမင်းကွန်ထော-ဒေါ်နှင်းဖြူပြာဟန်၊ ဒေါ်မေစိုးမွန်-ဦးလှိုင်မိုးမြင့်၊ ဦးမင်းလှထောတို့၏ ဖခင်၊ မဆုဝတီထော၊ မောင် Daniel မိုးမြင့်၊ မအိမိမိထောတို့၏အဘိုး ဒေါက်တာမန်းစိုးမြင့်သည် ၂၉-၉-၂၀၂၂ ရက် ည ၁၀:၅၅ နာရီတွင် အမှတ်(၆၁/A)၊ ဖမိုင်ခွဲ၊ ပြည်လမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၉-၂၀၂၂ ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်စောဝင်း

**အထက်တန်းပြဆရာမ(ငြိမ်း)**
**အ.ထ.က(၁) လသာ၊ အ.ထ.က(၆) (ဗိုလ်တထောင်)**

**အသက်(၈၁)နှစ်**

နွားထိုးကြီးမြို့နယ်နေ (ဦးချစ်ဖေ-ဒေါ်စောရင်)တို့၏ သမီး၊ ဦးဇော်မြင့်ဖေ-ဒေါက်တာဒေါ်မေခင်၊ ဒေါက်တာကြီးမြင့်-ဒေါ်ခင်စောလင်း၊ ဒေါက်တာတိုးလွင်-ဒေါက်တာမြင့်မြင့်ရည်တို့၏ ချစ်လှစွာသောအစ်မကြီး၊ ဦးဘစော(အခြေခံပညာဦးစီးဌာန၊ ပုဂံညောင်ဦးမြို့နယ်အသင်းဥက္ကဋ္ဌဟောင်း)၏ ချစ်လှစွာသောဇနီးသည် ၂၉-၉-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၄:၃၀နာရီတွင် ရန်ကုန်မြို့၊ ချမ်းမြေ့ဈေးလမ်း၊ အိုးအိမ်အရာရှိအိမ်ရာ၌ ၉၆ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မြညွန့်(မြန်အောင်)

**အထက်တန်းပြဆရာမ(ငြိမ်း)၊ T.T.C (ကမာရွတ်)**

**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ ဦးဝင်းကြွယ် (ညွှန်ကြားရေးမှူး-ငြိမ်း၊ နိုင်ငံတော်သမ္မတရုံး)၏ ဇနီး၊ ဗိုလ်ကြီးရဲအောင်-ဒေါ်ခင်ထက်ထက်သူ (အလယ်တန်းပြ၊ T.T.C ကမာရွတ်)၊ ဒေါက်တာနိုင်ဝင်းအောင်တို့၏ မိခင်၊ မောင်ကောင်းရဲထက်၏ အဘွား ဒေါ်မြညွန့်သည် ၂၈-၉-၂၀၂၂ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ လမ်း၊ တံတား၊ ဆေးရုံ၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

## ဒေါ်ချိုချိုစိန်မောင်(ခ)Sally Seinmg

**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ်(၁/ဂ)နေ [ဦးစိန်မောင်-ဒေါ်တင်အေး (စိန်မောင်ရုပ်ရှင်)]တို့၏ သမီးငယ်၊ ဦးသူရဇော်-ဒေါ်ငုဝါဒွေး၊ ဦးသီဟဇော်၊ ဒေါ်ခင်ချိုချိုဇော်တို့၏ မိခင်၊ မဆုမြင့်မိုရ်ဇော်၊ မောင်ကောင်းဒွေးဇော်တို့၏အဘွားသည် ၂၉-၉-၂၀၂၂ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂:၂၀ နာရီတွင် ဝိတိုရိယဆေးရုံ၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၁-၁၀-၂၀၂၂(သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁၀-၂၀၂၂(အင်္ဂါနေ့) နံနက် ၈ နာရီတွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန် အလှူရှင် ဒါယကာကြီး

## ဦးတင့်ဝေ

**အသက် (၅၉)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၃)၊ သုခုမလမ်း၊ ဆရာစံတောင်ပိုင်း၊ ဗဟန်းမြို့နယ်နေ (ဦးထွန်းကြွယ်-ဒေါ်သန်း)တို့၏သား၊ ဒေါ်ကြည်မြင့် (JAT-ငြိမ်း၊ အထက-၂ ဗဟန်း)၊ ဒေါ်နွဲ့၊ ဒေါ်ချိုနော်ဇာတို့၏မောင်၊ ဦးမြတ်နိုးဦး-ဒေါ်နီလာတင်၊ ကိုမှူးသီဟသူ(MRTV-4)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်ထက်အောင်ရှိုင်း၊ မောင်ဘုန်းမြတ်ကောင်းကင်တို့၏အဘိုး ဦးတင့်ဝေသည် ၂၉-၉-၂၀၂၂(ဗုဒ္ဓဟူးနေ့) ၁:၃၄နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၂၂(သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေတို့အား ညှိုးငယ်သောစိတ်ထားဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၉/ ၂၀၂၁ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်

## ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေရေးလုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ ရှင်းလင်းပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၉/၂၀၂၁ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၃၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၉/၂၀၂၁ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

**သတ်မှတ်အကွာအဝေးအတိုင်း နေရာချထား**

သတင်းစာရှင်းလင်းပွဲမစတင်မီ တက်ရောက်လာကြသူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် တာဝန်ရှိသူများက လိုအပ်သည့်ကျန်းမာရေးဆိုင်ရာများ ဆောင်ရွက်ပေးပြီး သတ်မှတ်အကွာအဝေးအတိုင်း နေရာချထားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၅)နှစ်ပြည့် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မာစေရေးလုပ်ငန်းစဉ်နှင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ☆




## မြန်မာ့မီးရထားက ခရီးသွားလာမှုအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေး လူစီးရထားနှင့် ကုန်ရထားများ ပြေးဆွဲလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၃၀**

မြန်မာ့မီးရထားက ပြည်သူများခရီးသွားလာမှု လွယ်ကူအဆင်ပြေစေရေးနှင့် ကုန်စည်များ ပို့ဆောင်နိုင်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားများ ပြေးဆွဲပေးခြင်းကို ကျန်းမာရေးဝန်ကြီးဌာန၏ Standard Operating Procedure (SOP) လမ်းညွှန်ချက်နှင့်အညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✳

## သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီ ဖြန့်ဖြူးရောင်းချမှု ဆက်လက်ဆောင်ရွက်

### ရန်ကုန်မြို့အတွင်း ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိပြီး ကျန်တိုင်းဒေသကြီး/ပြည်နယ်များသို့လည်း ဆက်လက်ရောင်းချပေးသွားမည်

**နေပြည်တော် စက်တင်ဘာ ၃၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် စားသုံးသူပြည်သူများ သက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန်ရည်ရွယ်၍ ဗဟိုဘဏ်မှရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းခဲ့သည့် စားအုန်းဆီများကို စက်တင်ဘာ ၂၀ ရက်မှ စတင်ရောင်းချလျက်ရှိရာ **စာမျက်နှာ ၁၇ ကော်လံ ၁ သို့** ■

ချစ်ခြင်းဖြင့်သာ ရှုမြင်ပါ စာ » ၁၆

ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄၆၈ ဦး တွေ့ရှိ၊ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း ၄၆၄၀၇၆ ဦးရှိ စာ » ၁၈

နိုင်ငံရေးသမားဘဝကို ထုဆစ်ပုံဖော်ဖို့ လက်ဝှေ့သမားဘဝကနေ အနားယူလိုက်ပြီဖြစ်တဲ့ ဖိလစ်ပိုင်လက်ဝှေ့ကျော် ပက်ကွီယို စာ » ၂၁